# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ နယုန်လဆန်း (၇) ရက် ၊ ကြာသပတေးနေ့ ၊ (25-5-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၀၂၅)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ပေါက်တောမြို့နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ပေါက်တောမြို့နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

**စစ်တွေ မေ ၂၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့သည် ယနေ့နံနက်ပိုင်းတွင် ပေါက်တောမြို့နယ်သို့ ရောက်ရှိပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ပေါက်တောမြို့နယ်ပြန်လည်ထူထောင်ရေးရှေ့လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲတွင် ပေါက်တောမြို့နယ် ပြန်လည်ထူထောင်ရေးတာဝန်ခံ ဗိုလ်မှူးချုပ်ဆန်နီအုန်း၊ ဌာနဆိုင်ရာများနှင့် မြို့မိမြို့ဖများက မိုခါမုန်တိုင်းဒဏ်ခံခဲ့ရသည့်ပေါက်တောမြို့နယ်ကို လူမှုရေး၊စီးပွားရေး၊ ပညာရေး၊

စာမျက်နှာ ၁၆ ကော်လံ ၁ ☞

**ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ**

စာမျက်နှာ - ၁၀

**သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ**

စာမျက်နှာ - ၁၉

**မန္တလေးတိုင်းဒေသကြီး မြို့နယ် ၂၃ မြို့နယ်ရှိ တောင်သူများကို လယ်ယာသုံးစက်ကိရိယာများဝယ်ယူရန် ငွေကျပ် သန်း ၁၅၀၀ ထုတ်ချေးမည်**

စာမျက်နှာ - ၂


ASEAN TOURISM AWARDS(2022)၏ ASEAN MICE Venue Standardတွင် Exhibition Venue Awardရရှိခဲ့သော

မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင်

ရတနာပုံ ခန်းမ



(၇၈)လမ်းနှင့် (၃၈)လမ်းထောင့်၊မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့

ဖုန်း-၀၂-၄၀၃၀၄၃၈၊ ၀၂-၄၀၃၀၄၃၉၊ ၀၉-၆၆၇၈၉၉၉၉၁၊ ၀၉-၆၆၇၈၉၉၉၉၂

ရရှိနိုင်သောဝန်ဆောင်မှုများ

ဖိုရမ်များ၊ဆွေးနွေးပွဲများ၊အလုပ်ရုံဆွေးနွေးပွဲများ၊အစည်းအဝေးများ၊

ရှင်ပြုရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊မင်္ဂလာဆောင်ပွဲများ၊မွေးနေ့ပွဲများ၊

အထိမ်းအမှတ်ညစာစားပွဲများ၊ ဈေးရောင်းပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲများ၊

နိုင်ငံတကာကုန်စည်ပြပွဲများ၊ အငြိမ့်ပွဲ၊ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊

အလှဓာတ်ပုံရိုက်ကူးခြင်းများ အတွက် ခန်းမများ ငှားရမ်းခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။



ရတနာပုံ
၂၀၁၉ ခုနှစ် မေ ၂၅ ရက်
အယ်ဒီတာ့အာဘော်

# နွေကာလနှင့် ရေကျောက်ရောဂါ

မြန်မာနိုင်ငံတွင် ရေကျောက်ရောဂါကို နွေကာလ၌ဖြစ်ပွားတတ်ပြီး ကလေးများတွင် အဖြစ်များလေ့ရှိသည်ကို တွေ့ရသည်။ ကူးစက်တတ်သော ရောဂါတစ်မျိုးဖြစ်ပြီး ကလေးများသာမက ကိုယ်ခံအားနည်းသော သက်ကြီးရွယ်အိုများနှင့် ကိုယ်ဝန်ဆောင်မိခင်များတွင်လည်း ဖြစ်ပွားတတ်သည်။

ရေကျောက်ရောဂါသည် ဗရီဆယ်လား(Varicella-Zoster Virus-VZV) ဗိုင်းရပ်တစ်မျိုးကြောင့် ဖြစ်ပွားခြင်းဖြစ်သည်။ ဖြစ်ပွားသူစုစုပေါင်း၏ ၉၀ ရာခိုင်နှုန်းသည် အသက် လေးနှစ်မှ ၁၀ နှစ်ကြားဖြစ်ပွားတတ်ပြီး ၁၀ ရာခိုင်နှုန်းမှာ အသက် ၁၈ နှစ်အောက် လူငယ်လူရွယ်များတွင် ဖြစ်ပွားတတ်သည်။ ရေကျောက်ရောဂါသည် များသောအားဖြင့် အမျိုးသားများတွင် ပို၍အဖြစ်များပြီး ခြောက်လသားအရွယ် ကလေးသူငယ်များတွင်လည်း ဖြစ်ပွားတတ်သည်။

ရေကျောက်ရောဂါ၏ ထူးခြားသောလက္ခဏာမှာ ခန္ဓာကိုယ်အနှံ့ယားယံသော အရည်ကြည်အဖုအပိမ့်ထွက်လာခြင်းဖြစ်သည်။ ၎င်းအရည်ကြည်အဖုအပိမ့်များက ရင်ဘတ်၊ ကျောကုန်းနှင့် မျက်နှာတို့တွင် စတင်ဖြစ်ပေါ်ပြီး တစ်ပတ်အတွင်း ခန္ဓာကိုယ်အနှံ့ ပြန့်ပွားတတ်ပေသည်။ အရည်ကြည်ဖုများသည် အချိန်တန်လျှင် အလိုအလျောက်ခြောက်သွေ့ကွာကျသွားပြီး တစ်ပတ်ခန့်အကြာတွင် အမာရွတ်များပါ ပျောက်ကင်းသက်သာသွားတတ်သည်။

သို့သော် ရေကျောက်ရောဂါဖြစ်ပွားချိန် အခြားလက္ခဏာများမှာ ကိုယ်အပူကျဆေးသောက်သော်လည်း အဖျားမကျခြင်း၊ အရည်ကြည်ဖုများကြီးလာပြီး အရေပြားအောက်တွင် အဖုကြီးဖြစ်လာခြင်း၊ အစားအသောက်ပျက်ခြင်း၊ သတိမကောင်းခြင်း၊ အားနည်းနေခြင်း၊ လည်ချောင်းနာခြင်း၊ မကြာခဏအန်ခြင်း၊ အသက်ရှူကျပ်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ချောင်းဆိုးခြင်း၊ ဗိုက်နာခြင်း စသည်တို့ဖြစ်တတ်သည်။

ရေကျောက်ရောဂါသည် ကလေးများတွင် ရောဂါပျိုးစ(အရည်ကြည်ဖုမပေါ်ခင်)အချိန်တွင် ကူးစက်မှုအမြန်ဆုံးဖြစ်သည်။ ပျမ်းမျှအားဖြင့် အနီစက်များထွက်ပြီး ငါးရက်ခန့်အကြာတွင် နောက်တစ်ဦးကို ကူးစက်တတ်သည်။ ထိုသို့ ကူးစက်ရာတွင် လေထဲမှတစ်ဆင့် အဓိကကူးစက်နိုင်ပြီး ရောဂါရှိသူ၏ ချောင်းဆိုးခြင်း၊ နှာချေခြင်းကြောင့်လည်း အသက်ရှူလမ်းကြောင်းဆိုင်ရာမှ ကူးစက်တတ်သည်။

ထို့ပြင် ရောဂါရှိသူနှင့် ခန္ဓာကိုယ်ချင်း ထိတွေ့မှုကြောင့်လည်း ကူးစက်နိုင်သည်။ အထူးသတိပြုရန်မှာ အရည်ကြည်ဖုများကို ဗက်တီးရီးယားပိုးဝင်သွားပါက ပြည်တည်နာဖြစ်ပွားတတ်ပေသည်။ ရေကျောက်ပိုးရပ်ပိုးကြောင့် နောက်ဆက်တွဲရောဂါများအဖြစ် ဦးနှောက်ရောင်ခြင်း၊ အဆုတ်ရောင်ခြင်း၊ အအေးမိခြင်းဖြစ်စေနိုင်သည်။ ရေကျောက်ရောဂါသည် သာမန်အားဖြင့် အသက်အန္တရာယ်မရှိသော်လည်း ခုခံအားကျဆင်းနေသော ကလေးများ၊ ကျောက်ကပ်ရောင်ရောဂါရှိသော ကလေးများ၊ သွေးကင်ဆာရောဂါရှိသော ကလေးများတွင် ရေကျောက်အနာအဖုမှ ပြည်တည်နာဖြစ်ပွားပါက အသက်အန္တရာယ်ရှိနိုင်ပေသည်။

သို့ဖြစ်ရာ ရေကျောက်ရောဂါသည် ပူပြင်းခြောက်သွေ့သော နွေကာလတွင်ဖြစ်ပွားတတ်သည်။ ထို့ကြောင့် ရေကျောက်ရောဂါမဖြစ်စေရန် တစ်ကိုယ်ရေသန့်ရှင်းမှုကို အထူးအလေးထားဆောင်ရွက်ခြင်း၊ လက်ကိုစနစ်တကျဆေးကြောခြင်း၊ လူထူထပ်သောနေရာများသို့ သွားရောက်ခြင်းမှ ရှောင်ကြဉ်ခြင်း စသည်တို့ဖြင့် ကာကွယ်ကြရမည်ဖြစ်ပါကြောင်း အသိပေးရေးသားလိုက်ရပေသည်။

# မန္တလေးတိုင်းဒေသကြီး မြို့နယ် ၂၃ မြို့နယ်ရှိ တောင်သူများကို လယ်ယာသုံးစက်ကိရိယာများဝယ်ယူရန် ငွေကျပ် သန်း ၁၅၀၀ ထုတ်ချေးမည်



**မန္တလေး မေ ၂၄**

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် ၂၃ မြို့နယ်ရှိ တောင်သူများကို လယ်ယာသုံးစက်ကိရိယာများဝယ်ယူအသုံးပြုနိုင်ရန် ယခုဘဏ္ဍာနှစ်တွင် JICA (Two Step Loan)ချေးငွေကျပ် သန်း ၁၅၀၀ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ တိုင်းဒေသကြီးမန်နေဂျာ ဦးစိုးကိုကိုဝင်းက ပြောပြ၍ သိရသည်။

တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၃ မြို့နယ်ရှိ တောင်သူများကို လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ အသွင်ကူးပြောင်းလာနိုင်ရန်အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် JICA တို့ပူးပေါင်းပြီး တောင်သူများ၏ လုပ်ငန်းခွင်များ လျင်မြန်ချောမွေ့စွာ လုပ်ဆောင်နိုင်စေရန်အတွက် လယ်ယာသုံးစက်ကိရိယာများဖြစ်သော ထွန်စက်ကြီး၊ ထော်လာဂျီ၊ ရိတ်သိမ်းခြွေလှေ့စက်နှင့် အခြားလယ်ယာသုံးစက်ကိရိယာများကို တောင်သူများ ဝယ်ယူအသုံးပြုနိုင်ရန် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ တောင်သူတွေကို မိရိုးဖလာ အစဉ်အဆက်က လုပ်ကိုင်လာကြတဲ့ လက်မှုလယ်ယာစနစ်ကနေ စက်မှုလယ်ယာစနစ်ကို အသွင်ကူးပြောင်းလာနိုင်ဖို့အတွက် တစ်ဖက်တစ်လမ်းကနေ ကူညီပံ့ပိုးပေးနေပါတယ်။ ဒါမှလဲ တောင်သူတွေရဲ့ ဘဝဟာ ဖွံ့ဖြိုးတိုးတက်ပြီး အဆင့်အတန်းမြင့်မားလာမှာပါ။ အတိုးနှုန်းသက်သာစွာနဲ့ ချေးပေးနေတာပါ။ တောင်သူတစ်ယောက်ကို ငွေကျပ် သိန်း ၇၀၀ ထိခွင့်ပြုထားပါတယ်။ တောင်သူတွေအနေနဲ့ မိမိတို့ရဲ့လုပ်ငန်းခွင်မှာ အဆင်ပြေစွာ အသုံးပြုနိုင်မဲ့ လိုအပ်တဲ့စက်အမျိုးအစားကို ဝယ်ယူအသုံးပြုနိုင်အောင် ဆောင်ရွက်ပေးနေတာပါ" ဟု ဦးစိုးကိုကိုဝင်းက ပြောပြသည်။

လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူအသုံးပြုနိုင်သည့်အတွက် တောင်သူများအနေဖြင့် လယ်ယာလုပ်ငန်းခွင်များတွင် အချိန်တိုအတွင်း ဆောင်ရွက်နိုင်သည့်အပြင် စိုက်ချိန်ပျိုးချိန်လည်း အချိန်မီ စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လယ်ယာသုံးစက်ကိရိယာများအတွက် ချေးငွေထုတ်ချေးပေးမည့် မြို့နယ်များမှာ ချမ်းအေးသာစံ၊ အမရပူရ၊ မတ္တရာ၊ စဉ့်ကူး၊ သပိတ်ကျင်း၊ စဉ့်ကိုင်၊ တံတားဦး၊ သာစည်၊ မြင်းခြံ၊ နွားထိုးကြီး၊ ကျောက်ဆည်၊ မိတ္ထီလာ၊ ဝမ်းတွင်း၊ မြစ်သား၊ ညောင်ဦး၊ တောင်သာ၊ ပုသိမ်ကြီး၊ ရမည်းသင်း၊ ပျော်ဘွယ်၊ ကျောက်ပန်းတောင်း၊ ငါန်းဇွန်၊ ပြင်ဦးလွင်နှင့် မလှိုင်မြို့နယ်တို့ဖြစ်ကြောင်း သိရသည်။

(၁၈၅)

# ရောဝတီမြစ် မန္တလေး-တကောင်းရေလမ်းကြောင်းတစ်လျှောက်၌ ရေလမ်းညွှန်အမှတ်အသား အခုရေ ၁၀၀ စိုက်ထူပြီးစီး

**မန္တလေး မေ ၂၄**

မန္တလေး- တကောင်းရေလမ်းကြောင်းတစ်လျှောက် ယခုမေလအတွင်း ရေလမ်းညွှန်အမှတ်အသား အခုရေ ၁၀၀ စိုက်ထူပြီးစီးပြီဖြစ်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး ရေလမ်းညွှန်ဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြ၍ သိရသည်။

ရောဝတီမြစ် မန္တလေး-တကောင်း ရေလမ်းကြောင်းတစ်လျှောက် သင်္ဘောများသွားလာရာတွင် အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေးအတွက် မေ ၁၇ ရက်မှစ၍ ရေပေါ်ပြရေလမ်းညွှန်အမှတ်အသားအခုရေ ၁၀၀ နှင့် ကမ်းပေါ်ပြ ရေလမ်းညွှန်အမှတ်အသား အခုရေ ၁၀၀ စုစုပေါင်း ရေလမ်းညွှန်အမှတ်အသားအခုရေ ၂၀၀ စိုက်ထူပေးလျက်ရှိရာ ယခုလက်ရှိ ရေလမ်းညွှန်အမှတ်အသား အခုရေ ၁၀၀ စိုက်ထူပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"အခု မန္တလေး-တကောင်းရေလမ်းကြောင်းတစ်လျှောက်မှာ မေ ၁၇ ရက်ကနေစပြီး ရေလမ်းညွှန်အမှတ်အသားတွေ စိုက်ထူပေးနေရာ ဒီနေ့ထိ ရေပေါ်ပြရေလမ်းညွှန်အမှတ်အသား အခုရေ ၅၀ နဲ့ ကမ်းပေါ်ပြ ရေလမ်းညွှန်အမှတ်အသား အခုရေ ၅၀ စုစုပေါင်း ရေလမ်းညွှန်အမှတ်အသား အခုရေ ၁၀၀ စိုက်ထူပြသပေးပြီးပါပြီ။ ကျန်ရှိနေတဲ့ ရေပေါ်ပြ၊ ကမ်းပေါ်ပြရေလမ်းညွှန်အမှတ်အသားတွေကို မေလအတွင်း အပြီးစိုက်ထူသွားမှာဖြစ်ပါတယ်"ဟု ဦးရဲထွန်းလင်းအောင်က ပြောပြသည်။

ယခုလက်ရှိ ရောဝတီမြစ်ရေမှာ အနည်းငယ်ပြန်လည်မြင့်တက်လာခြင်းကြောင့် ၎င်းမြစ်အတွင်း မန္တလေး-တကောင်းရေလမ်းကြောင်းတစ်လျှောက် သွားလာကြမည့်ကုန်တင်သင်္ဘောများနှင့် ခရီးသည်တင်သင်္ဘောများ အဆင်ပြေစွာသွားလာနေသော်လည်း ရေပေါ်၊ကမ်းပေါ်တွင် စိုက်ထူပြသပေးထားသည့်ရေလမ်းညွှန် အမှတ်အသားများကို အထူးဂရုပြုသွားလာကြရန်လိုအပ်ကြောင်း သိရသည်။

(၁၈၄)

# မန္တလေးဈေးကွက်တွင် ပဲစင်းငုံ(ဖြူ)အရောင်းအဝယ်ကောင်းမွန်လာ၍ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၄၀၀၀၀ ထိ ပေါက်ဈေးရှိ

**မန္တလေး မေ ၂၄**

မန္တလေးဈေးကွက်တွင် ပဲစင်းငုံ(ဖြူ) အရောင်းအဝယ်ကောင်းမွန်လာ၍ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၄၀၀၀၀ ထိ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပြည်တွင်းမှထွက်ရှိသည့် ပဲစင်းငုံ(ဖြူ)များကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အဓိကတင်ပို့လျက်ရှိရာ ယခုလက်ရှိတွင် ၎င်းနိုင်ငံက ဝယ်ယူမှုများပြားလာပြီး ပြည်တွင်း၌လည်း အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင်း မန္တလေးဈေးကွက်အတွင်း ပဲစင်းငုံ(ဖြူ)များ ဈေးကောင်းရရှိလာကြောင်း သိရသည်။

"ပဲစင်းငုံ(ဖြူ)က အရင်က ပြည်ပဈေးကွက်ကော ပြည်တွင်းဈေးကွက်မှာပါ အရောင်းအဝယ်အေးနေခဲ့ပါတယ်။ အခုလက်ရှိကတော့ အရောင်းအဝယ်ကောင်းနေတာကြောင့် မန္တလေးဈေးကွက်အတွင်းမှာလဲ ဈေးကောင်းရရှိနေပါတယ်။ အခု ပဲစင်းငုံ(ဖြူ)ရောင်းချတဲ့ တောင်သူတွေများလာသလို ဝယ်ယူတဲ့ကုန်သည်တွေလဲ အဝယ်လိုက်လာတာကြောင့် မန္တလေးဈေးကွက်အတွင်းမှာ အရောင်းအဝယ်ကောင်းပြီး ဈေးကောင်းရရှိနေတာဖြစ်ပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း၌ ပဲစင်းငုံ(ဖြူ)ဈေးနှုန်းမှာ မေလဒုတိယပတ်က သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၃၀၀၀၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း မေ ၂၃ ရက်က ပဲစင်းငုံ(ဖြူ)ဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၄၀၀၀၀ ထိ ပေါက်ဈေးရှိလာပြီး ဈေးကောင်းရရှိလာကြောင်း သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# နမ္မတူမြို့နယ် မိုင်ဆင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ်ထုတ်ချေး

**နမ္မတူ မေ ၂၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နမ္မတူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မိုင်ဆင်းကျေးရွာ၊ နားနောင်ကျေးရွာနှင့် နမ့်ပါလေ ကျေးရွာတို့အတွက် မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ် ထုတ်ချေးခြင်းကို မေ ၂၃ ရက် နံနက်ပိုင်းက မိုင်ဆင်းကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နမ္မတူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းဆိုင်လိုင်းက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အခြားမိသားစု ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေ ထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်း ပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးစိုင်းဆိုင်လိုင်းက မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၂၉ သိန်းလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မိုင်ဆင်းကျေးရွာ၊ နားနောင်ကျေးရွာနှင့် နမ့်ပါလေကျေးရွာတို့ရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၂၉ သိန်း ထုတ်ချေးပေးခဲ့ကြောင်းသိရသည်။

**အောင်ရဲကျော်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိတာဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဦးသန်းလှိုင်-ဒေါ်သောင်းကြည် တော်ဝင်ဖိနပ်ဆိုင်မိသားစုက ဆွမ်း၊ ဆေးပဒေသာပင်အတွက် ငွေကျပ် ၄၀၀၀၀၀ လှူဒါန်းရာ တွဲဖက်အတွင်းရေးမှူး ဦးချွန်နှင့်အဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၁၁၀၈ ဧက စိုက်ပျိုးသွားမည်





**မြောင်းမြ မေ ၂၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင် သီးနှံ ၁၁၀၈ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၁၁၀၈ ဧကကို ယခုနှစ် ဇွန်လဒုတိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ စိုက်ပျိုးမည့်မိုးသီးနှံများအောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ သဘာဝဘေးနှင့်အခြား အကြောင်းများကြောင့် ပျက်စီးလေလွင့်မှုမရှိစေရန်တို့အတွက် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ခင်းများထိ ကွင်းဆင်းပြီး တောင်သူများနှင့် တွေ့ဆုံကာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"အခုနှစ် မိုးသီးနှံစိုက်တဲ့ ကာလမှာ စားဖိုဆောင်သီးနှံလျာထား ၁၁၀၈ ဧကထိ စိုက်ပျိုးသွားမှာပါ။ စိုက်ပျိုးမဲ့အသီးအနှံတွေ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့၊ စားဖိုဆောင်သီးနှံတွေ လျာထားချက်ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ဖို့၊ မျိုးကောင်းမျိုးသန့်တွေစိုက်ပျိုးနိုင်စေဖို့၊ ဈေးကွက်ဝင်သီးနှံတွေဖြစ်စေဖို့နဲ့ စိုက်ပျိုးရေးနည်းပညာတွေနဲ့ အခြားပံ့ပိုးမှုတွေကို စိုက်ပျိုးရေးဦးစီးဌာနက မိုးသီးနှံမစိုက်ခင် ဆောင်ရွက်ပေးနေတယ်။ စိုက်ပျိုးပြီးရင်လဲ ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ဈေးကွက်ဝင်တဲ့သီးနှံနဲ့ မျိုးကောင်းမျိုးသန့်တွေကို အများဆုံးစိုက်ပျိုးမှာပါ"ဟု မြောင်းမြခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စားဖိုဆောင်သီးနှံစိုက်ပျိုးရာတွင် ပန်းဂေါ်ဖီ၊ ကြက်သွန်နီ၊ နံနံပင်၊ မုန်လာ၊ တိုင်ထောင်ပဲ၊ ခရမ်း၊ ဘူး၊ သဘော်၊ ကန်စွန်း၊ ရုံးပတီ၊ ကြက်ဟင်းခါး၊ ပဲပုစွန်း၊ ဆလတ်ရွက်၊ ငရုတ်ကောင်း၊ ချဉ်ပေါင်ရွက် စသည့် သီးနှံများကို စိုက်ပျိုးမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**

# ပျဉ်းမနားခရိုင်၌ စီမံကိန်းလုပ်ငန်းများဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဆင်း

**နေပြည်တော် မေ ၂၄**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဝန်ထမ်းများ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေလွယ်ကူစေရန်နှင့် စွမ်းဆောင်ရည်မြင့်မားတိုးတက်စေရန် ရည်ရွယ်၍ စီမံကိန်းလုပ်ငန်းများဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဆင်းပွဲကို မေ ၂၃ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပျဉ်းမနားခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ငွေက သင်တန်းသား၊ သင်တန်းသူများ အနေဖြင့် သင်တန်းက သင်ကြားပို့ချပေးခဲ့သော စီမံကိန်းဆိုင်ရာ အကြောင်းအရာများကို လက်တွေ့အသုံးချပြီး မိမိတို့၏ စွမ်းဆောင်ရည်များ စဉ်ဆက်မပြတ်တိုးတက်အောင် လေ့လာသင်ယူကြရန် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူး ဦးအောင်ငွေနှင့် တာဝန်ရှိသူများက စီမံကိန်းလက်စွဲစာအုပ်များနှင့် သင်တန်းဆင်းလက်မှတ်များအား သင်တန်းသား၊ သင်တန်းသူများထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ စီမံကိန်းလုပ်ငန်းများ ဆိုင်ရာစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းသို့ ပျဉ်းမနားခရိုင်၊ ပျဉ်းမနားမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သင်တန်းသား၊ သင်တန်းသူ ၁၀ ဦးတက်ရောက်ကြပြီး သင်တန်းတွင် သင်တန်းနည်းပြများက မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)နှင့် ပတ်သက်သည့် သင်ခန်းစာများကို မေ ၁၉ ရက်မှ မေ ၂၃ ရက်ထိ ငါးရက်ကြာ စာတွေ့၊ လက်တွေ့ အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း ခရိုင်ဦးစီးမှူး ဦးအောင်ငွေထံမှ သိရသည်။

**မောင်ရိုင်**

# ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၄၃၇၇၈ ဧက စိုက်ပျိုးသွားမည်

**ရမည်းသင်း မေ ၂၄**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၄၃၇၇၈ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြသည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၄၃၇၇၈ ဧကကို ယခုနှစ် ဇွန်လ ပထမပတ်တွင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ဆီထွက်သီးနှံများ စိုက်ပျိုးခြင်းသည် ပြည်တွင်းစားသုံးသူများ ဆီဖူလုံမှုရှိစေရေးအတွက် အဓိကထားစိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။

"မန္တလေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးဦးစီးဌာနက ဆီထွက်သီးနှံတွေကို ပြည်တွင်းစားသုံးမှုဖူလုံစေရေးအတွက် ဘဏ္ဍာနှစ်အလိုက် တိုးချဲ့စိုက်ပျိုးဆောင်ရွက်နေပါတယ်။ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရမည်းသင်းမြို့နယ်မှာ ဆီထွက်သီးနှံ ၄၃၇၇၈ ဧကကို စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ ဆီထွက်သီးနှံစိုက်ပျိုးတာက ဒေသတွင်းမှာ ဆီဖူလုံမှုအတွက်ကို အဓိကထားစိုက်ပျိုးနေတာဖြစ်ပါတယ်။ ဆီထွက်သီးနှံတွေကို နှစ်စဉ်စိုက်ပျိုးပြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ စားသုံးဆီဖူလုံစေရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်တွေ၊ စိုက်ပျိုးရေးနည်းပညာတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာတွေ ဖြန့်ဖြူးပေးလျက်ရှိပါတယ်"ဟု ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြသည်။

ရမည်းသင်းမြို့နယ်တွင် ဆီထွက်သီးနှံလျာထားမှုအနေဖြင့် မြေပဲဧက ၁၇၅၀၀၊ နှမ်း ၁၆၅၅၀၊ နေကြာ ၉၇၂၈ ဧကတို့ဖြစ်ကြောင်း၊ ယခုနှစ် ဆီထွက်သီးနှံစိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ ရရှိစေရန်၊ သဘာဝမြေဩဇာများ ပြုလုပ်သုံးစွဲနိုင်ရန်၊ မိုးသီးနှံများအချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားမျိုးများ စိုက်ပျိုးကြရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၁၈၅)



# ပုဂံရာဇဝင်

## ဗိုလ်ရှိတ်(ရတနာပူရ)

"အာရှတိုက်အရှေ့တောင်ပိုင်းတွင်ရှိသော တိုင်းပြည်အသီးသီး၌ ရာဇဝင်အရာမှာ မြန်မာလူမျိုးတို့မှာ အပြည့်စုံဆုံးဖြစ်သည်သာမက ၎င်းတို့ရေးသားထားသော ရာဇဝင်များ၊ ၎င်းတို့ရှင်ဘုရင်များအကြောင်းနှင့် ပတ်သက်၍ ငဲ့ကွက်၊ ဖုံးကွယ်ခြင်းမရှိ၊ မကောင်းလျှင် မကောင်း၊ ကောင်းလျှင် ကောင်းသည်ဟု အတိအလင်း ရေးသားဖော်ပြထားကြခြင်းကြောင့် အားကိုးယုံကြည်နိုင်သောရာဇဝင်များဖြစ်သည်"

**ဒေါက်တာလေးခင်း**

**ဥရောပတိုက်သား ရာဇဝင်ဆရာ**

မြန်မာရာဇဝင်ကျမ်းများသည် နိုင်ငံခြားသား ပညာရှင်များကပင် အလေးထားချီးကျူးရသော ရာဇဝင်ကျမ်းများဖြစ်သည်။ မြန်မာတို့သည် ရာဇဝင်ရေးရာတွင် ဝါသနာကြီးသူများဖြစ်သည်။ မြန်မာသမိုင်းတစ်လျှောက်တွင် ပညာရှင်အသီးသီးတို့က ရေးသားခဲ့သော ရာဇဝင်ကျမ်းများစွာရှိသည်။ မြန်မာတို့သည် ရာဇဝင်ရေးရာတွင် ကိုယ့်လူမျိုးကိုယ့်ရာဇဝင်သာမက အခြားလူမျိုးခြားတို့၏ရာဇဝင်ကိုပါ ရေးကြသူများဖြစ်သည်။ လူမျိုးခြားရာဇဝင်များဖြစ်သည့် တရုတ်ရာဇဝင်၊ ယိုးဒယားရာဇဝင်၊ ဇင်းမယ်ရာဇဝင်၊ ပေါ်တူဂီရာဇဝင် စသည်ဖြင့် လူမျိုးခြားရာဇဝင်ကျမ်းများရှိပေသည်။ နောက်လူတို့အတွက် ရာဇဝင်ကျမ်းများကို အလေးထားပြုစုပေးခဲ့သော ရှေးခေတ်မြန်မာပညာရှင်ကြီးများသည် အထူးအလေးထားကျေးဇူးတင်ထိုက်လှသည်။

ရှေးကရေးသားခဲ့ကြသော ရာဇဝင်ကျမ်းများကို လေ့လာကြည့်ရာတွင် ခေတ်အဆက်ဆက်စိုးစံခဲ့သော မင်းများအကြောင်းကို ရှည်လျားစွာရေးသားထားသည့် ရာဇဝင်ကြီးများလည်းရှိသကဲ့သို့ လိုရင်းကိုသာချုပ်၍ ရေးသော ရာဇဝင်ချုပ်များလည်း တွေ့ရသည်။ ထိုရာဇဝင်ကျမ်းများအပြင် ဒေသတစ်ခုတည်းတွင် စိုးစံခဲ့သောမင်းများအကြောင်းကို ဖော်ပြသည့်ရာဇဝင်၊ ရှင်ဘုရင်တစ်ပါး၏အကြောင်းအရာအဖြစ်အပျက်တို့ကိုသာ ဖော်ပြသည့်ရာဇဝင်များလည်းရှိသည်။ မြန်မာတစ်နိုင်ငံလုံးတွင် စိုးစံခဲ့သောမင်းများအကြောင်းကို အစဉ်အတိုင်းဖော်ပြသည့် ရှည်လျားသောရာဇဝင်ကြီးများမှာ-

၁။ မဟာရာဇဝင်ကြီး-ဦးကုလား၊ ၂။ မဟာရာဇဝင်သစ်-ဦးထွန်းညို၊ ၃။ မှန်နန်းမဟာရာဇဝင်တော်ကြီး-သမိုင်းပြုစုရေးအဖွဲ့ဝင် ၁၃ ဦး၊ ၄။ မုံရွေးရာဇဝင်ကျော်-မုံရွေးဆရာတော်၊ ၅။ ရာဇဝံသဒီပကကျမ်း-စလင်းမင်းသားကြီး ဦးအိုနှင့် နန်းမတော်ဝန်ဦးရေးတို့ဖြစ်သည်။ ထိုရာဇဝင်ကြီးများသည် မြန်မာ့သမိုင်းတစ်လျှောက်ပေါ်ထွန်းခဲ့သည့်မင်းများအကြောင်းကို ဖော်ပြထားသော ရာဇဝင်များဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ပြည်ထောင်စုရာဇဝင်ကြီးများဟု ဆိုနိုင်သည်။

ထိုသို့ မြန်မာရာဇဝင်တစ်လျှောက်လုံးကို ဖော်ပြခြင်းမပြုဘဲ နေရာဒေသတစ်ခုတည်း၏ အကြောင်းအရာတစ်ခုတည်းကိုသာဖော်ပြသည့် ရာဇဝင်ကျမ်းများလည်းရှိသည်။ ရှင်ဉာဏသည်းခံကြီး၏ တောင်ငူရာဇဝင်သည် တောင်ငူမြို့တွင် စိုးစံခဲ့သောရှင်ဘုရင်တို့အကြောင်းသာ ရေးသားထားသည့် ရာဇဝင်တစ်စောင်ဖြစ်သည်။

မြန်မာ့သမိုင်းတစ်လျှောက်တွင် ရာဇဝင်ကျမ်းများစွာ ပေါ်ထွန်းခဲ့သည်။ မြန်မာ့သမိုင်းတစ်လျှောက်ပေါ်ထွန်းခဲ့သော ရာဇဝင်ကျမ်းများတွင် ပုဂံခေတ်တစ်ခေတ်တည်းကိုသာ ရေးသားဖော်ပြခဲ့သည့် ရာဇဝင်ကျမ်းများလည်းရှိသည်။ ယခုအချိန်ထိ ပုဂံရာဇဝင်အမည်ဖြင့် ကျမ်းပေါင်း ငါးကျမ်းတွေ့ရသည်။ ထိုငါးကျမ်းမှာ- ၁။ ပေါက္ကံရာဇဝင် ပုဂံမြို့ငှက်ပစ်တောင် ရှင်ဂေါဓာဝရ၊ ၂။ ပေါက္ကံရာဇဝင်ပါဠိ ရှင်ဝဇီရဗုဒ္ဓိ၊ ၃။ ပုဂံရာဇဝင် ရှင်ဝုဏ္ဏသာဗိသိရိလင်္ကာ၊ ၄။ ပုဂံရာဇဝင် ပုဏ္ဏား ဖြဟ္မဏ၊ ၅။ ပုဂံရာဇဝင်ချုပ် အမည်မသိဆရာ ဟူ၍ဖြစ်သည်။

ထိုပုဂံရာဇဝင်ငါးကျမ်းတွင် ပါဠိဘာသာဖြင့်စီရင်ထားသော ပေါက္ကံရာဇဝင်ပါဠိတစ်ကျမ်းတည်းသာ ယခုအခါ ရှာဖွေတွေ့ရှိထားသည်။ ပေါက္ကံရာဇဝင်ပါဠိလက်ရေးမူသည် အမျိုးသားစာကြည့်တိုက်၌တည်ရှိပြီး စာမျက်နှာ ၁၁၃ မျက်နှာရှိသည်။ အမျိုးသားစာကြည့်တိုက်၌ရှိသော ပေါက္ကံရာဇဝင်ပါဠိမှာ ပုံနှိပ်မှုဖြင့်မရှိသေးပေ။ ကျန်ပုဂံရာဇဝင်လေးစောင်မှာ ပုံနှိပ်မှုရှိဖို့ နေနေသာသာ စာမူပင်ရှာမတွေ့သေးပေ။ ပုဂံရာဇဝင်အတွက် ဝမ်းနည်းဖွယ်ကောင်းသော တိမ်မြုပ်နေမှုပင် ဖြစ်သည်။

**ပုဂံရာဇဝင်ပေမူတွေ့ရှိ**

ကျွန်တော်သည် "ရှေးဟောင်းစာပေတို့အမွေ တစ်လုံးတစ်ပါဒမပျောက်စေရ"ဟူသောဆောင်ပုဒ်ကို ကိုင်စွဲကာ ရှေးဟောင်းပေစာ၊ ပုရပိုက်စာများကို အားတက်သရောရှာဖွေနေသူတစ်ဦးဖြစ်သည်။ တန်ဖိုးရှိလှသော မြန်မာစာပေများ မပျောက်ပျက်ရေးအတွက် ရှာဖွေနေခြင်းဖြစ်သည်။ ထိုသို့ရှာဖွေရင်း တစ်နေ့တွင် ညောင်ဦးမြို့နယ်ဘက်မှ ပုဂံရာဇဝင်ပေမူတစ်စောင်ရရှိခဲ့သည်။ အလွန်ရှားပါးလှသော ပေမူဖြစ်ခြင်းကြောင့် အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်မိသည်။

ပုဂံရာဇဝင်ပေမူသည် ၁၀ ကြောင်းရေး မျဉ်းနီပေဖြစ်သည်။ က အစ ဏ အဆုံး ၁၄ အင်္ဂါနှင့် ခြောက်ချပ်ရှိသည်။ ပေမှာ လက်ရေးလက်သားကောင်းမွန်သလို အကျိုးအပဲ့ အပြစ်အနာအဆာလည်းမပါပေ။ ပုဂံရာဇဝင်ရေးသားပြုစုပြီးသောနှစ်ကို ကျမ်းပြုဆရာက ကျမ်းပြီးနိဂုံးတွင် "ရာဇဝံသကထာ၊ သညာပညတ်၊ သမိုက်မှတ်သည်၊ ကျမ်းမြတ်ကြက်သရေ၊ မြန်တိုင်းမြေ၌၊ လေကြေလေညာ၊ ယူဇနာဟု၊ တရာတိုင်အောင်၊ ရန်နိုဆောင်သား၊ ရွှေတောင်ဂန္ဓာ၊ မြကူဟာတွင်၊ သူဇာသမ္မာ၊ ပျိုးယုယသည်၊ သကမဥ္ဇူ ပန်းအတူလျှင်၊ နတ်လူနှစ်လို့၊ ရှိစေဘို့ကို၊ အောင်မြို့မင်္ဂလာ၊ ပြီးသည်မှာကား၊ သက္ကရာဇ်၊ ဘဟဿနှင့်၊ သတသချာ၊ နဝါပဉ္စ၊ ကောဇာကြတွင်၊ ဝသဉတု၊ တောတောင်နု၍၊ ရှုဘွယ်သာလှ၊ ပစ္စန္တတို့၊ ရွှန်းကြမိုးစည်၊ ဆော်နှိုးသည်ကြောင့်၊ ဤမည်လောကဇာတ်၊ ကောင်းကင်လတ်မှ၊ တိမ်ထပ်တိမ်တောင်၊ ညိုမှောင့်နီရင့်၊ လျှပ်ပန်းဆင့်နှင့်၊ သံရင့်ဇကျူ ကြားနာသူတို့၊ သည်အူဆွတ်ကြွေ၊ ရှိလေစေဟု၊ ထွေထွေဆန်းပြား၊ မိုးနတ်သားလျှင်၊ ပျော်ပါးမျူးစုံ၊ မာသတုံလည်၊ နယုံဝေါဟာ၊ စန္ဒရာလဉ်၊ ဆန်းသာထွန်း၍၊ ဝန်းသည်နေ့မှ၊ စေ့စေ့မှံစွာ၊ အသ်ာသမုတ်၊ ဆုတ်ခဲ့ဆက်ဆက်၊ ဆယ့်နှစ်ရက်တွင်၊ နေစက်ရဲရဲ၊ တက်ဆဲသစ်သစ်၊ နှစ်သည်ဆယ်လီ၊ ခွက်နရီ၌၊ လျှော်ချီဖဟို၊ တမောင်းပိုက၊ အလိုပြည့်ပြည့်၊ ပြီးကုံ၏ရှင့်၊ အောင်သည်ရက်မြတ်၊ တံဆိပ်ခပ်သည်၊ ပွင့်ချပ်ကြာနှယ် လန်-လန်တည်း"ဟူ၍ ရေးဖွဲ့ထားသည်။ ထို့ကြောင့် ပုဂံရာဇဝင်ရေးသားပြုစုပြီးသောနှစ်မှာ ၁၁၉၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်နေ့(၁၈၃၃ ခုနှစ်၊ ဇွန်လ ၁၄ ရက်)ဖြစ်ကြောင်း သိရပေသည်။

ပေကူးနှစ်ကိုလည်း"သက္ကရာဇ် ၁၂၆၃ ခု တပေါင်းလွှန်း ၃ ရက်၊ အင်္ဂါနေ့၊ ၃ နာရီခွဲ(သုံးနာရီခွဲ)အချိန်တွင် ပုဂံရာဇဝင်ကို ရေးကူး၍ပြီးအောင်မြင်သည်"ဟူ၍ ရေးထားသောကြောင့် ၁၂၆၃ ခု တပေါင်းလဆန်း ၃ ရက်၊ အင်္ဂါနေ့ (၁၉၀၂ ခုနှစ်၊ မတ်လ ၁၁ ရက်) တွင် ရေးကူး၍ပြီးသောပေဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် ဤပေသည် ကျမ်းရေးသားပြုစုပြီး ၆၈ နှစ်ကြာမှ ရေးကူးပြီးခဲ့သောပေဖြစ်ကြောင်း သိရသည်။

**ကျမ်းပြုရခြင်းရည်ရွယ်ချက်**

ပုဂံရာဇဝင်ကို မည်သူရေးသားပြုစုခဲ့မှန်းမသိရပေ။ ကျမ်းအတွင်း၌လည်း ကျမ်းပြုသူအမည်ကို ပြဆိုထားခြင်းမရှိသောကြောင့် ကျမ်းပြုသူကို သိဖို့ရန်မလွယ်ကူပေ။ ကျမ်းပြုဆရာသည် ပုဂံရာဇဝင်ရေးသားပြုစုရခြင်း၏ ရည်ရွယ်ချက်ကို ကျမ်းဦးနိဒါန်း၌အောက်ပါအတိုင်း ဝန်ခံကတိပြုရေးသားထားသည်ကို တွေ့ရသည်။

"အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်၊ လောကဝတ်၊ ဓမ္မဝတ်၊ ရာဇဝတ် စသောအခွင့်ရေးရာ၊ အဖြာဖြာတို့၌ လိမ္မာသိမြင်၊ ဆင်ချင်ထောက်မျှော်၊ တွေးခေါ်နှိုင်းရှည်၊ သိစွမ်းနိုင်သော၊ နိဗ္ဗေဒိကပညာ၊ ဂမ္ဘီရပညာ၊ ပုထုပညာ၊ ဤသို့အစရှိသောပညာတို့ဖြင့် ပြည့်စုံသော၊ ရှေးရှေးသောဆရာတို့သည် ပစ္စုပ္ပန်သံသရာ၊ နှစ်ဖြာသောစီးပွားများမည်ကို မျှော်ခေါ်ထောက်ထား၍ အခွန့်ရှည်စွာနောင်လာဥဒါန်ဖြစ်စိမ့်သောငှာ မှတ်သားသိသာမြန်မာအမှု ကျောက်သစ်ထုသို့ စေ့ငုသေချာမိန့်မှာရေးထားသော ရာဇဝင်ကျမ်းထုံးတမ်းပုံစံမှတ်ရန်မှတ်စုတို့ကို ထုံးဟောင်းဝါသနာ၊ လေ့လာသမျှ၊ ကြည့်ရှုမလေ့၊ သိသရွေ့တွင် ရှေးရှေးသောဆရာတို့ နည်းနာနိဿယ(နိဿယ) အာဘောဂကိုဝ်လည်း မပယ်မပစ်အသစ်မဟုတ်သောစကားဟောင်းတွင်သာ လိုရာဖြည့်လောင်း၍ အကြောင်းဆိုင်ရာသာသနာတော်၌လည်းကောင်း၊ အပဖြစ်သော အမှတ်မဲ့ကာလ၌လည်းကောင်း၊ သမ္ဗုတ္တိ၊ ဝိပ္ပတ္တိတို့၌လည်းကောင်း မတိမ်မမြုပ်၊ မငုတ်မကွယ်သည်ဖြစ်၍ လူမျိုးတို့ဝ်မှီခိုရာ ကမ္ဘာတန်ဆာသဖွယ်ဖြစ်သော ဗေဒင်ကျမ်း၊ လက္ခဏာကျမ်း၊ ဣတိဟာသကျမ်း၊ ကေတုဘကျမ်း၊ နိဂဏ္ဍုကျမ်း၊ ဆန်းအလင်္ကာ၊ သဒ္ဒါ၊ နီတိ၊ ဝိတက်၊ ဗျာဂရိဏ် စသောအဖြစ်မရှိသော လောကီအတတ်မျိုးတို့နှင့် ရှည်သောရာဇဝင်ကျမ်းကို နိဒါန်းဥပစ္ဆာလင်္ကာစကားပြေသက်သော ဝတ္ထု၊ ဇာတ်တော်နှရင့် အခွင့်လျှော်ရာတန်ဆာသဖွယ် ဆန်းကျယ်ယဉ်ကျေးသောနည်းစုံကိုဝ် ဉာဏ်မှံရင့်မာမြိုဝ်းလေးဖြာတို့ မှတ်သားသိလွယ် နာဖွယ်ပျော်မွေ့အောင် ရေးပေအံ့"

**ကျမ်းအမည်**

ဤရာဇဝင်ကို ကျမ်းပြုဆရာကိုယ်တိုင်က အမည်နှစ်မျိုးသုံးထားသည်ကို တွေ့ရသည်။ ကျမ်းပြုဆရာသုံးနှုန်းထားသော အမည်နှစ်မျိုးမှာ-

၁။ အရိမဒ္ဒနာပေါက္ကံရာမပြည်ကြီးအတ္ထုပ္ပတ္တိ

၂။ ရာဇဝံသကထာကျမ်းဟူ၍ ဖြစ်သည်။ ပေကူးဆရာကမူ ပုဂံရာဇဝင်တစ်တွဲကူးပြီးသည့်အခါတွင် "ပုဂံရာဇဝင်ကိုရေး၍ ပြီးပြည့်စုံသည်"ဟူ၍ ကျမ်းအမည်ရေးသားထားသည်။ ဤမှာ ပုဂံရာဇဝင်ပေမူတွင် တွေ့ရသည့် ကျမ်းအမည်များဖြစ်သည်။ ကျမ်းအမည်သုံးမျိုးစလုံးပင် နှစ်သက်ရာခေါ်ဆိုနိုင်ပေသည်။ ရိုးရိုးရှင်းရှင်းဖြင့်ခေါ်လိုလျှင် ပုဂံရာဇဝင်ဟူသော အမည်က ပို၍ကောင်းပေသည်။

**ပါဝင်သည့်အကြောင်းအရာများ**

ပုဂံရာဇဝင်သည် ပေအင်္ဂါများလှသော ရာဇဝင်ကျမ်းကြီးတစ်စောင်ဖြစ်သည်။ ပုဂံခေတ်တစ်ခေတ်တည်းကိုသာ ဗဟိုပြု၍ရေးသားထားသော်လည်း ရာဇဝင်ကြောင်းကို ကျယ်ဝန်းစွာရေးသားထားသည်ကို တွေ့ရသည်။ ပုဂံရာဇဝင်ဟုအမည်ပေးထားသော်လည်း ပုဂံခေတ်မတိုင်မီ တကောင်း၊ သရေခေတ္တရာပြည်တို့၏ မင်းဆက်များ၊ ရာဇဝင်များကိုပါ ထည့်သွင်းရေးသားထားသည်။ တကောင်းမြို့ကို ပထမဆုံးတည်ထောင်ခဲ့သော ဇမ္ဗူဒီပဓဇမင်းလက်ထက်မှစ၍ ပုဂံမင်းဆက်များတွင် နောက်ဆုံးမင်းဆက်ဖြစ်သည့် စောမွန်နစ်မင်းလက်ထက်တိုင် ရေးသားထားသည်။

ကျမ်းပြုသူသည် ပုဂံရာဇဝင်ကို ရေးသားရာတွင် အတွဲငါးတွဲခွဲ၍ ပြုစုထားသည်ကို တွေ့ရသည်။ ပထမတွဲတွင် ဇမ္ဗူဒီပဓဇမင်း တကောင်းပြည်ကိုစတင်တည်ထောင်သည်မှစ၍ သရေခေတ္တရာပြည်ကြီးပျက်စီးသည့်အခန်းထိ ရေးသားထားသည်။

ဒုတိယတွဲကို သရေခေတ္တရာပြည်ပျက်ပြီးနောက် ပျူနှင့် ကမ်းယံတို့ စေတီပုထိုးအပြိုင်တည်သည်မှစ၍ ပျူစောထီးမင်းလက်ထက်ထိ ရေးသားထားသည်။

တတိယတွဲကို ပျူစောထီးမင်း သားတော်ထီးမင်းယဉ်လက်ထက်မှစ၍ အနော်ရထာမင်းနတ်ရွာစံသည်ထိ ရေးသား၍ထားသည်။

စတုတ္ထတွဲကို အနော်ရထာမင်းသားတော် စောလူးမင်းနန်းတက်သည်မှစ၍ အလောင်းစည်သူမင်းနတ်ရွာစံသည်ထိ ဖော်ပြ၍ထားသည်။

ပဉ္စမတွဲကို အလောင်းစည်သူမင်းကြီးနတ်ရွာစံသည်ဟုကြားလျှင် သားတော် မင်းရှင်စောသည် ထွန်းတုံးပူတက်အရပ်မှ ပုဂံသို့ ဆင်လုံးမြင်းလုံးဖြင့် ချီရန်ပြင်ဆင်သည့်အခန်းမှစတင်၍ ပုဂံနောက်ဆုံးမင်းဆက်ဖြစ်သည့် စောမွန်နစ်မင်းလက်ထက်ထိ ရေးသားထားသည်။

ယခုအသစ်တွေ့သော ပုဂံရာဇဝင်သည် ရှားပါး၍ တိမ်မြုပ်နေသောရာဇဝင်တစ်စောင်ဖြစ်သည်။ ပုဂံရာဇဝင်တွင် ဦးကုလားမဟာရာဇဝင်ကြီး၊ မှန်နန်းမဟာရာဇဝင်ကြီးတို့၏ အကျယ်မပါသည့် တကောင်းရာဇဝင်၊ သရေခေတ္တရာရာဇဝင်၊ ပုဂံရာဇဝင်တို့ကို အပြည့်စုံဆုံးရေးသားထားသောကျမ်းဖြစ်သည်။ မြန်မာ့ခေတ်ဦးပိုင်းကာလကို လေ့လာရာတွင် များစွာအထောက်အကူပြုမည့်ကျမ်းဖြစ်သည်။ ပုဂံရာဇဝင်ကို ပုံနှိပ်မှုဖြင့်ထုတ်ဝေသင့်ပေသည်။ မြန်မာ့သမိုင်းအတွက် သမိုင်းတန်ဖိုး၊ စာပေတန်ဖိုးကြီးမားသော ပုဂံရာဇဝင်ကို ပုံနှိပ်ထုတ်ဝေနိုင်ရန်အားတက်သရောကြိုးစားသွားမည်ဖြစ်သည်။ ပုဂံရာဇဝင်သည် မြန်မာရာဇဝင်စင်မြင့်တွင် တင့်တင့်တယ်တယ်ရှိသင့်သော ကျမ်းတစ်စောင်ဖြစ်သည်။ ယခုပုဂံရာဇဝင်ကို ပုံနှိပ်ဖော်ပြခြင်းမပြုလုပ်နိုင်သေးမီ အရိပ်အမြွက်မျှသာ ရေးသားတင်ပြလိုက်ရပေသည်။

❖ ပုဂံရာဇဝင်သည် ပေအင်္ဂါများလှသော ရာဇဝင်ကျမ်းကြီးတစ်စောင် ဖြစ်သည်။ ပုဂံခေတ်တစ်ခေတ်တည်းကိုသာ ဗဟိုပြု၍ရေးသားထားသော်လည်း ရာဇဝင်ကြောင်းကို ကျယ်ဝန်းစွာရေးသားထားသည်ကို တွေ့ရသည်။ ပုဂံရာဇဝင်ဟုအမည်ပေးထားသော်လည်း ပုဂံခေတ်မတိုင်မီ တကောင်း၊ သရေခေတ္တရာပြည်တို့၏မင်းဆက်များ၊ ရာဇဝင်များကိုပါ ထည့်သွင်း ရေးသားထားသည်။ တကောင်းမြို့ကို ပထမဆုံးတည်ထောင်ခဲ့သော ဇမ္ဗူဒီပဓဇမင်းလက်ထက်မှစ၍ ပုဂံမင်းဆက်များတွင် နောက်ဆုံးမင်းဆက် ဖြစ်သည့် စောနစ်မင်းလက်ထက်တိုင် ရေးသားထားသည်။ ❖

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ရေဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးဧက ၈၂၀၀၀ စိုက်ပျိုးမည်



ယခင်နှစ်က မိုးစပါးစိုက်ခင်းကို တွေ့ရစဉ်။

**ရေဦး မေ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးဧက ၈၂၀၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

ရေဦးမြို့နယ်တွင် ၂၀၂၂ ခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးကို ၂၀၂၂ ခုနှစ် ဇွန်လမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ကြရာ မိုးစပါး ၈၁၈၀၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် ရေဦးမြို့နယ်မှာ မိုးစပါးဧက ၈၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ မိုးစပါးအချိန်မီစိုက်ပျိုးကြဖို့ နှိုးဆော်နေပါတယ်။ အထွက်ကောင်းမျိုးတွေ စိုက်ပျိုးကြဖို့၊ စိုက်ပျိုးနည်းစနစ်တွေ မှန်ကန်စေဖို့၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲဖို့တွေကို ပညာပေးဆောင်ရွက်သွားမယ်။ မိုးစပါးစိုက်ခင်းအတွင်း ပိုးမွှားကျရောက်မှု မရှိစေဖို့အတွက် ကာကွယ်နည်းလမ်းတွေ ဆောင်ရွက်သွားမယ်။ ဒီနှစ် မိုးစပါးကို ဧကလျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်" ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးမြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်ပျိုးမည့် တောင်သူများအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်း၊ မျိုးသန့်များ စိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းပညာများ၊ မိုးသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားမျိုးများ စိုက်ပျိုးကြရန်အတွက် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ရေဦးမြို့နယ်တွင် ၂၀၂၂ ခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါးဧက ၄၀၂၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ်ဖေဖော်ဝါရီလမှစတင်၍ ဧပြီလထိ စိုက်ပျိုးခဲ့ကြရာ နွေစပါး ၇၉၀၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# မိုင်းတုံမြို့နယ်၌ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းဆင်း

**မိုင်းတုံ မေ ၂၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခရိုင်၊ မြို့နယ်များမှ ဝန်ထမ်းများ ရုံးလုပ်ငန်းများနှင့် ဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေလွယ်ကူစေပြီး စွမ်းဆောင်ရည်မြှင့်မားစေရန်ရည်ရွယ်၍ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းဆင်းပွဲကို မေ ၂၃ ရက် နံနက်ပိုင်းက မိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်က သင်တန်းသား၊ သင်တန်းသူများ အနေဖြင့် သင်တန်းမှ သင်ကြားပို့ချခဲ့သော ဌစငွေစာရင်းပုံစံများ ရေးသွင်းနည်း၊ စီမံကိန်းဆိုင်ရာ ငွေစာရင်း ဖြည့်သွင်းနည်းများကို မိမိလုပ်ငန်းခွင်တွင် လက်တွေ့အသုံးချပြီး မိမိတို့၏ စွမ်းဆောင်ရည်များ စဉ်ဆက်မပြတ်တိုးတက်အောင် လေ့လာသင်ယူကြရန် မှာကြားသည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့်တာဝန်ရှိသူများက သင်တန်းဆင်းဂုဏ်ပြုလက်မှတ်များနှင့် ငွေစာရင်းရေးသွင်းနည်းလက်စွဲစာအုပ်များကို သင်တန်းသား၊ သင်တန်းသူများအား ပေးအပ်ခဲ့ပြီး သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခရိုင်၊ မြို့နယ်များမှ သင်တန်းသား၊ သင်တန်းသူ ၁၀ ဦး တက်ရောက်ခဲ့ပြီး သင်တန်းတွင် ဘဏ္ဍာရေးဆိုင်ရာအခြေခံအချက်များ၊ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများ၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ ဌစငွေစာရင်းပုံစံများ ရေးသွင်းနည်းနှင့် စီမံကိန်းများတွင် လအလိုက်ဖြည့်သွင်းရသည့် ငွေစာရင်းပုံစံများ၊ ရေးသွင်းထိန်းသိမ်းနည်း၊ လချုပ်ဖြည့်သွင်းနည်း၊ M&E ဖြည့်သွင်းနည်းနှင့်ပတ်သက်သည့်သင်ခန်းစာများကို ကျွမ်းကျင်နည်းပြများက မေ ၁၉ ရက်မှ ၂၃ ရက်ထိ အခမဲ့ သင်ကြားပို့ချပေးခဲ့ကြောင်း မိုင်းတုံခရိုင် ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်ထံမှ သိရသည်။

**ချိုသန်းညွန့်**

# လနယုန်တွင်

\- လနယုန်တွင်၊ မိုးရိပ်ဆင်
ရှစ်ခွင်ကမည်း၊ မိုးကဖွဲ့
ဖွဲ့တယ်လေ့ ဖွဲ့တယ်လေး။

\- လနယုန်တွင်၊ ရောက်ရှိဝင်
လျှင်လျှင်မိုးပြေး၊ ရွာလို့အေး
အေးတယ်လေ့ အေးတယ်လေး။

\- လနယုန်တွင်၊ မြေလွှာပြင်
နှံ့ဝင်မြေသင်း၊ ကြဲဖြန့်ခင်း
ခင်းတယ်လေ့ ခင်းတယ်လေး။

\- လနယုန်တွင်၊ မြသွေးဆင်
မြက်ပင်သားမွေး၊ စိမ်းနုထွေး
ထွေးတယ်လေ့ ထွေးတယ်လေး။

\- လနယုန်တွင်၊ ဖွေးဖွေးလွှင်
ငွေသွင်ပွင့်ပန်း၊ စံပယ်လန်း
လန်းတယ်လေ့ လန်းတယ်လေး။

\- လနယုန်တွင်၊ မြတ်ထေရ်ရှင်
သဘင်စာပွဲ၊ နှစ်စဉ်နွှဲ
နွှဲတယ်လေ့ နွှဲတယ်လေး။

\- လနယုန်တွင်၊ ထွန်ထယ်ပြင်
လယ်ခွင်လုပ်ငန်း၊ တာဝန်ထမ်း
ထမ်းတယ်လေ့ ထမ်းတယ်လေး။

\- လနယုန်တွင်၊ ချိုသံစဉ်
နားဆင်ရမြဲ၊ ချိုးကူခွဲ
ခွဲတယ်လေ့ ခွဲတယ်လေး။

\- လနယုန်တွင်၊ မြန်တိုင်းခွင်
စိုလွင်ချမ်းမြ၊ လှမှလှ
လှတယ်လေ့ လှတယ်လေး။ ။

**မန်းတင့်မော်**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်ဖုန်း၊ လေ့ကားလက်ရန်း၊ စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# ပဲရစ်အိုလံပစ်ပွဲတော် လုံခြုံရေးအတွက် အင်အား ၃၅၀၀၀ ပြင်သစ်အသုံးပြုမည်

**ပဲရစ် မေ ၂၄**

၂၀၂၄ ခုနှစ် ပဲရစ်အိုလံပစ်အားကစားပွဲတော် လုံခြုံရေးအတွက် ပြင်သစ်အစိုးရက လုံခြုံရေးတပ်ဖွဲ့ဝင်အင်အား ၃၅၀၀၀ထိ အသုံးပြုမည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက မေ ၂၃ ရက်တွင် ဖော်ပြခဲ့သည်။

မောင်းသူမဲ့လေယာဉ် တိုက်ခိုက်မှုအပါအဝင် လုံခြုံရေးပြဿနာများမှ ပဲရစ်အိုလံပစ်အားကစားပွဲတော်ကို ကာကွယ်ရေးအတွက် လုံခြုံရေး တပ်ဖွဲ့ဝင်အင်အား ၃၅၀၀၀ထိ အသုံးပြုမည်ဖြစ်ကြောင်း ပြင်သစ်ပြည်ထဲရေးဝန်ကြီး ဂျရယ်ဒါမာနင်က မေ ၂၃ ရက်တွင် ထုတ်ဖော်ပြောကြားထားသည်။

ပဲရစ်အိုလံပစ်ကို မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှုမှ ကာကွယ်ရေးတာဝန်ကို ပြင်သစ်စစ်ဘက်က ရယူပေးမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီး၏အဆိုအရ သိရသည်။

ပြင်သစ်နိုင်ငံသည် ပဲရစ်အိုလံပစ်ပွဲတော်ဖွင့်ပွဲကို အများပြည်သူများအတွက် ခမ်းနားစွာကျင်းပပေးမည်ဖြစ်ကြောင်း ကတိပေးထားသည်။

သို့သော် လက်ရှိအချိန်တွင် ပဲရစ်အိုလံပစ်ပွဲတော်သည် မောင်းသူမဲ့လေယာဉ် တိုက်ခိုက်မှုနှင့် ဆိုက်ဘာတိုက်ခိုက်မှုသည် ရာသီဥတုပြောင်းလဲမှုပြဿနာ တက်ကြွလှုပ်ရှားသူများနှင့် အစိုးရဆန့်ကျင်ရေးဆန္ဒပြသမားများက အနှောင့်အယှက်ပေးနိုင်မှုတို့ထိ ပါဝင်သောဖြစ်လာနိုင်ဖွယ်ရှိသည့် လုံခြုံရေးပြဿနာအမျိုးမျိုးနှင့် ရင်ဆိုင်နေရသည်။

ပဲရစ်အိုလံပစ်အားကစားပွဲတော်ဖွင့်ပွဲတွင် ပဲရစ်မြို့တွင်း ဆိန်းမြစ်အတွင်း၌ အိုလံပစ်ပြိုင်ပွဲဝင် အားကစား အသင်းများ၏ ရေကြောင်းချီတက်ပွဲလည်း ပါဝင်မည်ဖြစ်သည်။

အိုလံပစ်ဖွင့်ပွဲအခမ်းအနားသို့ ပရိသတ် ဦးရေ ၆၀၀၀၀၀ကျော် တက်ရောက်နိုင်ကြောင်း ပြင်သစ်အစိုးရက ခန့်မှန်းထားသည်။KKO




# ကမ္ဘာ့အကြီးဆုံး လေယာဉ်တင်သင်္ဘော နော်ဝေနိုင်ငံ အော့စလိုမြို့သို့ရောက်ရှိ

**အော့စလို မေ ၂၄**

အမေရိကန်လေတပ်၏ ကမ္ဘာ့အကြီးဆုံး လေယာဉ်တင်သင်္ဘောဖြစ်သော ယူအက်စ်အက်စ်ဂျာရယ်အာရ်ဖို့ဒ် လေယာဉ်တင်သင်္ဘောသည် ယနေ့တွင် နော်ဝေနိုင်ငံ အော့စလိုမြို့သို့ ရောက်ရှိလာကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါခရီးစဉ်သည် အမေရိကန်ရေတပ်လေယာဉ်တင်သင်္ဘောတစ်စီး၏ ပထမဆုံးနော်ဝေခရီးစဉ်ဖြစ်သည်။

ယူအက်စ်အက်စ်ဂျာရယ်အာရ်ဖို့ဒ်လေယာဉ်တင် သင်္ဘောသည် နော်ဝေကမ်းရိုးတန်း တစ်လျှောက် လာမည့်ရက်များအတွင်း နော်ဝေလက်နက်ကိုင် တပ်များနှင့်အတူ စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်သည်။


နော်ဝေ မီဒီယာများ၏အဆိုအရ ယူအက်စ်အက်စ်ဂျာရယ်အာရ်ဖို့ဒ် လေယာဉ်တင်သင်္ဘောသည် အာတိတ်စက်ဝိုင်းဒေသမြောက်ပိုင်းသို့လည်း သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

ယူအက်စ်အက်စ်ဂျာရယ်အာရ်ဖို့ဒ်၏နော်ဝေခရီးစဉ်ကို ကျိုးကြောင်းကိုက်ညီမှုမရှိသည့် အင်အားပြရန်ကြိုးပမ်းမှုအဖြစ် နော်ဝေနိုင်ငံဆိုင်ရာ ရုရှားသံရုံးက ဝေဖန်ထားသည်။

ရုရှားနိုင်ငံအနေဖြင့် နော်ဝေကို စစ်ရေးအရ တိုက်ရိုက်ခြိမ်းခြောက်နေခြင်းမရှိဟု နော်ဝေအစိုးရက ထုတ်ဖော်ပြောကြားထားပြီးဖြစ်ကြောင်း သိရသည်။

KKO

# ရုရှားဝန်ကြီးချုပ်နှင့် တရုတ်ဝန်ကြီးချုပ်တို့ တွေ့ဆုံ နှစ်နိုင်ငံသဘောတူညီချက်များ လက်မှတ်ရေးထိုး



**ပေကျင်း မေ ၂၄**

ပေကျင်းမြို့သို့ ရောက်ရှိနေသော ရုရှားဝန်ကြီးချုပ် မစ်ခေးလ်မီရှူစတင်သည် မေ ၂၃ ရက်တွင် တရုတ်ဝန်ကြီးချုပ် လီချန်းနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး နှစ်နိုင်ငံသဘောတူညီချက်များ လက်မှတ်ရေးထိုးခဲ့ကြကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ရုရှားဝန်ကြီးချုပ် မစ်ခေးလ်မီရှူစတင်သည် ယူကရိန်းစစ်ရေးပဋိပက္ခပေါ်ပေါက်ခဲ့ပြီးနောက်ပိုင်း တရုတ်နိုင်ငံသို့ သွားရောက်ခဲ့သမျှ ရုရှားတာဝန်ရှိသူများအနက် အဆင့်အမြင့်ဆုံး ခေါင်းဆောင်ဖြစ်သည်။

ဝန်ကြီးချုပ် မစ်ခေးလ်မီရှူစတင်၏ ပေကျင်းခရီးစဉ်သည် တရုတ်-ရုရှား နှစ်နိုင်ငံဆက်ဆံရေးပုံစံကို အနောက်အုပ်စုနိုင်ငံများက ဝေဖန်နေကြသည့်တိုင် နှစ်နိုင်ငံဆက်ဆံရေးပိုမိုခိုင်မာလာမှုကို ပြသလျက်ရှိသည်။

ရုရှားဝန်ကြီးချုပ် မစ်ခေးလ်မီရှူစတင်သည် ပေကျင်းခရီးစဉ်အတွင်း တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့်တွေ့ဆုံဆွေးနွေးရန်လည်း စီစဉ်ထားသည်။

တရုတ်-ရုရှားနှစ်နိုင်ငံဆက်ဆံရေးသည် တစ်ဦးအပေါ်တစ်ဦး အပြန်အလှန်လေးစားမှု၊ စိန်ခေါ်မှုများကို ပူးပေါင်းတုံ့ပြန်ရန်ဆန္ဒရှိမှုတို့ဖြင့် တည်ဆောက်ထားခြင်းဖြစ်ကြောင်း တရုတ်ဝန်ကြီးချုပ်နှင့် တွေ့ဆုံစဉ် ရုရှားဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် ရုရှား-တရုတ်နှစ်နိုင်ငံဆက်ဆံရေးပုံစံနှင့် ယူကရိန်းပြဿနာတို့အား ဆက်စပ်ရန် အနောက်အုပ်စု၏ ကြိုးပမ်းမှုများကို ငြင်းပယ်ထားကြောင်း သိရသည်။ KKO

# နေတိုးအုပ်စု၏ တိုကျိုဆက်ဆံရေးရုံးအစီအစဉ် အာရှ-ပစိဖိတ်ဒေသ လက်ခံမည်မဟုတ်ဟု တရုတ်ပြောကြား

**ပေကျင်း မေ ၂၄**

ဂျပန်နိုင်ငံ၌ ဆက်ဆံရေးရုံး ဖွင့်မည့် မြောက်အတ္တလန်တစ်စာချုပ်အဖွဲ့(နေတိုး)၏ အစီအစဉ်ကို အာရှ-ပစိဖိတ်ဒေသက ကြိုဆိုလိမ့်မည်မဟုတ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မော်နင်းက ယနေ့တွင် ပြောကြားလိုက်သည်။

တိုကျိုမြို့၌ ဆက်ဆံရေးရုံးဖွင့်ရန် နေတိုးအုပ်စုတွင်အစီအစဉ်ရှိထားမှုကို ဂျပန်နိုင်ငံက ဝန်ခံခဲ့ပြီးနောက် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက အဆိုပါအတိုင်း တုံ့ပြန်ခဲ့ခြင်းဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အာရှ-ပစိဖိတ်ဒေသအနေဖြင့် အုပ်စုအချင်းချင်းထိပ်တိုက်ရင်ဆိုင်မှုကိုသော်လည်းကောင်း၊ စစ်ရေးအရ ထိပ်တိုက်ရင်ဆိုင်မှုများကိုသော်လည်းကောင်း ကြိုဆိုလက်ခံလိမ့်မည်မဟုတ်ကြောင်း နေတိုး၏ ဂျပန်ဆက်ဆံရေးရုံးအစီအစဉ်နှင့် ပတ်သက်၍ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

တိုကျိုမြို့၌ဆက်ဆံရေးရုံးဖွင့်ရန် နေတိုးအဖွဲ့ကစီစဉ်နေကြောင်း ဂျပန်ဝန်ကြီးချုပ်ဖူမီယိုကီရှီဒါက ယနေ့နံနက်ပိုင်းတွင် ဝန်ခံထားသည်။

သို့သော် ဂျပန်နိုင်ငံအနေဖြင့် နေတိုးအုပ်စု၌ အဖွဲ့ဝင်အဖြစ်ပါဝင်ရန် အစီအစဉ်မရှိကြောင်း ဂျပန်ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ဆက်ဆံရေးရုံး ဖွင့်လှစ်ဖြစ်ခဲ့ပါက ယင်းဆက်ဆံရေးရုံးသည် နေတိုး၏ ပထမဆုံးအာရှဆက်ဆံရေးရုံးဖြစ်လာလိမ့်မည်ဖြစ်ကြောင်း သိရသည်။ KKO

# ရုရှား၏နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောသစ် ပစိဖိတ်ရေတပ်အုပ်စုသို့ ရွှေ့ပြောင်းမည်

**မော်စကို မေ ၂၄**

ရုရှားရေတပ်၏ နောက်ဆုံးထုတ် နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောသည် ယခုနှစ်သြဂုတ်လအတွင်း ကမ်ချက်ကာကျွန်းဆွယ်ရှိ အမြဲတမ်းအခြေစိုက်စခန်းတစ်ခုသို့ ရွှေ့ပြောင်းမည်ဖြစ်ကြောင်း ရုရှားမီဒီယာများကို ကိုးကား၍ ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျင်နရယ်လစ်ဆီမိုဆူဗိုရော့ဗ် အမည်ရှိ အဆိုပါနျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောသည် ၂၀၂၂ ခုနှစ်နှစ်ကုန်ပိုင်းတွင် ရုရှားရေတပ်၌ စတင်တပ်တော်ဝင်ခဲ့သည်။

ယင်း ရေငုပ်သင်္ဘောသည် နျူကလီးယားထိပ်ဖူး တစ်ခုမက သယ်ဆောင်နိုင်သော ဘူလ်လာဗာအမျိုးအစား နျူကလီးယားဒုံးကျည် ၁၆ စင်း သယ်ဆောင်ထားသည်။



ဂျင်နရယ်လစ်ဆီမိုဆူဗိုရော့ဗ် ရေငုပ်သင်္ဘောသည် ယခုနှစ်သြဂုတ်လအတွင်း အာတိတ်အခြေစိုက် မြောက်ပိုင်းရေတပ်အုပ်စုမှ ပစိဖိတ်ရေတပ်အုပ်စုသို့ ရွှေ့ပြောင်းမည်ဖြစ်ကြောင်း ရုရှားစစ်ဘက်သတင်း အရင်းအမြစ်များက ပြည်တွင်းမီဒီယာများကို ထုတ်ဖော်ပြောကြားထားသည်။

ပစိဖိတ်ရေတပ်အုပ်စုသို့ ရွှေ့ပြောင်း တာဝန်ထမ်းဆောင်မည့်ယင်း ရေငုပ်သင်္ဘောသည် ကမ်ချက်ကာကျွန်းဆွယ်ရီဘက်ချီ ရေငုပ်သင်္ဘောအခြေစိုက်စခန်း၌ နေရာယူမည် ဖြစ်ကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## ရှန်ကျိုး-၁၆ အာကာသလူသယ်ယာဉ်ကို တီယန်ကောင်းအာကာသစခန်းသို့ လွှတ်တင်ရန် တရုတ်အမျိုးသားအာကာသအေဂျင်စီ ပြင်ဆင်နေ



**ပေကျင်း မေ ၂၄**

ရှန်ကျိုး-၁၆ အမည်ရှိ အာကာသလူသယ်ယာဉ်ကို တီယန်ကောင်းအာကာသစခန်းသို့ လွှတ်တင်ရန် တရုတ်အမျိုးသား အာကာသအေဂျင်စီက ပြင်ဆင်နေပြီဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက မေ ၂၃ ရက်တွင် ရေးသားတင်ပြထားသည်။

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် မေ ၂၃ ရက်တွင် ရှန်ကျိုး-၁၆ အာကာသလူသယ်ယာဉ်နှင့် လောင်းမက်ချ်-၂ အက်ဖ် ဒုံးပျံတို့ကို ပစ်လွှတ်နယ်မြေသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ရှန်ကျိုး-၁၆ အာကာသလူသယ်ယာဉ်ကို တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ချိုကွမ် ဖြိုးဖတ်တုလွှတ်တင်ရေးစခန်းမှတစ်ဆင့် လာမည့်ရက်ပိုင်းအတွင်း လွှတ်တင်ဖွယ်ရှိသည်။

ပစ်လွှတ်နယ်မြေသို့ရောက်ရှိပြီးနောက် တရုတ်ကျွမ်းကျင်သူများသည် ရှန်ကျိုး-၁၆ အာကာသလူသယ်ယာဉ်နှင့် လောင်းမက်ချ်-၂ အက်ဖ်ဒုံးပျံများကို မပစ်လွှတ်မီနောက်ဆုံးစစ်ဆေးမှုများ ပြုလုပ်မည်ဖြစ်သည်။

ရှန်ကျိုး-၁၆ မစ်ရှင် လွှတ်တင်ပြီးချိန်တွင် တီယန်ကောင်းအာကာသစခန်း၌ လက်ရှိတာဝန်ထမ်းဆောင်နေသည့် တရုတ်အာကာသယာဉ်မှူးသုံးဦးတို့မှာ ကမ္ဘာမြေပေါ်သို့ ပြန်ဆင်းမည်ဖြစ်သည်။

တရုတ်မီဒီယာများ၏အဆိုအရ လက်ရှိ တာဝန်ထမ်းဆောင်ဆဲ အာကာသယာဉ်မှူးများ လိုက်ပါလာမည့် ရှန်ကျိုး-၁၅ အာကာသယာဉ်မှူးများ ယခုနှစ် ဇွန်လတွင် ကမ္ဘာပေါ်သို့ ပြန်လည်ဆင်းသက်နိုင်ဖွယ်ရှိသည်။ KKO

## GS-9209 စကြဝဠာရှေးဦးကြယ်စုတစ်ခု၏ဗဟိုချက်၌ မဟာအာကာသတွင်းနက်တစ်ခုတည်ရှိနေနိုင်

**အီဒင်ဘတ် မေ ၂၄**

GS-9209 အမည်ရှိ စကြဝဠာရှေးဦးကြယ်စုတစ်ခု၏ ဗဟိုချက်၌ မဟာအာကာသတွင်းနက်တစ်ခု တည်ရှိနေနိုင်ကြောင်း သိပ္ပံပညာရှင်များ၏အဆိုကို ကိုးကား၍ Sky News သတင်းဝက်ဘ်ဆိုက်က မေ ၂၃ ရက်တွင် ရေးသားတင်ပြထားသည်။

စကော့တလန်နိုင်ငံ အီဒင်ဘတ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် ဂျိမ်းဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်ကိုအသုံးပြု၍ GS-9209 ကြယ်စုကို လေ့လာခဲ့ကြသည်။

အဆိုပါကြယ်စုသည် နှစ်ပေါင်းသန်း ၅၀၀ ကြာမျှ ကြယ်သစ်များမွေးဖွားနိုင်မှု ရပ်တန့်ခဲ့ရာ မဟာအာကာသတွင်းနက်တစ်ခုကြောင့် ကြယ်များမွေးဖွားမှု ရပ်တန့်သွားခြင်းဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက ယူဆထားသည်။



မဟာအာကာသတွင်းနက်ကြီးများ ကြီးထွားလာချိန်တွင် စွမ်းအင်ပါဝင်မှုမြင့်မားသည့် ဖြာထွက်ရောင်ခြည်များပေါ် ဓာတ်ငွေ့များကို ကြယ်စုများပြင်ပသို့ တွန်းပို့တတ်မှုကြောင့် ကြယ်စုများ၏ ကြယ်မွေးဖွားမှု ရပ်တန့်သွားနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ကြယ်များသည် ကြယ်စုများအတွင်းရှိ ဖုန်မှုန့်နှင့်ဓာတ်ငွေ့တိမ်တိုက်များ ၎င်းတို့၏ကိုယ်ပိုင်ဒြပ်ထုကြောင့် ပြိုလဲချိန်တွင် ပေါ်ထွက်လာတတ်သည်။

GS-9209 ကြယ်စုသည် ကမ္ဘာမြေနှင့် အလင်းနှစ် ၂၅ သန်းအကွာတွင်တည်ရှိပြီး စကြဝဠာပေါ်ထွက်ပြီး နှစ်ပေါင်းသန်း ၆၀၀ နှင့် ၈၀၀ ကြားကာလအတွင်း ဖွဲ့စည်းဖြစ်ပေါ်ခဲ့သော ကြယ်စုဖြစ်ကြောင်း သိရသည်။ KKO

## CAPSTONE လပတ်အာကာသယာဉ်က လကမ္ဘာကို ပထမဆုံးအကြိမ် ဓာတ်ပုံများရိုက်ကူးခဲ့

**ဝါရှင်တန် မေ ၂၄**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ CAPSTONE လပတ်အာကာသယာဉ်သည် လကမ္ဘာကို ပထမဆုံးအကြိမ်အဖြစ် ဓာတ်ပုံများရိုက်ကူးခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က မေ ၂၃ ရက်တွင် ရေးသားတင်ပြထားသည်။

CAPSTONE အာကာသယာဉ်သည် နာဆာ၏ Lunar Gateway လပတ်အာကာသစခန်းယာဉ်နေရာယူမည့်ပတ်လမ်းအခြေအနေကို လေ့လာရေးအတွက် လွှတ်တင်ထားသည့် အာကာသယာဉ်ဖြစ်ကြောင်း သိရသည်။

အဆိုပါအာကာသယာဉ်သည် ၎င်း၏ ပထမဆုံး လကမ္ဘာဓာတ်ပုံများကို NRHO ခေါ် လပတ်လမ်းပေါ်မှတစ်ဆင့် မေ ၃ ရက်တွင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။

အာကာသစခန်းယာဉ် နေရာယူမည့် NRHO ပတ်လမ်းသည် လဝင်ရိုးစွန်းများနှင့် အနီးဆုံးနေရာတွင် မိုင်ပေါင်း ၁၀၀၀၀ ကွာဝေးပြီး အဝေးဆုံးနေရာတွင် ၄၃၅၀၀ မိုင်ထိ ကွာဝေးသည်။

CAPSTONE အာကာသယာဉ်သည် NRHO ပတ်လမ်းပေါ်မှတစ်ဆင့် လကမ္ဘာမြောက်ဝင်ရိုးစွန်းကို ဖြတ်ကျော်ပုံသန်းစဉ် လဓာတ်ပုံများ ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

နာဆာအဖွဲ့သည် CAPSTONE လပတ်အာကာသယာဉ်ကို ၂၀၂၂ ခုနှစ် ဇွန် ၂၈ ရက်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ KKO

# HEALTH

## အမျိုးသားများထက် အမျိုးသမီးများ နှလုံးဖောက်ပြီး သေဆုံးနိုင်ခြေပိုမြင့်မား

**လန်ဒန် မေ ၂၄**

အမျိုးသားများနှင့်နှိုင်းယှဉ်ပါက အမျိုးသမီးများမှာ နှလုံးရှုတ်တရက်ဖောက်ပြီးချိန်တွင် အသက်ဆုံးပါးနိုင်ခြေ နှစ်ဆကျော် ပိုမြင့်မားကြောင်း The Daily Mail သတင်းစာက မေ ၂၃ ရက်တွင် ရေးသားတင်ပြထားသည်။

ပေါ်တူဂီသုတေသနပညာရှင်များသည် STEMI ခေါ် အပြင်းထန်ဆုံး နှလုံးရှုတ်တရက်ဖောက်မှုနှင့် ရင်ဆိုင်ခဲ့ရသော အမျိုးသား၊ အမျိုးသမီး ၈၈၄ ဦးတို့ကို လေ့လာခဲ့ကြသည်။

STEMI နှလုံးရှုတ်တရက်ဖောက်မှုသည် နှလုံးသွေးကြောများ လုံးဝပိတ်ဆို့၍ နှလုံးအတွင်းသို့ သွေးရောက်ရှိမှု အချိန်ကြာမြင့်စွာ ပြတ်တောက်ချိန်တွင် ဖြစ်ပွားတတ်သော နှလုံးပြဿနာတစ်မျိုးဖြစ်ကြောင်း သိရသည်။

ပေါ်တူဂီသုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ STEMI နှလုံးဖောက်မှုခံစားခဲ့ရသူ အမျိုးသမီးများသည် အမျိုးသားလူနာများနှင့် နှိုင်းယှဉ်ပါက နှလုံးဖောက်ပြီး ရက် ၃၀ အတွင်း သေဆုံးနိုင်ခြေ ၂ ဒသမ ၈ ဆနှင့်ပိုများကြောင်း သိရသည်။

အမျိုးသမီးများအနေဖြင့် နှလုံးရှုတ်တရက်ဖောက်ပြီးနောက်ပိုင်း နှလုံးကျန်းမာရေးအခြေအနေကို ပုံမှန်စစ်ဆေးနေရန် လိုအပ်ပြီး သွေးအတွင်း ကိုလက်စထရော ပါဝင်မှုလျှော့ချရန်နှင့် သွေးအတွင်း သကြားဓာတ်ပါဝင်မှုတို့ကို လျှော့ချထားနိုင်ရန်လည်းလိုကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။ KKO

## ကိုယ်ဝန်ဆောင်စဉ် သွေးသားပြောင်းလဲဖူးသူ အမျိုးသမီးများ လေဖြတ်နိုင်ခြေမြင့်မား

**နယူးယောက် မေ ၂၄**

ကိုယ်ဝန်ဆောင်ကာလ သွေးသားအပြောင်းအလဲကျန်းမာရေးပြဿနာများရှိခဲ့ဖူးသည့် အမျိုးသမီးများသည် ပုံမှန်ထက် လေဖြတ်နိုင်ခြေ သိသိသာသာပိုမြင့်မားကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က မေ ၂၃ ရက်တွင် ရေးသားတင်ပြထားသည်။

ထို့ပြင် ကိုယ်ဝန်ဆောင်ကာလကျန်းမာရေးပြဿနာများရှိခဲ့သူ အမျိုးသမီးများမှာ အထက်ပါပြဿနာမရှိသူ အမျိုးသမီးများနှင့် နှိုင်းယှဉ်ပါက အထိုက်အလျောက် အသက်ငယ်ရွယ်ချိန်မှာပင် လေဖြတ်နိုင်ခြေပိုများကြောင်း အမေရိကန် သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကိုယ်ဝန်ဆောင်ကာလ သွေးသားအပြောင်းအလဲကျန်းမာရေးပြဿနာများကို နှစ်ကြိမ်နှင့်အထက် ရင်ဆိုင်ခဲ့ရဖူးသူ အမျိုးသမီးများသည် အသက် ၄၅ နှစ်မတိုင်မီ လေဖြတ်နိုင်ခြေ ပုံမှန်ထက်နှစ်ဆ ပိုမြင့်မားကြောင်း သိရသည်။

အမေရိကန်သုတေသနပညာရှင်များသည် ၁၉၆၄ ခုနှစ်နောက်ပိုင်း မီးဖွားခဲ့ကြသော အမျိုးသမီး ၁၂၀၀၀၀ ကျော်တို့၏ ကျန်းမာရေးမှတ်တမ်းများကို လေ့လာခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

ကိုယ်ဝန်ဆောင်ကာလအတွင်း မိခင်လောင်းများ ရင်ဆိုင်ရတတ်သည့် ကျန်းမာရေးပြဿနာများထဲတွင် သွေးအတွင်း သကြားဓာတ်ပါဝင်မှု ပုံမှန်ထက်မြင့်မားလာခြင်း၊ သွေးဖိအားပုံမှန်မြင့်မားလာခြင်း စသည့်ပြဿနာများ ပါဝင်သည်။

အမျိုးသမီးများအနေဖြင့် ကိုယ်ဝန်ဆောင်ကာလ သွေးသားအပြောင်းအလဲကျန်းမာရေးပြဿနာများရှိခဲ့ပါက ဆရာဝန်များနှင့် တိုင်ပင် ဆွေးနွေးသင့်ကြောင်း သုတေသနပညာရှင်များက အကြံပြုထားသည်။ KKO



## နိုင်ငံတကာ အားကစားသတင်းများ

# အယ်နာဆာအသင်းမှထွက်ခွာမည့်သတင်းများကို တိုက်စစ်မှူး စီရော်နယ်ဒို ငြင်းဆို

**ရီယာဒ် မေ ၂၄**

ယခုနှစ် ဘောလုံးရာသီ ဇန်နဝါရီအပြောင်းအရွှေ့ကာလက မန်ယူအသင်းနှင့်အဆင်မပြေမှုများ ဖြစ်ပွားပြီးနောက် ဆော်ဒီအာရေဗျကလပ် အယ်နာဆာအသင်းသို့ နှစ်နှစ်ခွဲစာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့သော်လည်း ယခုအခါ အသင်းမှ ထွက်ခွာရန် ဆန္ဒရှိနေသည်ဟု သတင်းများ ထွက်ပေါ်နေသောကြောင့် စီရော်နယ်ဒိုက အဆိုပါသတင်းများကို ငြင်းဆိုခဲ့သည်ဟု Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

တိုက်စစ်မှူး စီရော်နယ်ဒိုသည် လက်ရှိအယ်နာဆာ အသင်းတွင် တစ်နှစ်လုပ်ခယူရိုသန်း ၂၀၀ ထိ ရရှိနေသော်လည်း ဆော်ဒီအာရေဗျကလပ်အသင်းများသည် ယနေ့ခေတ် ဘောလုံးလောကနှင့် ကွာခြားနေသည့် အခြေအနေနှင့် နိုင်ငံအတွင်းတည်ရှိနေသည့်အခြေအနေများကြောင့် ဥရောပကလပ်အသင်းတစ်သင်းသို့ ပြန်လည်ပြောင်းရွှေ့ရန်ဆန္ဒရှိနေပြီး လာမည့်နွေရာသီတွင် အသင်းမှထွက်ခွာမည်ဟု သတင်းများထွက်ပေါ်နေသောကြောင့် ၎င်းက အဆိုပါသတင်းများကိုငြင်းဆိုခဲ့၍ အယ်နာဆာအသင်းတွင် ဆက်ရှိမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

စီရော်နယ်ဒိုသည် အယ်နာဆာအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် အသင်းနှင့် ပြိုင်ပွဲစုံ ၁၇ ပွဲပါဝင်ကစားခဲ့ပြီး အမှတ်ပေးပြိုင်ပွဲ ၁၄ ပွဲနှင့် ဖလားပြိုင်ပွဲ သုံးပွဲတို့တွင် သွင်းဂိုး ၁၃ ဂိုးသာ သွင်းယူနိုင်ခဲ့သကဲ့သို့ အသင်းအနေဖြင့် ဖလားပြိုင်ပွဲများမှ စောစီးစွာ ထွက်ခွာခဲ့ရသော်လည်း အမှတ်ပေးပြိုင်ပွဲ၌ အဆင့်(၂)တွင်နေရာတွင် ရောက်ရှိနေကာ အဆင့်(၁)မှ အယ်အီတီဟတ်အသင်းနှင့် ရမှတ်သုံးမှတ်သာကွာဟနေသောကြောင့် ချန်ပီယံဆုဖလားရယူနိုင်ရန် အခွင့်အရေးများရှိနေသည်။

တိုက်စစ်မှူး စီရော်နယ်ဒိုသည် လာမည့်နွေရာသီတွင် အယ်နာဆာအသင်းမှထွက်ခွာပါက လက်ကျန်နှစ်နှစ်စာချုပ်အတွက် လျော်ကြေးငွေ ပေးချေရမည်ဖြစ်သော်လည်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ကသတ်မှတ်ထားသည့် စည်းကမ်းချက်အရ ကစားသမားတစ်ဦးအနေဖြင့် ခိုင်လုံသည့် အကြောင်းပြချက်မရှိဘဲ အသင်းနှင့်တစ်ဖက်သတ်လမ်းခွဲခြင်းကိုခွင့်မပြုသောကြောင့် ၎င်းအနေဖြင့် အယ်နာဆာအသင်းနှင့်သဘောတူညီမှုရယူ၍ နှစ်ဖက်သဘောတူလမ်းခွဲမှသာ အသင်းမှထွက်ခွာနိုင်မည်ဖြစ်ကြောင်း သိရသည်။ ML



## အားကစားသတင်း အတိုအထွာများ

- ဝုဗ်အသင်းအနေဖြင့် ဝင်ငွေထွက်ငွေ ကိုက်ညီမှုရှိစေရန် ကစားအသင်းထပ်မံခေါ်ယူမည်မဟုတ်ဘဲ အသင်းမှကစားသမားအချို့ကိုရောင်းချရမည်ဖြစ်သောကြောင့် နည်းပြလိုပက်တီဂူက အသင်းနှင့်လမ်းခွဲရန် ပြင်ဆင်နေကြောင်း သိရသည်။
- အဲဗာတန်အသင်းက ၂၀၂၄ ခုနှစ်မှ စာချုပ်သက်တမ်းကုန်ဆုံးမည့် ကွင်းလယ်ကစားသမားဒိုကိုရေးကို သက်တမ်းတစ်နှစ်တိုးရန် ဆွေးနွေးမှုပြုလုပ်လျက်ရှိသည်။
- စပါးအသင်းက ဖီရင်နဇ်အသင်းတိုက်စစ်မှူး ဆန်ကီယာဂိုဂိုမီနက်ဇ်ကိုခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

ML

# လေဗာကူဆင်ကစားသမား ဒီယာဘီကို မန်ယူအသင်းနှင့် နယူးကာဆယ်အသင်းတို့ အပြိုင်ကမ်းလှမ်း



**လန်ဒန် မေ ၂၄**

ယခုနှစ်ဘောလုံးရာသီ လေဗာကူဆင်အသင်းတွင် ခြေစွမ်းပြကစားနေသည့် တောင်ပံကစားသမား ဒီယာဘီကို မန်ယူအသင်းနှင့် နယူးကာဆယ် အသင်းတို့က ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၆၉ သန်းဖြင့်ခေါ်ယူရန် အပြိုင်ကြိုးပမ်းနေကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

တောင်ပံကစားသမား ဒီယာဘီသည် ယခုနှစ် နည်းပြအလွန်ဆိုလက်အောက်တွင် ပုံစံကောင်းရရှိနေကာ ပြိုင်ပွဲစုံ ၄၀ ပွဲပါဝင်ခဲ့ရာ သွင်းဂိုး ၁၂ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၀ ကြိမ်ထိ ပြုလုပ်ခြေစွမ်းပြသနိုင်ခဲ့သည့်အပြင် အဓိကပြိုင်ပွဲများတွင် အသုံးအဖြတ်သွင်းဂိုးများ သွင်းယူလေ့ရှိသောကြောင့် ပရီးမီးယားလိဂ်ကလပ် မန်ယူအသင်းနှင့် နယူးကာဆယ်အသင်းတို့ကခေါ်ယူရန် အပြိုင်ကမ်းလှမ်းခဲ့ကြောင်း သိရသည်။

လက်ရှိတွင် မန်ယူအသင်းသည် တောင်ပံတိုက်စစ်ပိုင်းတွင် အားနည်းချက်များ ရှိနေသည့်အတွက် လာမည့်နှစ်တွင် အမှတ်ပေးချန်ပီယံဆုဖလားကိုစိန်ခေါ်နိုင်ရန် ဒီယာဘီကို ပစ်မှတ်ထားနေသကဲ့သို့ နယူးကာဆယ်အသင်းကလည်း လာမည့်နှစ်တွင် ချန်ပီယံလိဂ်ပြိုင်ပွဲ ကစားရမည်ဖြစ်သဖြင့် တိုက်စစ်ပိုင်း ထပ်မံဖြည့်တင်းရန် ဒီယာဘီကို သဘောကျနေသောကြောင့် လေဗာကူဆင်အသင်းက တောင်းဆိုသည့် ပြောင်းရွှေ့ကြေးပမာဏကိုပေးချေရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

အသက် ၂၃ နှစ်ရှိ ဒီယာဘီသည် လေဗာကူဆင်အသင်းနှင့် လာမည့် ၂၀၂၅ ခုနှစ်တွင် စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်ပြီး အသင်းတာဝန်ရှိသူများက ကစားသမားအတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၇၀ ဝန်းကျင်ရရှိပါက ရောင်းချရန်ဆန္ဒရှိနေသောကြောင့် လာမည့်နွေရာသီအပြောင်းအရွှေ့တွင် ပရီးမီးယားလိဂ်သို့ ရောက်ရှိနိုင်ဖွယ်ရှိသည်။ ML

# ခံစစ်ကစားသမား ဖာလန်းမန်ဒီ၏နေရာတွင် ရော်ဘတ်ဆန်နှင့်အစားထိုးရန် ရီးရဲလ်မက်ဒရစ်ပြင်ဆင်

**မက်ဒရစ် မေ ၂၄**

ရီးရဲလ်မက်ဒရစ်အသင်းသည် လာမည့်နွေရာသီတွင် အသင်းမှထွက်ခွာမည့်ဘယ်တောင်ပံခံစစ်ပိုင်းတွင် ဖာလန်းမန်ဒီ၏နေရာ၌ လီဗာပူးအသင်း ခံစစ်ကစားသမား ရော်ဘတ်ဆန်နှင့် အစားထိုးရန် ပြင်ဆင်လျက်ရှိကြောင်း ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ခံစစ်ကစားသမား ဖာလန်းမန်ဒီသည် ယခုနှစ်ဘောလုံးရာသီတွင် ဒဏ်ရာပြဿနာများနှင့်သာ ရုန်းကန်ခဲ့ရသဖြင့် အသင်းအနေဖြင့် ဘယ်တောင်ပံခံစစ်ပိုင်းတွင် ကွင်းလယ်ကစားသမား ကာမာဗင်ဂါကိုသာအသုံးပြုခဲ့ရပြီး ၎င်းအနေဖြင့် ခံစစ်ပိုင်းတွင်ပုံစံကောင်း ပြသနိုင်ခဲ့သော်လည်း မူလနေရာဖြစ်သည့် ကွင်းလယ်ပိုင်းတွင်သာ ကစားလိုသောကြောင့် အသင်းတာဝန်ရှိသူများက လာမည့်ဘောလုံးရာသီတွင် ဥရောပချန်ပီယံဆုကိုပြန်လည်စိန်ခေါ်နိုင်ရန် ဘယ်တောင်ပံခံစစ်ပိုင်းတွင် လီဗာပူးအသင်းကစားသမားရော်ဘတ်ဆန်နှင့်အစားထိုးရန် စီစဉ်နေကြောင်း သိရသည်။

အစောပိုင်းက ရီးရဲလ်မက်ဒရစ်အသင်းအနေဖြင့် ဘယ်တောင်ခံစစ်ပိုင်းအတွက် ဘိုင်ယန်မြူးနစ်အသင်းကစားသမားအယ်ဖွန်ဆိုဒေးဗစ်ကို ခေါ်ယူရန် ကမ်းလှမ်းခဲ့သော်လည်း ဘိုင်ယန်မြူးနစ်အသင်းက ငြင်းပယ်ခဲ့ပြီး ကစားသမားနှင့်စာချုပ်သက်တမ်းတိုးရန် ဆောင်ရွက်နေသောကြောင့် လက်လျှော့ခဲ့ရသော်လည်း လက်ရှိတွင် နည်းပြကာလော့ပ် လက်အောက်တွင် ဆက်လက်ကစားရန် ဆန္ဒမရှိတော့သည့် ခံစစ်ကစားသမားရော်ဘတ်ဆန်ကို ပြောင်းရွှေ့ကြေးစတာလင်ပေါင်သန်း ၄၀ ဖြင့် ခေါ်ယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အသက် ၂၉ နှစ်ရှိ ခံစစ်ကစားသမားရော်ဘတ်ဆန်သည် လီဗာပူးအသင်းနှင့် လာမည့် ၂၀၂၆ ခုနှစ်မှ စာချုပ် သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၂၆၇ ပွဲတွင် သွင်းဂိုးရှစ်ဂိုးနှင့် ဂိုးဖန်တီးမှု ၆၃ ကြိမ်ထိပြုလုပ်ခြေစွမ်းပြသနိုင်ခဲ့ကာ ပရီးမီးယားလိဂ်ဆုဖလား၊ ချန်ပီယံလိဂ်ဆုဖလား၊ အက်ဖ်အေဖလား၊ ယူအီးအက်ဖ်အေစူပါလိဂ်၊ ဖီဖာကမ္ဘာ့ကလပ်ဖလား ချန်ပီယံ တစ်ကြိမ်စီ ဆွတ်ခူးခဲ့ကြောင်း သိရသည်။ ML

# တောင်ကိုရီးယားဂေါက်သီးရိုက်မယ် ဂျင်ယန်းကို ကမ္ဘာ့အဆင့်(၁)နေရာသို့ ပြန်လည်တက်ရောက်

**ဆူးရစ် မေ ၂၄**

ဆွစ်ဇာလန်နိုင်ငံ အခြေစိုက် Rolex Women's World Golf က ထုတ်ပြန်ခဲ့သည့် အမျိုးသမီးဂေါက်သီးရိုက်လောက၏ ကမ္ဘာ့အဆင့် သတ်မှတ်ချက်အရ တောင်ကိုရီးယား ဂေါက်သီးရိုက်မယ်ဂျင်ယန်းကိုက ကမ္ဘာ့အဆင့်(၁)နေရာသို့ ပြန်လည်တက်ရောက်နိုင်ခဲ့ကြောင်း KT သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ယခင် ကမ္ဘာ့အဆင့်(၂)နေရာတွင် ရပ်တည်ခဲ့သည့် ဂျင်ယန်းကိုသည် မကြာသေးမီကကျင်းပခဲ့သော Cognizant Founders Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့ပြီးနောက် ကမ္ဘာ့အဆင့်(၁)နေရာကို ပြန်လည်တက်ရောက်နိုင်ခဲ့ခြင်းလည်းဖြစ်သည်။

ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်ခဲ့သော အမေရိကန်ဂေါက်သီးရိုက်မယ် နယ်လီကော့ဒါက ကမ္ဘာ့အဆင့်(၂)နေရာသို့ကျဆင်းသွားကာ ၂၀၂၂ ခုနှစ် ဂေါက်သီးရိုက်ရာသီတွင် ကမ္ဘာ့အဆင့်(၁)နေရာဖြင့် အဆုံးသတ်နိုင်ခဲ့သော နယူးဇီလန် ဂေါက်သီးရိုက်မယ် လိုင်ဒီယာကိုက ကမ္ဘာ့အဆင့်(၃)နေရာတွင် ရပ်တည်နိုင်ခဲ့သည်။

အမေရိကန်ဂေါက်သီးရိုက်မယ် ဗူလီဖီယာက ကမ္ဘာ့အဆင့်(၄)နေရာတွင် ရပ်တည်နိုင်ခဲ့ပြီး ဩစတြေးလျ ဂေါက်သီးရိုက်မယ် မင်ဂျီလီက ကမ္ဘာ့အဆင့်(၅)နေရာတွင် ရပ်တည်နိုင်ခဲ့သည်။

ဂျင်ယန်းကိုအနေဖြင့် ကမ္ဘာ့အဆင့်(၁)နေရာသို့တက်ရောက်နိုင်ခဲ့သော်လည်း ကမ္ဘာ့အဆင့်(၂) နေရာသို့ ဆင်းပေးလိုက်ရသည့် နယ်လီကော့ဒါနှင့် ရမှတ်ကွာဟမှု ကျဉ်းမြောင်းနေဆဲဖြစ်သည်။



ဂျင်ယန်းကိုက ရမှတ် ၈ ဒသမ ၂၆ မှတ်ရရှိထားကာ နယ်လီကော့ဒါက ရမှတ် ၈ ဒသမ ၂၅ ရမှတ်ရရှိထားသည့်အတွက် ရမှတ်ကွာဟမှုမှာ သုည ဒသမ ၁ သာရှိသောကြောင့် လာမည့်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်(၁)နေရာ အပြောင်းအလဲဖြစ်လာနိုင်ဆဲဖြစ်သည်။

လာမည့် ဇွန် ၁ ရက်တွင် အမေရိကန်နိုင်ငံ နယူးဂျာစီပြည်နယ်တွင်ကျင်းပသွားမည့် Mizuho Americas Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်(၁၀)အတွင်း ရပ်တည်နေသည့်ဂေါက်သီးရိုက်မယ်အများစု ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည့်အတွက် ယင်းပြိုင်ပွဲအပြီးတွင်လည်း ကမ္ဘာ့အဆင့်သတ်မှတ်ချက် အပြောင်းအလဲများ ရှိလာနိုင်ကြောင်း သိရသည်။ AZL

# နူးကမ့်ကွင်းကို အကြီးစားမွမ်းမံရန်အတွက် မာယော့ကာအသင်းနှင့်ပွဲစဉ်ကို အိမ်ကွင်းနောက်ဆုံးပွဲစဉ်အဖြစ်ကစားမည်ဟု ဘာစီလိုနာထုတ်ပြန်

**ဘာစီလိုနာ မေ ၂၄**

ဘာစီလိုနာ အသင်းသည် အိမ်ကွင်းအဖြစ် လက်ခံအသုံးပြုနေသည့် နူးကမ့်အားကစားကွင်းကြီးကို အကြီးစားပြုပြင်မွမ်းမံမှုများ ပြုလုပ်မည်ဖြစ်သည့်အတွက် ယခုနှစ်ဘောလုံးရာသီ နောက်ဆုံးပွဲစဉ်အဖြစ်ကစားမည့် မာယော့ကာအသင်းနှင့်ပွဲစဉ်ကို နောက်ဆုံးအိမ်ကွင်းပွဲစဉ်အဖြစ် ကစားမည်ဖြစ်ကြောင်းFC Barcelona.com က ယနေ့တွင် ဖော်ပြခဲ့သည်။



ဘာစီလိုနာအသင်းသည် လက်ရှိတွင် အသင်းဘဏ္ဍာရေး အကျပ်အတည်းကြုံတွေ့နေရသော်လည်း အသင်းအိမ်ကွင်းကို ငွေကြေးများစွာရင်းနှီးမြှုပ်နှံပြီး အကြီးစားပြုပြင်မွမ်းမံမှုများပြုလုပ်မည်ဖြစ်သည်။

ဘာစီလိုနာ အသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် အိမ်ကွင်း နူးကမ့်အားကစားကွင်းကြီးကို ယူရို ၁ ဒသမ ၅ သန်းထိ အကုန်ကျခံပြီး အကြီးစားပြုပြင်မွမ်းမံမှုများ ပြုလုပ်မည်ဖြစ်သည့်အတွက် လာမည့်ဘောလုံးရာသီ အိမ်ကွင်းပွဲစဉ်များကို ကွင်းပြောင်းလဲအသုံးပြုရမည်ဖြစ်သည်။

ဘာစီလိုနာ အသင်းသည် အိမ်ကွင်းနူးကမ့်အားကစားကွင်းကြီးကို ပြီးခဲ့သည့် ၁၉၅၇ ခုနှစ်က စတင်အသုံးပြုခဲ့ခြင်းဖြစ်ပြီး လက်ရှိအချိန်ထိ ကမ္ဘာတစ်ဝန်းရှိအားကစားကွင်းကြီးများမှ အကောင်းဆုံး အားကစားကွင်းများတွင် တစ်ကွင်းအပါအဝင်အဖြစ် ရပ်တည်လျက်ရှိနေပြီး ယခုနှစ်ဘောလုံးရာသီအကုန်တွင် Spotify ၏ စပွန်ဆာပေးမှုဖြင့် အကြီးစားပြုပြင်မွမ်းမံမှုများပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ STA

# အဲရိုလ်စပန့်နှင့် ခရောဖို့ဒ်တို့ စိန်ခေါ်ပွဲထိုးသတ်သွားရန် သဘောတူညီချက်ရရှိ

**ဝါရှင်တန် မေ ၂၄**

WBO ဝယ်သာဝိတ်တန်းကမ္ဘာ့ချန်ပီယံ အမေရိကန်လက်ဝှေ့သမားခရောဖို့ဒ်နှင့် WBC၊ IBF၊ WBA(Super) ဝယ်သာဝိတ်တန်းကမ္ဘာ့ချန်ပီယံ အမေရိကန်လက်ဝှေ့သမားအဲရိုလ်စပန့်တို့သည် စိန်ခေါ်ပွဲထိုးသတ်သွားရန်အတွက် ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီးနောက် သဘောတူညီချက် ရရှိခဲ့ပြီဖြစ်ကြောင်း Boxing Scene သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ခရောဖို့ဒ်နှင့် အဲရိုလ်စပန့်တို့သည် ဝယ်သာဝိတ်တန်း၏ အကောင်းဆုံးလက်ဝှေ့သမားနှစ်ဦးဖြစ်ပြီး လက်ဝှေ့ပရိသတ်များက ၎င်းတို့၏စိန်ခေါ်ပွဲကို စောင့်မျှော်နေကြသည်။

ခရောဖို့ဒ်နှင့် အဲရိုလ်စပန့်တို့ အကြားဆွေးနွေးမှုပြုလုပ်ခဲ့သည်မှာ တစ်နှစ်နီးပါးခန့် ကြာမြင့်ခဲ့ပြီးနောက် ယခုနှစ် နွေရာသီကာလအတွင်း လက်ဗီးဂတ်စ်တွင် ဝယ်သာဝိတ်တန်း၏ပြိုင်ဘက်ကင်းချန်ပီယံဆုအတွက် ထိုးသတ်ကြမည်ဖြစ်သည်။

ဆွေးနွေးမှု သဘောတူညီချက်ရရှိခဲ့ပြီဖြစ်သော်လည်း ထိုးသတ်မည့် အချိန်နှင့်ရက်စွဲကိုဆက်လက်ဆွေးနွေးမည်ဖြစ်သလို ထိုးသတ်ကြေးကိုလည်း ဆက်လက်ဆွေးနွေးကြမည်ဖြစ်သည်။

သဘောတူညီချက်ရရှိထားသော ဆွေးနွေးမှုတွင် ခရောဖို့ဒ်နှင့် အဲရိုလ်စပန့်တို့၏ စိန်ခေါ်ပွဲတွင် ရှုံးနိမ့်သည့် လက်ဝှေ့သမားက ရက်ပေါင်း ၃၀ အတွင်း မကျေပွဲ ထိုးသတ်ရန် ဆွေးနွေးမှုပြန်လည်ပြုလုပ်ခွင့်ပြုရမည့် သဘောတူညီချက်ကိုလည်းထည့်သွင်းထားသည်။

မကျေပွဲစဉ်ကိုလည်း ယခုနှစ်မကုန်မီ ပြန်လည်ထိုးသတ်နိုင်မည့် သဘောတူညီချက်ကိုပါ ထည့်သွင်းထားကြောင်း သိရသည်။ AZL

# လက်ရည်ဆန်းစစ်မြားပစ်ပြိုင်ပွဲ ပိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနား ကျင်းပ



**နေပြည်တော် မေ ၂၄**

မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် နေပြည်တော်အားကစားလေ့ကျင့်ရေး စခန်းမှ လက်ရွေးစင် မြားပစ်အားကစားသမားများနှင့် လူငယ်အားကစားလေ့ကျင့်ရေးစခန်းမှ လူငယ်မျိုးဆက်သစ် မြားပစ်အားကစားသမားများ၏ လက်ရည်ဆန်းစစ်မြားပစ်ပြိုင်ပွဲ ပိုလ်လုပွဲ ပွဲစဉ်များနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ မြားပစ်လေ့ကျင့်ရေးကွင်း၌ ဆက်လက်ကျင်းပခဲ့သည်။

အဆိုပါ ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ Compound Individual ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဇင်သူရိန်မှူးကို မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတောက်ထွန်းက လည်းကောင်း၊ ဒုတိယဆုရရှိသည့် မြင့်မြတ်ဗိုလ်ကို အားကစားနှင့် ကာယပညာဦးစီးဌာန ယှဉ်ပြိုင်ရေးနှင့်လေ့ကျင့်ရေးဌာနခွဲ(၁)မှ ညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင်ကလည်းကောင်း၊ တတိယဆုရရှိသည့် မစုစုလှိုင်ကို မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်အမှုဆောင် ဦးသူရစိုးကလည်းကောင်း၊ Recurve တစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် သီဟထက်ဇော်ကို အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်းကလည်းကောင်း၊ ဒုတိယဆုရရှိသည့် ယမင်းသူကို အားကစားနှင့်ကာယပညာဦးစီးဌာန ယှဉ်ပြိုင်ရေးနှင့်လေ့ကျင့်ရေးဌာနခွဲ(၂)မှ ညွှန်ကြားရေးမှူး ဦးကျော်ဇင်မိုးကလည်းကောင်း၊ တတိယဆုရရှိသည့် ကောင်းခန့်မော်ကို အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာနလက်ထောက်အတွင်းဝန် ဦးသီဟဇော်ကလည်းကောင်း အသီးသီးချီးမြှင့်ခဲ့သည်။

ဆက်လက်ပြီး ပြိုင်ပွဲတွင် အတိုးတက်ဆုံးအားကစားသမားဆုရရှိသည့် လူငယ်အားကစားလေ့ကျင့်ရေးစခန်း (Youth Camp) မှ မြင့်မြတ်ဗိုလ်ကို အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးကဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

STA

# နည်းပြဖြစ်သူ ဖိလစ်ပိုစစ်နှင့်လမ်းခွဲကြောင်း ဂရိတင်းနစ်သမားစတီဖာနို့စ် ထုတ်ပြန်ကြေညာ

**အေသင် မေ ၂၄**

ဂရိအဆင့်(၁) တင်းနစ်ကစားသမား စတီဖာနို့စ်သည် အောင်မြင်မှုရရှိရန် ရုန်းကန်နေရခြင်းကြောင့် နည်းပြဖြစ်သူ ဖိလစ်ပိုစစ်နှင့် လမ်းခွဲလိုက်ပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု First Post သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့အဆင့်(၅) နေရာတွင် ရပ်တည်နေသည့် စတီဖာနို့စ်သည် ပြင်သစ်အိုးပင်း တင်းနစ်ပြိုင်ပွဲ စတင်ရန်ရက်ပိုင်းအလိုတွင် နည်းပြဖြစ်သူနှင့် လမ်းခွဲလိုက်ပြီးနောက် နည်းပြသစ် ခန့်အပ်သွားမည်မဟုတ်ဘဲ ဖခင်ဖြစ်သူက နည်းပြတာဝန်ကို ထမ်းဆောင်ပေးမည်ဖြစ်ကြောင်းလည်း စတီဖာနို့စ်က ထုတ်ပြန်ခဲ့သည်။

စတီဖာနို့စ်၏ ဖခင်ဖြစ်သူ အပိုစတိုလိုသည် ၂၀၂၂ ခုနှစ် တင်းနစ်ရာသီ ဒုတိယရာသီဝက်မှစတင်၍ နည်းပြအဖွဲ့ဝင်တစ်ဦးဖြစ်လာခဲ့ပြီး စတီဖာနို့စ် ပါဝင်ယှဉ်ပြိုင်သော ပြိုင်ပွဲတိုင်းတွင်လည်း လိုက်ပါကြည့်ရှုအားပေးခဲ့သည်။

ဖိလစ်ပိုစစ်သည် စတီဖာနို့စ်နှင့် လမ်းခွဲလိုက်ပြီဖြစ်ကြောင်းကို အတည်ပြုခဲ့သော်လည်း မည်သည့်ကိစ္စကြောင့် လမ်းခွဲသည်ကိုတစ်စုံတစ်ရာထုတ်ပြန်ခဲ့ခြင်းမရှိကြောင်း သိရသည်။

နည်းပြဖိလစ်ပိုစစ်က "ကျွန်တော့်ကို နည်းပြအဖြစ်ခန့်အပ်ပေးခဲ့တဲ့ စတီဖာနို့စ်ကိုကျေးဇူးတင်ပါတယ်။ သူနဲ့လက်တွဲအလုပ်လုပ်ရတဲ့ကာလတစ်လျှောက် အတွေ့အကြုံကောင်းတွေလဲ အများကြီးရခဲ့ပြီးပျော်ရွှင်စရာအမှတ်တရတွေလဲ အများကြီးကျန်ခဲ့ပါတယ်။ အတူလက်တွဲအလုပ်လုပ်ခဲ့တဲ့ ကာလတိုလေးအတွင်းမှာရရှိခဲ့တဲ့အောင်မြင်မှုတွေအတွက် အမြဲတမ်းဂုဏ်ယူနေမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL



# ချဲလ်ဆီးခံစစ်ကစားသမား ဘာဒီယာရှီ တံကောက်ကြောဒဏ်ရာကြောင့် ရာသီကြိုလေ့ကျင့်ရေးခြေစမ်းပွဲစဉ်များကို လွဲချော်မည်

**လန်ဒန် မေ ၂၄**

ချဲလ်ဆီးအသင်း ခံစစ်ကစားသမားဘာဒီယာရှီသည် လေ့ကျင့်ရေး အစီအစဉ်တွင်ရရှိခဲ့သည့် တံကောက်ကြော ဒဏ်ရာကြောင့် အသင်းနှင့် ရာသီကြိုလေ့ကျင့်ရေး ခြေစမ်းပွဲစဉ်များကိုပါလွဲချော်ရမည်ဖြစ်ကြောင်း Football London သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၂ နှစ်ရှိ ဘာဒီယာရှီသည် ပြီးခဲ့သည့် ဇန်နဝါရီကစားသမား အပြောင်းအရွှေ့ကာလက မိုနာကိုအသင်းမှ ချဲလ်ဆီးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီတွင် ပွဲစဉ်အနည်းငယ်သာ ကစားခဲ့ရကာ အသင်းနှင့်လေ့ကျင့်ခန်းအစီအစဉ်တွင် တံကောက်ကြောဒဏ်ရာရရှိခဲ့သည့်အတွက် အနည်းဆုံး သုံးလမှ အများဆုံးလေးလခန့်ထိ အနားယူရမည့်အခြေအနေကြောင့် ရာသီကြိုခြေစမ်းပွဲစဉ်များအပြင် လာမည့်နှစ်ဘောလုံးရာသီ အစပိုင်းပွဲစဉ်များကိုပါ လွဲချော်ရဖွယ်ရှိနေခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်းက "ဘာဒီယာရှီအနေနဲ့ အသင်းလေ့ကျင့်ရေးအစီအစဉ်မှာ တံကောက်ကြောဒဏ်ရာရရှိခဲ့လို့ အသင်းနဲ့ယခုနှစ်ဘောလုံးရာသီမှာ ကစားမဲ့ပွဲစဉ်တွေကို ပါဝင်နိုင်တော့မှာမဟုတ်ပါဘူး။ သူ့အနေနဲ့ အနည်းဆုံးသုံးလလောက်ထိ အနားယူရနိုင်တယ်လို့ အသင်းဆေးအဖွဲ့က ပြောကြားထားတဲ့အတွက် ရာသီကြိုခြေစမ်းပွဲစဉ်တွေအပြင် လာမဲ့ရာသီအစပိုင်း ပွဲစဉ်တွေကိုပါ လွဲချော်နိုင်ပါတယ်။ သူ့ဒဏ်ရာနဲ့ပတ်သက်ပြီး မကြာခင်အသေးစိတ်ထပ်ပြီး စစ်ဆေးရဦးမှာပါ"ဟု ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

STA

# မူလအနေအထားထက် ပိုမိုကောင်းမွန်သောအခြေအနေသို့

လက်ရှိအချိန်တွင် ကမ္ဘာကြီးပူနွေးလာပြီး ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် သဘာဝဘေးအန္တရာယ်များ ခပ်စိပ်စိပ်ကြုံတွေ့လာရသည်။ လေမုန်တိုင်းတိုက်ခတ်ခြင်း၊ မြေငလျင်လှုပ်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရေလျှံခြင်း၊ မြေပြိုခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ဆူနာမီလှိုင်းများမြင့်တက်လာခြင်း၊ မိုးခေါင်ရေရှားခြင်း၊ ရောဂါအသစ်အဆန်းများကျရောက်ခြင်း စသည့်ဘေးအန္တရာယ်များ ကြုံတွေ့လာရသည်။ သဘာဝဘေးအန္တရာယ်မည်မျှကြီးမားသည်ကို သေကျေထိခိုက်မှု၊ ပျက်စီးဆုံးရှုံးမှုများနှင့် တိုင်းတာနိုင်သည်။ မေ ၁၄ ရက်တွင် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါသည် မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းဒေသများကို စစ်တွေမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့သည်။

## ကြိုတင်ပြင်ဆင်ခဲ့

ဆိုင်ကလုန်းမုန်တိုင်းမိုခါမစတင်မီ မေ ၆ ရက်ကတည်းက နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသည် သဘာဝဘေးအန္တရာယ်စီမံချက်များ၊ တည်မြဲအမိန့်များအပေါ် မူတည်၍ မုန်တိုင်းဝင်ရောက်နိုင်သည့် ခန့်မှန်းနေရာများအလိုက် ညွှန်ကြားချက်များထုတ်ပြန်ခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်း စသည့်ကြိုတင်ပြင်ဆင်ဆောင်ရွက်စရာရှိသည်များကို ဘက်စုံထောင့်စုံမှ ဟာကွက်မရှိအောင် ပြင်ဆင်ခဲ့သည်။ အထူးသဖြင့် မုန်တိုင်းဒဏ်သင့်ဒေသများအတွက် ဆန်နှင့်ရိက္ခာများကို ကြိုတင်စုဆောင်းထားရှိပြီး အချိန်နှင့်တစ်ပြေးညီပေးပို့နိုင်ရေး တပ်မတော်လေယာဉ်များ၊ ရေယာဉ်များ၊ မော်တော်ယာဉ်များပေါ်သို့တင်ဆောင်၍ အသင့်ပြင်ဆင်ထားခဲ့သည်။ ထိုသို့ ကြိုတင်ပြင်ဆင်မှုအားကောင်းခဲ့သဖြင့် အသေအပျောက်နှင့် ပျက်စီးဆုံးရှုံးမှုနည်းခဲ့သည်။

## ထိခိုက်ဆုံးရှုံးမှုများ

သို့သော် မုန်တိုင်းတိုက်ခတ်မှုအပါအဝင် သဘာဝဘေးအန္တရာယ်တစ်ခုခုဖြစ်လျှင် ထိခိုက်ဆုံးရှုံးမှုတော့ ရှိစမြဲပင်ဖြစ်သည်။ ဆိုင်ကလုန်းမုန်တိုင်းမိုခါ ဖြတ်သန်းတိုက်ခတ်မှုကြောင့် လူနေအိမ်များ၊ ရုံးအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ သာသနိကအဆောက်အအုံများ အမိုးလန်ပျက်စီးခြင်း၊ ရုပ်သံထုတ်လွှင့်တာဝါတိုင်နှင့် ဆက်သွယ်ရေးတာဝါတိုင်အချို့ ပြိုကျပျက်စီးခဲ့သည်။ မေ ၁၉ ရက်ထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် စုစုပေါင်းပျက်စီးဆုံးရှုံးမှုနှင့် သေဆုံးမှုသည် လူနေအိမ် ၁၈၃၀၂၄ လုံး၊ သာသနိကအဆောက်အအုံ ၁၇၁၁ လုံး၊ ဘုန်းတော်ကြီးကျောင်း ၅၉ ကျောင်း၊ စာသင်ကျောင်း ၁၃၉၇ ကျောင်း၊ ဆေးရုံ၊ ဆေးခန်း ၂၂၇ ခု၊ ဆက်သွယ်ရေးတာဝါတိုင် ၁၁ ခု၊ ဓာတ်မီးတိုင် ၁၁၉ တိုင်၊ ထရန်စဖော်မာ ငါးခု၊ ဈေးတစ်ခု၊ စစ်တွေလေဆိပ်နှင့် ကျောက်ဖြူလေဆိပ်၊ ဌာနဆိုင်ရာအဆောက်အအုံအလုံး ၃၄၀ ပျက်စီးခဲ့ပြီး သေဆုံးသူ ၁၄၅ ဦးရှိခဲ့သည်။

## အားလုံးပူးပေါင်းဆောင်ရွက်ရန်လို

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် မုန်တိုင်းဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးနှင့်စပ်လျဉ်း၍ မေ ၁၅ ရက်တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ပြောကြားခဲ့ရာတွင် "ကူညီကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်စစ်ရေယာဉ်များဖြင့်တင်ဆောင်လျက်ရှိပြီး ရခိုင်ပြည်နယ်သို့အမြန်ဆုံးရောက်ရှိအောင် ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း၊ ဦးစားပေးအနေဖြင့် လမ်းပန်းဆက်သွယ်ရေးကို အမြန်ဆုံးပြန်လည်ကောင်းမွန်အောင် ဦးစားပေးဆောင်ရွက်ရန်လိုကြောင်း၊ အများနှင့်သက်ဆိုင်သည့်ပညာသင်ကြားရေးဖြစ်သည့် အခြေခံပညာအထက်တန်းကျောင်းများကိုလည်း ဦးစားပေးပြုပြင်ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ လုပ်စရာရှိသည်များကို မြန်မြန်ဆန်ဆန်ဖြင့် လုပ်ဆောင်ရန်လိုကြောင်း၊ အားလုံးပူးပေါင်းဆောင်ရွက်မည်ဆိုပါက အမြန်ဆုံး မူလအခြေအနေသို့ ရောက်ရှိလာမည်ဖြစ်ကြောင်း၊ ပြည်အင်အားသည်ပြည်တွင်း၌သာရှိသဖြင့် အားလုံးပူးပေါင်းဆောင်ရွက်မည်ဆိုပါက အောင်မြင်နိုင်မည်ဖြစ်ကြောင်း" ထည့်သွင်းပြောကြားသွားသည်။



## တာဝန်ပေးအပ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မုန်တိုင်းဖြတ်သန်းတိုက်ခတ်ခဲ့သော ရခိုင်ပြည်နယ်ရှိ ၁၇ မြို့နယ်ကို မေ ၁၅ ရက်တွင်လည်းကောင်း၊ ချင်းပြည်နယ်ရှိ လေးမြို့နယ်ကို မေ ၁၆ ရက်တွင်လည်းကောင်း သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ်ကြေညာခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းမြန်မြန်ဆန်ဆန်ဆောင်ရွက်နိုင်ရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။ ထို့ပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်အလိုက် တပ်မတော်အရာရှိကြီးများကို တာဝန်ပေးအပ်ခဲ့သည့်အပြင် အနီးကပ်ကြီးကြပ်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်တို့ကို တာဝန်ပေးအပ်ခဲ့သည်။

## မြန်မြန်ဆန်ဆန်လုပ်ဆောင်

မုန်းတိုင်အလွန်၊ မုန်တိုင်းဒဏ်သင့်ဒေသများတွင် ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် အမျိုးသားအဆင့်နှင့် ပြည်နယ်အဆင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီများကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။ ရခိုင်ပြည်နယ်ရှိ မုန်တိုင်းဒဏ်သင့်ဒေသများသို့ပံ့ပိုးနိုင်ရန် တပ်မတော်လေယာဉ်၊ ရေယာဉ်များဖြင့်လည်း ကူညီကယ်ဆယ်ရေးပစ္စည်းများ၊ ပြန်လည်ထူထောင်ရေးပစ္စည်းများပို့ဆောင်၍ လိုအပ်သည့်ဒေသများသို့ နေ့စဉ်ဖြန့်ဝေပေးလျက်ရှိသည်။ ထိုသို့ ပြန်လည်ထူထောင်ရေးဆောင်ရွက်ရာတွင် အမှန်တကယ်လိုအပ်သည့်နေရာများသို့ အလေအလွင့်မရှိစေဘဲ အချိန်မီရောက်ရှိစေရေးနှင့် စနစ်တကျလက်ဝယ်ရောက်ရှိစေရေးအတွက် တပ်မတော်အရာရှိကြီးများသည် မုန်တိုင်းဒဏ်သင့်မြို့နယ်များအလိုက် ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။ ၎င်းတို့သည် အတွေ့အကြုံရှိပြီးဖြစ်သဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မြန်မြန်ဆန်ဆန်ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

## စေတနာထက်သန်စွာလှူဒါန်း

မုန်တိုင်းဒဏ်သင့်ဒေသများအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှအလှူရှင်များကလည်း ဝိုင်းဝန်းလှူဒါန်းလျက်ရှိရာ မေ ၁၉ ရက်ထိ ပြည်တွင်းအလှူရှင်များ၏လှူဒါန်းမှုသည် မြန်မာငွေကျပ် ဘီလီယံ ၂၀ ကျော်ရရှိနေပြီဖြစ်သည်။ ထို့ပြင် အာဆီယံနိုင်ငံများကလည်း မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာပစ္စည်းများ လွှဲပြောင်းပေးခဲ့သည်။ အလားတူ တရုတ်နှင့် အိန္ဒိယတို့ကလည်း အကူအညီများပေးပို့လျက်ရှိသည်။ ထို့ပြင် နိုင်ငံတကာကလည်း အကူအညီပေးအပ်မည်ဟု ကမ်းလှမ်းမှုများရှိထားသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်တွင်း၊ ပြည်ပမှလှူဒါန်းသည့်အလှူငွေများနှင့် ပစ္စည်းများကို မုန်တိုင်းဒဏ်သင့်ဒေသများမှ ပြည်သူများ တစ်ဦးတစ်ယောက်မှ မကျန်ရှိစေရေး ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

## မုန်တိုင်းအလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ

မုန်တိုင်းအလွန်ကာလတွင် စားရေရိက္ခာဖူလုံစေရေး၊ သန့်ရှင်းသည့်သောက်သုံးရေရရှိရေး၊ ကျန်းမာရေးစောင့်ရှောက်မှုအပြည့်အဝပေးနိုင်ရေး၊ ဆေးရုံနှင့်ကျောင်းများကို အမြန်ဆုံးပြန်လည်ပြင်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ ဦးစားပေးပြင်ရန်သတ်မှတ်ထားသည့် စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ သာသနိကအဆောက်အအုံများပြုပြင်ခြင်း၊ မြို့ပေါ်၊ ရပ်ကွက်များနှင့်လမ်းမများတွင် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့အပြင် လျှပ်စစ်မီးနှင့် ဆက်သွယ်ရေးလိုင်းများ အမြန်ဆုံးပြန်လည်ရရှိစေရေးကိုလည်းဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနသည် မုန်တိုင်းသင့်ဒေသများမှ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ရာတွင် နယ်လှည့်အထူးကုဆေးအဖွဲ့များ၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့များနှင့် ဆေးအဖွဲ့များက မြို့နယ်အဆင့်မှ ကျေးလက်ဒေသထိ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပေးလျက်ရှိသည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပရဟိတအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများက ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ဒေသခံများအနေဖြင့်လည်း ပူးပေါင်းဆောင်ရွက်ပါက မူလအခြေအနေသို့ အမြန်ဆုံးပြန်လည်ရောက်ရှိလာမည်ဖြစ်သည်။

စင်စစ်အားဖြင့် ရခိုင်ပြည်နယ်အတွင်း တိုက်ခတ်ခဲ့သော အင်အားအလွန့်အလွန်ကောင်းသည့် ဆိုင်ကလုန်းမုန်တိုင်းမိုခါသည် နာဂစ်မုန်တိုင်းနီးပါး ပြင်းထန်ခဲ့သော်လည်း ကြိုတင်ပြင်ဆင်မှုအားကောင်းခဲ့သည့်အတွက် အသေအပျောက်၊ ထိခိုက်ဒဏ်ရာရရှိမှု အနည်းဆုံး၊ အသက်သာဆုံးဖြင့် ဖြတ်ကျော်နိုင်ခဲ့သည်။ တိုင်းပြည်၏အင်အားသည် ပြည်တွင်းမှာသာရှိသည့်အတွက် ပျက်စီးမှုများကို နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ တပ်မတော်တို့စည်းလုံးညီညွတ်မှုဖြင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မူလအနေအထားထက်ပင် ပိုမိုကောင်းမွန်သောအခြေအနေသို့ ရောက်ရှိမည်ဟု ခိုင်မာစွာယုံကြည်မိပါတော့သည်။

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# မြန်အောင်မြို့နယ် နတ်ပီတိကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မြန်အောင် မေ ၂၄**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ဆင်းရဲမှုလျော့ကျလာစေရန် ရည်ရွယ်၍ နတ်ပီတိကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို မေ ၂၃ ရက်က အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ထွန်းအောင်နှင့် ဝန်ထမ်းများက ကျေးရွာရပ်မိ၊ ရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများမှ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၈ ဒသမ ၇ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက နတ်ပီတိကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၉ ဦးကို ငွေကျပ် ၃၀ ဒသမ ၅သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၂ ဦးကို ငွေကျပ် ၁၀ ဒသမ ၄သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦးကို ငွေကျပ် ၇ ဒသမ ၈ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၁၄ ဦးကို ငွေကျပ် ၄၈ ဒသမ ၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**

# ယောက်ျားကောင်းအတောင်နှစ်ဆယ် ဇာတ်ကား အောက်တိုဘာလအတွင်း ရုံတင်မည်




**ရန်ကုန် မေ ၂၄**

ယောက်ျားကောင်းအတောင်နှစ်ဆယ် ရုပ်ရှင်ဇာတ်ကားကို ယခုနှစ် အောက်တိုဘာလအတွင်း ရုံတင်ပြသမည်ဖြစ်ကြောင်း ဘုန်းရောင်လျှံ ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်သူ ဦးအောင်ကျော်ဇာ (ကိုဂျက်)က ပြောပြ၍ သိရသည်။

ယောက်ျားကောင်း အတောင်နှစ်ဆယ် ရုပ်ရှင်ဇာတ်ကားသည် ဇာတ်သဘင်လောကသားများ၏ လူနေမှုဘဝနှင့် မေတ္တာဘွဲ့ကို ရည်ညွှန်းသည့် ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း၊ အဆိုပါရုပ်ရှင်ဇာတ်ကား၏ နောက်ဆုံးဇာတ်ဝင်ခန်းတချို့ကို မေ ၁၀ ရက်က ရိုက်ကူးပြီးစီးခဲ့ပြီဖြစ်သောကြောင့် ဇာတ်ကားအတွက် တည်းဖြတ်မှုများကို ဆောင်ရွက်လျက်ရှိကာ လာမည့်အောက်တိုဘာလအတွင်း ရုံတင်ပြသနိုင်မည်ဖြစ်ကြောင်း သိရသည်။

"ကိုယ်ပိုင်နတ်ကနား လမိုင်းပွဲပေးရင်းနဲ့ ကိုကြီးကျော်အက ကတဲ့ ဇာတ်ဝင်ခန်းကို ဘိုးဘိုးကြီးနတ်နန်းမှာ ရိုက်ကူးခဲ့တာ။ အဲဒီမှာ ထူးထူးခြားခြားအနေနဲ့ မင်းသားကိုယ်တိုင်ကလဲ ဇာတ်ဝင်ခန်းရိုက်ကူးနေရင်းနဲ့ သက်ဝင်လှုပ်ရှားပြီး ကိုကြီးကျော်တကယ်ဝင်တဲ့ ပုံစံမျိုးဖြစ်သွားခဲ့တယ်။ သူ့ဇာတ်ရုပ်မှာ ကိုကြီးကျော်ကိုယ်တိုင် ဝင်းစီးပူးကပ်ပြီး ကပြသွားတဲ့နေရာမှာလဲ ကကြိုးကကွက်တွေဟာ တကယ့်ကို အသက်ဝင်တာကို တွေ့ရတယ်။ ဒီဇာတ်ကားက စပြီးရိုက်ကတည်းက လမိုင်းကပ်ခဲ့တယ်။ ဒ့ါပြင် ဒီဇာတ်ကားရဲ့ ထုတ်လုပ်ရေးပိုင်း၊ ဒါရိုက်တာကအစ သရုပ်ဆောင်တွေ၊ အောက်ခြေက စက်အဖွဲ့သားတွေ အကုန်လုံးက တအားကြိုးစားကြတယ်"ဟု ဘုန်းရောင်လျှံ ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်သူ ဦးအောင်ကျော်ဇာ (ကိုဂျက်)က ပြောပြသည်။

အဆိုပါဇာတ်ကားသည် စာရေးဆရာ တင်သန်းဦး၏ဝတ္ထုကို ရုပ်ရှင်ဇာတ်ကားအဖြစ် ပြန်လည်ရိုက်ကူးထားခြင်းဖြစ်ပြီး ဇာတ်ညွှန်းဇော်မြင့်ဦးက ရေးသားပေးထားပြီး ဒါရိုက်တာ မောင်တင်ငြိမ်း(ရွှမဝ)က ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း၊ သရုပ်ဆောင် မင်းဆက်၊ ဟန်နီ၊ သက်မြတ်နိုး၊ ငွေဖူးထက်မြက်တို့အပြင် ဝါရင့်သရုပ်ဆောင်များစွာလည်း ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Fast and Furious မူကွဲဇာတ်ကားများ ရိုက်ကူးရန် ပြင်ဆင်နေ

**နယူးယောက် မေ ၂၄**

Fast and Furious မူကွဲဇာတ်ကားများ ရိုက်ကူးထုတ်လုပ်ရန် ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီက ပြင်ဆင်နေကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က မေ ၂၃ ရက်တွင် ရေးသားတင်ပြထားသည်။

ယာဉ်အပြိုင်မောင်းနှင်ခန်းများကို အသားပေးသည့် မှုခင်းအက်ရှင်ဇာတ်ကားများဖြစ်ကြသည့် Fast and Furious ဇာတ်ကားများကို ၂၀၀၁ ခုနှစ်မှစ၍ ရိုက်ကူးထုတ်လုပ်ခဲ့သည်။

လက်ရှိတွင် အဆိုပါဇာတ်ကားတွဲ၏ ၁၀ ကားမြောက်နှင့် နောက်ဆုံးပိုင်း ပထမဇာတ်ကားဖြစ်သည့် Fast X ဇာတ်ကားကို ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီက ရုံတင်ပြသလျက်ရှိသည်။

သို့ရာတွင် မိမိတို့အနေဖြင့် အမျိုးသမီး ဇာတ်ဆောင်များ ဦးဆောင်မည့် Fast and Furious မူကွဲဇာတ်ကားများအပြင် အခြား Fast and Furious မူကွဲဇာတ်ကားများ ဆက်လက်ရိုက်ကူးရေးအတွက် စတင်ပြင်ဆင်နေပြီဖြစ်ကြောင်း မင်းသား ဗင်ဒီဆယ်က အတည်ပြု ပြောကြားထားသည်။

လက်ရှိတွင် ယူနီဗာဆယ်နှင့် မင်းသား ဗင်ဒီဆယ်တို့သည် Fast X ဒုတိယပိုင်းကို ဆက်လက်ရိုက်ကူးနိုင်ဖွယ်ရှိကြောင်း သိရသည်။ KKO



# ပြည်ပရှိ မြန်မာအမှတ်တရပစ္စည်းအရောင်းဆိုင်များသို့ ရွှေတုံးရွှေပြားနင်းလာဘ်ခေါ်ယုန်မင်းပန်းပုရုပ်များ တင်ပို့မည်ဖြစ်

**ရန်ကုန် မေ ၂၄**

ပြည်ပရှိ မြန်မာအမှတ်တရပစ္စည်းအရောင်းဆိုင်များသို့ ကျွန်းမွှေးသားဖြင့် ထုလုပ်ထားသည့် ရွှေတုံးရွှေပြားနင်းလာဘ်ခေါ်ယုန်မင်းပန်းပုရုပ်များ တင်ပို့မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမြို့နယ်ရှိ မြန်မာမဏ္ဍိုင် အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းစင်တာ မန်နေဂျင်းဒါရိုက်တာ ဦးမောင်မောင်အေးက ပြောပြ၍ သိရသည်။

တရုတ်နိုင်ငံ ကျယ်ဂေါင်မြို့တွင် မြန်မာနိုင်ငံသားများ ဖွင့်လှစ်ထားသည့် မြန်မာအမှတ်တရပစ္စည်းအရောင်းဆိုင်များသို့ လာမည့်ဇွန်လတွင် ကျွန်းမွှေးသားဖြင့်ထုလုပ်ထားသည့် မြန်မာပန်းပုလက်ရာ ရွှေတုံးရွှေပြားနင်း လာဘ်ခေါ်ယုန်မင်းပန်းပုရုပ်များကို ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ နယ်စပ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် တင်ပို့မည်ဖြစ်ကြောင်း သိရသည်။

"တရုတ်နိုင်ငံမှာရှိတဲ့ ကျယ်ဂေါင် ဝမ်တိန်မြို့မှာရှိတဲ့ အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်တွေကို ကျွန်းမွှေးသားနဲ့ထုလုပ်ထားတဲ့ မြန်မာပန်းပုလက်ရာဖြစ်တဲ့ အလျား ခုနစ် လက်မ၊ အမြင့် ရှစ်လက်မ၊ ဒု ၃ ဒသမ ၅ လက်မအရွယ်အစား ရွှေတုံးရွှေပြားနင်းလာဘ်ခေါ်ယုန်မင်းပန်းပုရုပ် အစုံ ၃၀ တင်ပို့ရမှာဖြစ်ပါတယ်။ ဆေးရောင်ပါ တင်ပေးရမှာပါ။ ကျွန်တော်တို့ ကိုယ်ပိုင်အလုပ်ရုံမှာပဲ ထုလုပ်မှာဖြစ်ပါတယ်။ ဈေးကွက်ထဲမှာ ဒီပန်းပုရုပ်တစ်ရုပ်ကို ငွေကျပ် ၅၅၀၀၀ နဲ့ ရောင်းပါတယ်"ဟု ဦးမောင်မောင်အေးက ပြောပြသည်။



မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းများကို ပြည်တွင်းရှိ အမှတ်တရ ပစ္စည်းအရောင်းဆိုင်များ သာမက ဟောင်ကောင်၊ မကာအို၊ ဒါကာ၊ စစ်တကောင်း၊ ကျယ်ဂေါင်၊ မဲဆောက်၊ မယ်ဆိုင် စသည့် မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့်နိုင်ငံများရှိ နယ်စပ်မြို့များတွင် ဖွင့်လှစ်ထားသည့် မြန်မာအမှတ်တရပစ္စည်းအရောင်းဆိုင်များသို့လည်း တင်ပို့လျက်ရှိကြောင်း သိရသည်။ ASH

# Lift ဟာသအက်ရှင်ဇာတ်ကား ရုံတင်ပြသမည့်ရက် ရွှေ့ဆိုင်းထား

**နယူးယောက် မေ ၂၄**

Lift အမည်ရှိ ဟာသအက်ရှင်ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို Netflix ရုပ်ရှင်ကုမ္ပဏီက ရွှေ့ဆိုင်းထားကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က မေ ၂၃ ရက်တွင် ရေးသားတင်ပြထားသည်။

ရုံတင်ကာလပြင်ဆင်သတ်မှတ်ချက်အရ Netflix ရုပ်ရှင်ကုမ္ပဏီသည် Lift ဇာတ်ကားကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၂ ရက်မှသာ ရုံတင်ပြသမည်ဖြစ်ပြီး မူလက Netflix ရုပ်ရှင်ကုမ္ပဏီသည် Lift ဇာတ်ကားကို ၂၀၂၃ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် ရုံတင်ပြသရန် စီစဉ်ထားကြောင်း သိရသည်။

Lift ဇာတ်ကားတွင် မင်းသား ကီဗင်ဟာ့ အပါအဝင် ကမ္ဘာကျော် ဟောလိဝုဒ်သရုပ်ဆောင် အများအပြား သရုပ်ဆောင်ထားသည်။

Lift ဇာတ်ကား၏ ဝတ္ထုဇာတ်ညွှန်းကို ဒန်နီယယ်ကွန်ကာနှင့် ဆိုင်းမွန်ကင်းဘာ့တို့က ရေးသားပေးထားပြီး ဒါရိုက်တာ အက်ဂါရီဂရေးက ရိုက်ကူးပေးထားကြောင်း၊ အဆိုပါ ဇာတ်ကားသည် အကြမ်းဖက်တိုက်ခိုက်မှုတစ်ရပ်ကို တားဆီးရေးအတွက် နိုင်ငံတကာဖောက်ထွင်းဝိဇ္ဇာအဖွဲ့တစ်ဖွဲ့က ကူညီပေးခဲ့ပုံကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။ KKO



# ထောင်ထွက် ရုပ်ရှင်ဇာတ်ကားကို SkyNet၊ ကြယ်တံခွန် YouTube Channel နှင့် NHN Application မှ ထုတ်လွှင့်သွားမည်

**ရန်ကုန် မေ ၂၄**

ထောင်ထွက် ရုပ်ရှင်ဇာတ်ကားကို SkyNet၊ ကြယ်တံခွန် YouTube Channel နှင့် NHN Application မှ လာမည့်ဇွန်လတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါရုပ်ရှင်ဇာတ်ကားကို စီစဉ်ထုတ်လုပ်သူ သရုပ်ဆောင် နေထူးနိုင်က ပြောပြ၍ သိရသည်။

ထောင်ထွက် ရုပ်ရှင်ဇာတ်ကားသည် တစ်ပိုင်းတည်းအပြီး ဇာတ်ကားဖြစ်ကာ ဇွန်လပထမပတ်အတွင်း ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"လူငယ်တွေအတွက် အချစ်နဲ့ဘဝ အောင်မြင်မှုဆိုင်ရာပညာပေးဇာတ်ကားလေးကိုတော့ ကျွန်တော်ရဲ့ ကိုယ်ပိုင် YouTube Channel ဖြစ်တဲ့ ကြယ်တံခွန် YouTube Channel ကနေ ဇွန်လပထမပတ်အတွင်းမှာ အခမဲ့ထုတ်လွှင့်သွားမဲ့အပြင် SkyNet ရုပ်သံလိုင်းကလဲ ဇွန်လလောက်မှာ ထုတ်လွှင့်ပြသသွားမှာပါ"ဟု သရုပ်ဆောင် နေထူးနိုင်က ပြောပြသည်။

ထောင်ထွက် ရုပ်ရှင်ဇာတ်ကားသည် ဇာတ်လမ်း၊ ဇာတ်ညွှန်းကို ဒါရိုက်တာ ဇော်ထွန်းက ဖန်တီးတင်ဆက်ထားခြင်းဖြစ်ပြီး သရုပ်ဆောင် နေထက်နိုင်၊ ရဝီန်၊ ဇွန်သီရိမောင်၊ မင်းဇော်လေး၊ ရန်လင်းအောင်၊ တင့်နိုင်ဝင်း၊ ထက်နိုင်ဦး၊ အောင်ကျော်မိုး စသည့် အနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Myanmar trying to seek international recognition as "Made in Myanmar" in CMP clothing products



The large worksite of a CMP garment factory.

**Yangon May 24**

Myanmar is trying to reach a status in which the clothes it is making domestically are recognized as "Made in Myanmar", said a member of the central executive committee of Myanmar Garment Manufacturers Association.

MGMA has been able to build a platform where Myanmar's garment industry has a high demand in the European market. Therefore, efforts are now being made to reach such a statue where Myanmar's clothing products are named "Made in Myanmar" in the European market.

"The garment factories in our country are creating secure job opportunities for domestic workers and their families. The garment industry is helping the country earn foreign exchange in foreign trade. Currently, Myanmar's CMP garment businesses have gained ground in China, Thailand and Europe. So we are trying to be recognized as "Made in Myanmar", said CEC member Daw Kay Thwe Myint Oo.

Measures are also being taken to seek cooperation with international partner countries under the European Union to continue making clothes to meet the demands from international brands.

In the previous 2023-2024 financial year, exports of CMG garments earned US$384 million. According to MGMA, there are over 500 CMP garment businesses across the country. ASH

# Ministers, those from chambers of commerce and industry from Myanmar and India discuss trade and transport sectors

**Sittway May 24**

Myanmar minister and those from chambers of commerce and industry held a meeting with their counterparts of India, according to the Ministry of Commerce on 11 May.

Deputy Prime Minister Union Minister for Transport and Communications Admiral Tin Aung San and Indian Ports, Shipping and Waterways Minister Shri Sarbananda Sonowal formally opened the Sittway Port included in the Kaladan Multi-Model Transport Project in Sittway on 9 May.

They held a meeting at Sittway Hotel in Rakhine State in the afternoon. They focused on payment in trading between the two countries, convenience of spending foreign exchange, tax exemption for Myanmar export goods sent from Sittway Port, setting plans for regular ferry between Sittway and Kolkata, plan to charge fare of using new Sittway Port in Myanmar kyat, running of local vessels of businesspersons in Sittway-Paletwa route and Sittway-Yangon coastal transport.

Moreover, they meeting discussed invitation to Indian businesspersons and Rakhine businesspersons to boosting MSME in Rakhine State. 336

# Trade value at border trade camps along Myanmar-Thai border reaches US$400 million in April

**Nay Pyi Taw May 24**

Trade value at border trade camps along Myanmar-Thai border region earned US$400 million in April of 2023-24 financial year, said deputy director Daw Cho Thet Mu of Trade Policy Branch of Trade Department.

Among these border trade camps, Myawady and Htikhee camps pocketed the largest amount of income in trading.

"In trading along Myanmar-Thai border, Myawady border earned $120 million ad Htikhee $100 million," the deputy director disclosed.

At the Myanmar-Thai border, Myanmar exports agricultural produce such as maize, rubber, chilli, beans, potato, onion and marine products namely fish, shrimp and crabs to Thailand and imports CMP textile, medicines and medical equipment, agricultural and factory raw materials, construction materials, machines and machine parts and foodstuffs.

Myanmar opens border trade camps in Myawady, Tachilek, Kawthoung, Myeik, Htikhee, Mawtaung and Meisei to do trade with Thailand. ASH



Cargo trucks entering Myawady border trade zone.

# Loans to be disbursed to salt farmers in Rakhine State

**Sittway May 24**

A plan is underway to disburse loan to salt farmers in Rakhine State in order to increase the salt industry in the state, according to the Rakhine State government.

The Union government set up a K400 billion fund from the State economic promotion fund for raising the economy of regions, states and self-administered regions in the third week of August 2022.

The fund was allotted as K170 billion to the Ministry of Agriculture, Livestock and Irrigation, K60 billion to the Cooperatives and Rural Development, K10 billion each to Kayah, Chin and Rakhine states, K8 billion to Kachin, Kayin, Mon and Shan states and Tanintharyi Region, K5 billion each to Naga, Danu, Pa-O, Palaung and Kokang Self-Administered Zones and Wa Self-Administered Division. The remaining parts of the fund are slated to be spent on other projects.

Rakhine State government will allot the fund again as K1,000 million from its fund to salt farmers.

Hence, amount of loans and number of salt farmers is being compiled for disbursement of the loan.

Loans will be issued to local salt farmers from Kyaukpyu, Sittway and Pauktaw townships at first.

Currently, salt from Rakhine State is demanded by Bangladesh. Hence, number of salt farmers increased to a half of all number. Sundried salt farms are being operated in Kyaukpyu, Thandwe, Pauktaw, Sittway, Ponnagyun, Myebon, Maungtaw, Taungup, MraukU, Minbya and Yanbye townships. 336

# Numaligarh Refinery Limited (NRL) of Assam State of India to open retail fuel stations in Sagaing Region

**Nay Pyi Taw May 24**

Numaligarh Refinery Limited (NRL) Company from Assam State of India is making preparations to open fuel stations in Sagaing Region for retail sale, said deputy director U Htet Aung Win of Myanmar Trade Promotion Organization.

The State-own fuel company opens its head office in Assam State of India, close to Moreh of India. It prepares to open fuel stations in Sagaing Region.

"At present, the Indian company has opened retail fuel stations in Bangladesh. It offered Myanmar government to open fuel stations in Sagaing Region. It is expected to open the stations in 2024-25 financial year," said the deputy director.

The Indian company operates four oil refineries in Assam State, one of which is located in Numaliga, near Moreh of India, and it plans to send such fuel to Myanmar so as to open retail fuel stations.

The company invested 28,000 crore rupee in its business, and increases production of fuel weighing nine million tonnes per year. ASH

# 200 navigation signs to be erected along Mandalay-Tagaung waterway from 17 May



A navigation sign being erected.

**Mandalay May 24**

A plan is underway to erect 200 navigation signs along Mandalay-Tagaung waterway in Ayeyawady River as from 17 May, said assistant director U Ye Tun Lin Aung of the Mandalay Region Water Navigation Section of the Department of Water Resources and Improvement of River Systems.

A total of 100 navigation signs will be erected on the bank and 100 more signs will be placed in the water of the river.

"As strong wins hit recently, some navigation signs floated in the water along Mandalay-Tagaung waterway of Ayeyawady River. So, we will re-erect the navigation signs on both sides," said the assistant director.

Currently, as water level in Ayeyawady River slightly rises, cargo vessels and passengers ships smoothly drive in the river. As some defiles do not have adequate water level, ships need to take care of navigation signs on the bank in their driving.

"Posting the navigation signs will start on 17 May along Mandalay-Tagaung waterway of Ayeyawady River. Some navigation signs lost in climate change and landslides," he continued. 184

# Magway Region to organize district tree growing ceremonies 32 times in coming monsoon

**Magway May 24**

In order to reestablish forests in Magway Region, plans are underway to hold district-wise tree-growing ceremonies in the region in coming monsoon 32 times, said director U Kyaw Min Thein of Magway Region Forest Department.

The ceremonies will take place in Magway, Minbu, Thayet, Pakokku and Gangaw districts.

"We are striving for attracting cooperation of locals in rehabilitation of forests and environmental conservation as well as protection of eco system, drought and overheat, tree growing ceremonies will be held in relevant districts," said director U Kyaw Min Thein.

With regard to tree-growing ceremonies, Magway District will grow 1,950 saplings in seven times, 3,700 saplings in Minbu District, 3,140 saplings in Thayet District, 500 saplings in Pakokku District, 605 saplings in Gangaw District, totalling 10,895 saplings in 32 times.

As some unscrupulous persons illegally cut trees, environmental degradation happens. Now, the government reestablishes forests annually, according to the Magway Region Forest Department. Po Htet (Minbu)



A tree plantation.

# Arrangements made to extend sown acreage of quality coffee strains

**Mandalay May 24**

Coffee is marketable and able to be storage for a long time. So, growers need to extend sown acreage of coffee more than now, said patron U Ye Myint of Myanmar Coffee Association.

Growers and businesspersons need to consider extended cultivation of coffee. Myanmar exports coffee bean to foreign market on a yearly basis. Myanmar's coffee is marketable. So, sown acreage of coffee is being extended across the nation.

"Growers should extend sown acreage of coffee as it fetches high prices in the foreign market. Coffee consumption can contribute to health of human. As it is not green grocery, coffee can be stored one year if it does not have good price. Cold storage can store coffee three years. Hence, plans have been adopted to extend sown acreage of coffee across the nation as it can earn foreign exchange," the patron explained.

Local authorities encourage extended cultivation of coffee in regions and states. Relevant departments need to provide quality coffee saplings to the local farmers. Moreover, assistance is being given to formation of coffee cooperative societies under the law. 185


## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.


# German climate activists raided for forming 'criminal group'

**Berlin May 24**

German police have carried out raids in seven states in a probe into climate campaigners suspected of forming or backing a criminal group because of their controversial activities.

Seven people aged 22 to 38 are suspected. No arrests have been made.

For months Last Generation has disrupted traffic in German cities and performed stunts like hurling a mashed potato at an art work.

Chancellor Olaf Scholz has condemned their campaign as "completely crazy".

For weeks in Germany there has been a ferocious culture war about whether Last Generation can be legally defined as a criminal organisation.

Conservative MPs have demanded tougher penalties including jail sentences, while left-wingers have warned of a dangerous authoritarian clampdown.

Some 170 police took part in Wednesday's raids on flats and other buildings in Berlin, Bavaria, Dresden, Hamburg and elsewhere, shutting down the group's website and freezing two accounts.

The seven suspects are accused of organising a campaign to collect at least €1.4m (£1.2m) in funding mainly to finance "further criminal acts". Police and prosecutors said the raids were aimed at establishing Last Generation's membership structure.

Two of the activists under investigation are suspected of trying to sabotage an oil pipeline running across the Alps from the Italian coast at Trieste to Ingolstadt last year.

In Berlin, Last Generation activists are making an impact. Roads blocked by activists have become a regular feature in radio traffic reports. Households have been getting leaflets inviting locals to Last Generation information or training events.

Last week, 12 streets were blocked in the city as activists glued themselves to the road or to cars. But these street sit-ins have resulted in some drivers lashing out. Countless social media videos show outraged drivers screaming at campaigners. BBC

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ဩစတြေးလျနိုင်ငံက ဖိလစ်ပိုင်သို့ ထောက်လှမ်းရေးဒရုန်းများနှင့် နည်းပညာမြှင့်စက်ပစ္စည်းများ ပံ့ပိုးပေးမည်



ဩစတြေးလျအစိုးရက ပင်လယ်ရေကြောင်းကင်းလှည့်မှုစွမ်းရည်ကို မြှင့်တင်ရန်အတွက် ဖိလစ်ပိုင်နိုင်ငံသို့ ထောက်လှမ်းရေးဒရုန်းများနှင့် အခြားနည်းပညာမြှင့်စက်ပစ္စည်းများ ပံ့ပိုးရောင်းချပေးသွားမည်ဖြစ်ကြောင်း ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး Penny Wong က ပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး Enrique A. Manalo နှင့်တွေ့ဆုံရန် ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး Penny Wong ၏ မနီလာမြို့သို့ အလည်အပတ်ရောက်ရှိပြီးနောက် ကြေညာချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ စစ်ရေးအကူအညီပေးရေးအစီအစဉ်သည် မဟာမိတ်နှစ်နိုင်ငံကြားရှိ နက်နဲပြီး ကျယ်ပြန့်သောပင်လယ်ရေကြောင်းလုံခြုံရေးဆိုင်ရာ ဆက်ဆံရေးအပေါ် တည်ဆောက်ထားခြင်းဖြစ်သည်ဟု Wong က ပြောကြားခဲ့သည်။ ဒရုန်းများအပြင် ဩစတြေးလျနိုင်ငံသည် ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်အတွက် နည်းပညာအကူအညီနှင့် စွမ်းဆောင်ရည်အဆင့်မြှင့်တင်ရေးလေ့ကျင့်မှုများ စတင်လုပ်ဆောင်ပေးသွားမည်ဖြစ်သည်။ ရေကြောင်းလုံခြုံရေးတွင် အမျိုးသမီးများဦးဆောင်လုပ်ဆောင်သွားနိုင်ရေးအတွက်လည်း ပံ့ပိုးပေးမည်ဟု ကတိပြုခဲ့သည်။

"အချုပ်အခြာအာဏာကို လေးစားလိုက်နာတဲ့စံချိန်စံညွှန်းနဲ့ ဥပဒေတွေအရ လုပ်ဆောင်နိုင်တဲ့ဒေသတစ်ခုကို ကျွန်တော်တို့လိုချင်ပါတယ်။ ပင်လယ်ရေကြောင်းပူးပေါင်းဆောင်ရွက်မှုအပါအဝင် ဒေသတွင်းငြိမ်းချမ်းရေးနဲ့ လုံခြုံရေးအတွက် အာဆီယံမှာ အရေးပါတဲ့ပံ့ပိုးကူညီမှုပေးဖို့ ဖိလစ်ပိုင်နဲ့ လက်တွဲဆောင်ရွက်ချင်ပါတယ်"ဟု Wong က ပြောကြားခဲ့သည်။

မနီလာမြို့တွင်ရှိနေစဉ်အတွင်း မီဒီယာများက တောင်တရုတ်ပင်လယ်၌ ပူးတွဲကင်းလှည့်မှုတွင် ဩစတြေးလျနိုင်ငံ ပါဝင်လာနိုင်မှုအလားအလာနှင့်ပတ်သက်၍ Wong ကို မေးမြန်းခဲ့သည်။ လွတ်လပ်စွာသွားလာခွင့်နှင့် အငြင်းပွားရေပိုင်နက်အတွင်း ပျံသန်း၊ ခုတ်မောင်းမှုဆိုင်ရာ လွတ်လပ်စွာသွားလာခွင့်ကို ကျင့်သုံးခြင်းတွင် ဖိလစ်ပိုင်နှင့် ၎င်း၏ မဟာမိတ်နိုင်ငံများပူးပေါင်းရန် ဩစတြေးနိုင်ငံအနေဖြင့် လမ်းဖွင့်ထားကြောင်း၊ အင်ဒို-ပစိဖိတ်ဒေသတွင် ၎င်း၏ကာလကြာရှည်တည်ရှိနေမှုကို ဆက်လက်လုပ်ဆောင်ရန် ဩစတြေးလျက ကတိပြုထားကြောင်းလည်း Wong က ထောက်ပြခဲ့သည်။

**Australia to Provide Surveillance Drones to Philippines ကို ဘာသာပြန်ဆိုထားပါသည်။**

## မဟာမိတ်နိုင်ငံများက F-16 တိုက်လေယာဉ်များ ယူကရိန်းသို့လွှဲပြောင်းခြင်းကို အမေရိကန်ခွင့်ပြု

မဟာမိတ်နိုင်ငံများသည် ယူကရိန်းသို့ F-16 တိုက်လေယာဉ်များ တင်ပို့ခွင့်ကို မပိတ်ပင်ဘဲ လွှဲပြောင်းခြင်းကို ခွင့်ပြုခဲ့ကြောင်း မေ ၁၉ ရက်က အမေရိကန်အစိုးရအရာရှိများက သတင်းရင်းမြစ်အများအပြားတွင် ရေးသားဖော်ပြခဲ့ကြသည်။

နိုင်ငံပေါင်း ၂၄ နိုင်ငံကျော်က ဝယ်ယူအသုံးပြုနေသည့် F-16 တိုက်လေယာဉ်အတွက် ယူကရိန်းနိုင်ငံက လပေါင်းများစွာတောင်းဆိုခဲ့ပြီးနောက် F-16 တိုက်လေယာဉ်ကို ယူကရိန်းထံတင်ပို့ခွင့်ပြုရန် အိမ်ဖြူတော်က ပြင်ဆင်ထားကြောင်း ဝါရှင်တန်ပို့စ်၊ CNN၊ NBC နှင့် အခြားသတင်းရင်းမြစ်များက ရေးသားဖော်ပြခဲ့ကြသည်။

ယူကရိန်းသို့ တိုက်လေယာဉ်တင်ပို့၊ လွှဲပြောင်းခွင့်ပြုရန် ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ အမေရိကန်သည် ၎င်း၏ မဟာမိတ်နိုင်ငံများကို အသိပေးထားပြီးဖြစ်ကြောင်း အိမ်ဖြူတော်အကြီးတန်းအရာရှိတစ်ဦးက NBC သတင်းဌာနသို့ ပြောကြားခဲ့သည်။

"လာမဲ့လတွေမှာ တိုက်လေယာဉ်တွေကို ဘယ်အချိန်ပို့ဆောင်မယ်၊ ဘယ်လောက်ပို့ပေးမယ်ဆိုတာကို ဆုံးဖြတ်ဖို့အတွက် ကျွန်တော်တို့မဟာမိတ်တွေနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာပါ"ဟု မေ ၂၀ ရက်က ဂျပန်နိုင်ငံ၊ ဟီရိုရှီးမား၌ ကျင်းပပြုလုပ်ခဲ့သော G7 ထိပ်သီးအစည်းအဝေးတွင် အိမ်ဖြူတော်အမျိုးသားလုံခြုံရေးအကြံပေး Jake Sullivan က သတင်းထောက်များကို ပြောကြားခဲ့သည်။

ဗြိတိန်နိုင်ငံဝန်ကြီးချုပ် Rishi Sunak သည် ယူကရိန်းနိုင်ငံ ကီယက်ဗ်မြို့သို့ F-16 တိုက်လေယာဉ်များနှင့် အခြားလေယာဉ်များကိုပံ့ပိုးပေးရန်အတွက် နိုင်ငံတကာညွန့်ပေါင်းအဖွဲ့ ဖွဲ့စည်းသွားနိုင်ရေးအတွက် ဗြိတိန်နိုင်ငံက ကျောထောက်နောက်ခံပြုလုပ်ပေးသွားမည်ဟု အစောပိုင်းတွင် ကြေညာခဲ့သည်။



အမေရိကန်စစ်ဘက်သည် လက်ရှိတွင် ယူကရိန်းလေယာဉ်မှူးများကို F-16 တိုက်လေယာဉ်များ ပျံသန်းမောင်းနှင်နိုင်ရန် လေ့ကျင့်၊ သင်တန်းပေးလျက်ရှိသည်။ သို့သော်လည်း အမေရိကန်သည် ယူကရိန်းသို့ ၎င်း၏ကိုယ်ပိုင်တိုက်လေယာဉ်များ ပေးအပ်ရန် ငြင်းဆိုထားသည်။

ယူကရိန်းနိုင်ငံကို လက်နက်များ ပံ့ပိုးခြင်းမပြုရန် သတိပေးထားပြီး တိုက်ပွဲများ ရှည်ကြာစေကာ ရုရှား၏အထူးစစ်ဆင်ရေးရည်မှန်းချက်များကို ဟန့်တားရန် သက်ရောက်မှုရှိနိုင်စေမည်ဖြစ်ကြောင်း ရုရှားနိုင်ငံက အခိုင်အမာပြောကြားထားခဲ့သည်။

ယူကရိန်းစစ်ဘက်မှ တပ်ဖွဲ့ဝင်များ လေ့ကျင့်၊ သင်တန်းပေးခြင်းနှင့် ထောက်လှမ်းရေးသတင်းအချက်အလက်များ မျှဝေ၊ ဖြန့်ဖြူးနေခြင်းအပါအဝင် ယူကရိန်းအတွက် စစ်ရေးအရ ပံ့ပိုးကူညီမှုများသည် အနောက်နိုင်ငံများကို ပဋိပက္ခတွင် အဓိကကျသောနေရာမှ တိုက်ရိုက်ပါဝင်ပတ်သက်နေသည့်နိုင်ငံများဖြစ်လာစေမည်ဟု ကရင်မလင်နန်းတော် Kremlin က အကြိမ်ကြိမ် သတိပေးပြောကြားခဲ့သည်။

**US to allow allied transfers of F-16s to Ukraine – media ကို ဘာသာပြန်ဆိုထားပါသည်။**

## နယ်သာလန်သို့ PULS ဒုံးကျည်စနစ်အစင်း ၂၀ ပံ့ပိုးရန် Elbit Systems ကုမ္ပဏီ သဘောတူ

Elbit Systems ကုမ္ပဏီသည် နယ်သာလန်ဘုရင့်တပ်မတော်သို့ Precise & Universal Launching System (PULS) ဒုံးကျည်စနစ် အစင်း ၂၀ ပံ့ပိုးရောင်းချပေးရန်အတွက် အမေရိကန်ဒေါ်လာ ၃၀၅ သန်းတန် သဘောတူစာချုပ်လက်ခံရရှိခဲ့သည်။

အဆိုပါ သဘောတူစာချုပ်သည် အစ္စရေးနှင့် နယ်သာလန်ကာကွယ်ရေးဝန်ကြီးဌာနများကြား ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ စာချုပ်တွင် ချုပ်ဆိုထားမှုများအရ ကုမ္ပဏီသည် ငါးနှစ်အတွင်း Commit ထရပ်ကားပလက်ဖောင်းပေါ်တွင် တပ်ဆင်ထားသော PULS အတွဲလိုက်ဒုံးကျည်စနစ်အစင်းရေ ၂၀ ပေးအပ်သွားမည်ဖြစ်သည်။



Elbit Systems ကုမ္ပဏီ၏ PULS ဒုံးကျည်စနစ်ကို ဝယ်ယူလိုက်ခြင်းသည် တော်ဝင်နယ်သာလန်တပ်မတော်အတွက် ထိရောက်သောသွယ်ဝိုက်ပစ်ခတ်မှုဆိုင်ရာ တိုက်ပွဲဝင်စွမ်းဆောင်ရည်များကို မြှင့်တင်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း Elbit Systems ၏ CEO နှင့်ဥက္ကဋ္ဌဖြစ်သူ Bezhalel Machlis က ပြောကြားခဲ့သည်။

"ဒီစနစ်တွေကို ဝယ်ယူ၊ ပိုင်ဆိုင်ထားတဲ့ NATO ဖောက်သည်နိုင်ငံတွေနဲ့ အပြန်အလှန် ချိတ်ဆက်လုပ်ဆောင်နိုင်အောင်လဲ ပံ့ပိုးပေးသွားမှာပါ"ဟု Machlis က ပြောကြားသည်။

အမြောက်၊ ဒုံးကျည်စနစ်များနှင့်အတူ နယ်သာလန်အစိုးရသည် မတူကွဲပြားသောအကွာအဝေးစွမ်းဆောင်ရည်ပိုင်ဆိုင်ထားပြီး လေ့ကျင့်၊ သင်တန်းပေးရေးဖြေရှင်းချက်များနှင့် ပံ့ပိုးမှုဝန်ဆောင်မှုများပါရှိသည့် ဒုံးကျည်များကို လက်ခံရရှိမည်ဖြစ်သည်။

ဤဝယ်ယူရေးစာချုပ်သည် Elbit Systems ၏ အဆင့်မြင့်စစ်ဘက်နည်းပညာကို ဥရောပတစ်ဝန်းရှိ NATO နိုင်ငံများနှင့် ခိုင်မာသောပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာစေမည်ဖြစ်သည်ဟု Machlis က ပြောကြားခဲ့သည်။

PULS အတွဲလိုက်ဒုံးကျည်စနစ်သည် စစ်ဘက်ဆိုင်ရာမိတ်ဖက်နိုင်ငံများ၏ လက်ရှိနှင့် အနာဂတ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်လိုသလို ထပ်မံဖြည့်စွက်တပ်ဆင်နိုင်သော Open Architecture ဖွဲ့စည်းတည်ဆောက်မှုနည်းလမ်းဖြင့် ထုတ်လုပ်ထားခြင်းဖြစ်သည်။

စနစ်သည် သမားရိုးကျအတိုင်း အမိန့်ပေးမှု၊ ထိန်းချုပ်မှု၊ ဆက်သွယ်ရေး၊ ကွန်ပျူတာစနစ်များနှင့် ထောက်လှမ်းရေးအာရုံခံစနစ်များနှင့် တွဲဖက်အသုံးပြုနိုင်မည်ဖြစ်သည်။ ထို့ပြင် အဆိုပါစနစ်တွင် လွတ်လပ်စွာ ပျံသန်းတိုက်ပွဲဝင်နိုင်သောဒုံးကျည်များနှင့် တိကျစွာလမ်းညွှန်ထိန်းကျောင်းလုပ်ဆောင်နိုင်မည့် ပဲ့ထိန်းဒုံးကျည်များအပါအဝင် မတူညီသောထိပ်ဖူးများကို တပ်ဆင်ပစ်ခတ်နိုင်သည်။ PULS ဒုံးကျည်စနစ်များကို Commit စစ်သုံးထရပ်ကားများအပြင် ဘီးတပ်နှင့် ချိန်းတပ်ယာဉ်များပေါ်တွင် တပ်ဆင်အသုံးပြုနိုင်သည်။

**Elbit Systems to Supply 20 PULS Rocket Systems to Dutch Army ကိုဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ ၉၈၉၉ ဧက စိုက်ပျိုးသွားမည်



**ခင်ဦး မေ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ ၉၈၉၉ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။

ပြီးခဲ့သည့်နှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ခင်ဦးမြို့နယ်တွင် ကြံ ၈၃၉၉ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၂ ခုနှစ် ဧပြီလမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ခင်ဦးမြို့နယ်တွင် ကြံ ၉၈၉၉ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"မနှစ်က မိုးရာသီ ခင်ဦးမြို့နယ်မှာ ကြံဧက ၈၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနှစ်မှာတော့ ကြံဧက ၉၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီဒေသမှာ ကြံစိုက်ပျိုးမှုကတော့ ပုံမှန်အတိုင်းပါပဲ။ ကြံစိုက်ပျိုးမှုတွေ တိုးတက်လာဖို့ ဆောင်ရွက်နေတယ်။ ဒီနှစ်ဆိုရင် ရာသီဥတုကောင်းမွန်တဲ့အတွက်ကြောင့် ကြံလျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်နေပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ကြံစိုက်ပျိုးရာတွင် ပထမစိုက်ခင်းသစ်စိုက်ပျိုးရာ၌သာ ငွေကျပ် ၆၀၀၀၀၀ နှင့် ၇၀၀၀၀၀ ကြား ကုန်ကျစရိတ်ရှိကာ ကြံတစ်ဧကလျှင် တန်ချိန် ၃၀ ထွက်ရှိကြောင်း၊ ကြံစိုက်ပျိုးမှုအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ရွှေဘိုခရိုင်၊ ကန့်ဘလူခရိုင်နှင့် ကသာခရိုင်တို့တွင် စိုက်ပျိုးကြပြီး ကသာခရိုင်နှင့် ကန့်ဘလူခရိုင်တို့တွင် ကြံစိုက်ပျိုးမှု အများဆုံးဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး၌ ကြံစိုက်ပျိုးရာတွင် အထွက်ကောင်းမျိုးဖြစ်သည့် K-95/84၊ နဝဒေး-၄၊ ဖော်မိုဇာ၊ ဆင်းရွှေလီမျိုးများကို စိုက်ပျိုးကြပြီး မိုးစိုက်နှင့် ရေတင်စိုက်များကို ဦးစားပေးစိုက်ပျိုးကြကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)

# နောင်ချိုမြို့နယ် ပိန်းအင်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နောင်ချို မေ ၂၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ညောင်ထောက်ကျေးရွာအုပ်စု ပိန်းအင်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဌမအကြိမ် ထုတ်ချေးခြင်းကို မေ ၂၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နောင်ချိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်ထွေးဝင်းက ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါစီမံကိန်းရန်ပုံငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရေး စီမံကိန်း အသင်းသား၊ အသင်းသူများ၊ ကျေးရွာကော်မတီဝင်များအနေဖြင့် အလေးထား ဆောက်ရွက်ကြစေလိုကြောင်း ပြောကြားသည်။



ဆက်လက်၍ နောင်ချိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်ထွေးဝင်း၊ စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၆၃၇ သိန်းကို ပိန်းအင်းကျေးရွာကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ပိန်းအင်းကျေးရွာကော်မတီဝင်များက တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများနှင့် မိသားစုဝင်ငွေတိုး လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်လိုသူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၃၈ ဦးကို ရန်ပုံငွေကျပ် ၆၃၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# ဒေးဒရဲမြို့နယ် ဒေါင့်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ဒေးဒရဲ မေ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် မိသားစုစီးပွားရေးလုပ်ငန်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေရလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဒေါင့်ကြီးကျေးရွာအုပ်စု ဒေါင့်ကြီးကျေးရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို မေ ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စွာမြင့်နှင့် ဝန်ထမ်းများက ဒေါင့်ကြီးကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့်ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ လစဉ်ရေသွင်းထားရှိရမည့် စာရင်းဇယားပုံစံများ ဖြည့်သွင်းထားရှိမှု ရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဒေးဒရဲမြို့နယ် ဒေါင့်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း ၂၄၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၁ သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သန်းသန်းမိုး**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၄-၅-၂၀၂၃

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၈၉၆၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၈၂၈၀၀၀ |
| **(ရွှံ့ထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၈၀၀၀/၉၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၈၆၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၉၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၈၅၀၀၀/၉၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၆၀၀၀၀/၆၅၀၀၀ |
| ဧွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၅၅၀၀၀/၅၇၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၅၆၀၀၀/၅၈၀၀၀ |
| **ဆားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၀၀၀/၆၅၀၀ |
| **ဓာတ်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၁၉၄၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၀၂၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၉၈၅ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၄၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၃၅ |
| **(သာ ဓာတ်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်မုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်း ဘူးသီးတောင်မြို့နယ်ရှိ ပျက်စီးခဲ့သည့် စာသင်ကျောင်းများကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် မေ ၂၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ အနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ် ကျရောက်သော ဒေသများအဖြစ်ကြေညာချက်များထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော် အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ဘူးသီးတောင်မြို့သို့ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းသည် တာဝန်ရှိသူများနှင့်အတူ မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားခဲ့သည့် စာသင်ကျောင်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် လေဘေးသင့်ပြည်သူများကို နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်နေမှုများနှင့် သောက်သုံးရေ ဖြန့်ဝေပေးနေမှုများကို သွားရောက်ကြည့်ရှုပြီး စားသောက်ဖွယ်ရာများထောက်ပံ့ပေးအပ်သည်။

အလားတူ ချင်းပြည်နယ် ဟားခါးမြို့နယ်သို့ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်သည် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးထွဋ်လှိုင်၊ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် လေဘေးသင့်အိမ်ထောင်စု ၈၂ စုအတွက် ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်နှင့် အမိုးသွပ်များကို ထောက်ပံ့ပေးအပ်သည်။

ထို့အတူ ရသေ့တောင်မြို့သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်အောင်မျိုးထွန်းသည် တာဝန်ရှိသူများနှင့်အတူ မုန်တိုင်းတိုက်ခတ်မှုကြောင့် ပြိုလဲသွားသည့်သစ်ပင်ကြီးများကိုခုတ်ထွင်ရှင်းလင်းဆောင်ရွက်နေမှုနှင့် ဓာတ်အားလိုင်းများ ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်မှာကြားကာ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ရမ်းဗြဲမြို့ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးချုပ်ဇော်မင်းအေးသည် တာဝန်ရှိသူများနှင့်အတူ မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားခဲ့သည့် စာသင်ကျောင်းများ၊ စာကြည့်တိုက်များ၊ သာသနိကအဆောက်အအုံများ၊ ဌာနဆိုင်ရာအဆောက်အအုံများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး အလှူငွေများပေးအပ်၍ လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ မြေပုံမြို့သို့ရောက်ရှိနေသော ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးချုပ်ကျော်ကျော်စိုးသည် တာဝန်ရှိသူများနှင့်အတူ မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားခဲ့သည့် သာသနိကအဆောက်အအုံများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး အလှူငွေများလှူဒါန်းသည်။ ထို့နောက် မြို့နယ်ပြည်သူ့ဆေးရုံရှိ လေဘေးသင့်ဒေသများမှ ဆေးကုသရန် ရောက်ရှိနေသော လူနာများကို သွားရောက်ကြည့်ရှုအားပေးစကားပြောကြားပြီး အာဟာရဒါနအဖြစ် ကြက်ဥနှင့်ခေါက်ဆွဲခြောက်များ လှူဒါန်းသည်။

အလားတူ မြောက်ဦးခရိုင် မင်းပြားမြို့နယ်သို့ရောက်ရှိနေသော ဗိုလ်မှူးချုပ်ခင်ဇော်သည် တာဝန်ရှိသူများနှင့်အတူ မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် ဦးဥတ္တမပန်းခြံနှင့် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းတို့၌ မြို့နယ်ရှိကူညီကယ်ဆယ်ရေးအဖွဲ့များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ တာဝန်ရှိသူတစ်ဦးက သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဇေယျသုခပရိယတ္တိစာသင်တိုက် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ဒေသခံပြည်သူများကို နယ်လှည့်ဆေးကုသရေးအဖွဲ့၏ ဆေးကုသပေးမှုအခြေအနေများကို ကြည့်ရှုကာအားပေးစကားပြောကြားသည်။

ထို့အတူ မြောက်ဦးခရိုင် မာန်အောင်မြို့နယ်သို့ရောက်ရှိနေသော ဗိုလ်မှူးချုပ်ကျော်ကျော်ဦးသည် တာဝန်ရှိသူများနှင့်အတူမုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် တိုင်းရင်းဆေးကုဌာန၊ မြို့နယ်မိုးလေဝသစခန်း၊ မြို့နယ်ဥပဒေရုံး၊ မြို့နယ်အားကစားခန်းမနှင့် ဘောလုံးပွဲကြည့်စင်များကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ချင်းပြည်နယ် တီးတိန်မြို့သို့ရောက်ရှိနေသော ဗိုလ်မှူးချုပ်ဝင်းကိုကိုသည် တာဝန်ရှိသူများနှင့်အတူ သဘာဝဘေးဒဏ်သင့်ပြည်သူများကို ဒုတိယအကြိမ် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

## မုန်တိုင်းဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် စေတနာရှင်အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းပွဲပြုလုပ်

**နေပြည်တော် မေ ၂၄**

မုန်တိုင်းဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းကို မေ ၂၃ ရက် နေ့လယ်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ဧည့်ခန်းမ၌ပြုလုပ်ရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းဇော်မိုးနှင့် တာဝန်ရှိသူများ၊အလှူရှင်များ တက်ရောက်ကြသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းရှိ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် စေတနာရှင်အလှူရှင်များက အလှူငွေကျပ် ၉၁၀၅၃၀၀၀ ကို ပေးအပ်လှူဒါန်းရာ ဒုတိယတိုင်းမှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။



**အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းဇော်မိုးထံ မုန်တိုင်းဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် စေတနာရှင်အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းစဉ်။**

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၂၄**

ယနေ့ညနေ ၃ နာရီခွဲအချိန်တိုင်းထွာချက်များအရ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အပူပိုင်းတက်တိမ်များဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း၊ ဖိလစ်ပိုင်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း “မဝါ”(Mawar)မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း မေ ၂၈ ရက်မှ ၃၀ ရက်အတွင်း နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများဖြစ်ပေါ်နိုင်သည်။

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

## သဇင်(FM) အသံလွှင့်အစီအစဉ်

**၂၅-၅-၂၀၂၃ (ကြာသပတေးနေ့)**

| | | |
|---|---|---|
| ၁။ | ၀၈း၂၀ | Morning Song |
| ၂။ | ၁၀း၀၀ | Internet Pages |
| ၃။ | ၁၄း၃၀ | နှလုံးသားထဲက စာမျက်နှာများ |
| ၄။ | ၁၅း၃၅ | Music Quiz |
| ၅။ | ၂၀း၄၀ | လွမ်းသဝဏ်လွှာ |

# သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၂၄**

သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ရသည့်ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပုဏ္ဏားကျွန်းမြို့၌ရောက်ရှိ အခြေပြုလျက်ရှိသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် အဆိုပါမြို့ရှိ ဂူဝဘုရားတောင်တက်လမ်းတစ်လျှောက်ရှိ လဲကျနေသောသစ်ပင်၊ သစ်ကိုင်းကြီးများကို ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်။

အလားတူ ကျောက်ဖြူမြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် စေတီတောင်ရပ်ကွက်နှင့် ဆားပြင်ကွင်းရပ်ကွက်တို့တွင် ချက်ပြုတ်စားသောက်မှုအဆင်ပြေစေရေးသောက်သုံးရေများဖြန့်ဖြူးပေးလျက်ရှိသည်။

ထို့အတူ ကျောက်တော်မြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ကျောက်တော်မြို့ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ရပ်ကွက်များအတွင်းသောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိသည်။

အလားတူ မောင်တောမြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် မောင်တောမြို့ ကံတိုင်းအောင်ကျေးရွာနှင့် ပဲရုံကျေးရွာရှိ လေဘေးသင့်ပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ကံတိုင်းအောင်ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ကျောင်းဖွင့်ချိန်တွင် ကျောင်းသား၊ ကျောင်းသူများစာသင်ကြားနိုင်ရေးသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ရသေ့တောင်မြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် တောင်ရင်းတန်းရပ်ကွက်၌ သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်။ထို့ပြင်အရှေ့မြောက်ရပ်ကွက်တွင် လျှပ်စစ်မီးအမြန်ပြန်လည်ရရှိရေး မီးကြိုးများပျက်စီးနေမှုကို ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ဘူးသီးတောင်မြို့သို့ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် စာသင်ချိန်အမီ ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဘူးသီးတောင်မြို့ရှိ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း၌လဲကျနေသော သစ်ပင်ကြီးများကို ခုတ်ထွင်ရှင်းလင်းခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ကင်းချောင်းကျေးရွာနှင့် ကကျက်ဘတ်ကျေးရွာရှိ လေဘေးသင့်ပြည်သူများကို နယ်လှည့်ဆေးကုသရေးအဖွဲ့မှကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့်သောက်ရေသန့်များဖြန့်ဝေပေးလျက်ရှိသည်။

ကျန်ရှိသည့် သဘာဝဘေးအန္တရာယ်ကူညီကယ်ဆယ်ရေးယာဉ်အုပ်စုများအနေဖြင့်လည်း ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်လာပါက အမြန်ဆုံးသွားရောက်နိုင်ရေး ပြင်ဆင်စုဖွဲ့ထားလျက်ရှိသည်။

ထို့ပြင် တပ်မတော်အကြီးအကဲ၏ လမ်းညွှန်မှုများအရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဆေးဝန်ထမ်းတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်မှ ဆေးတပ်ဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသည့် အထူးဆေးကုသရေးအဖွဲ့သည် စစ်တွေမြို့ ဆတ်ရိုးကျရပ်ကွက်၌ ယာယီဆေးရုံဖွင့်လှစ်၍ နယ်မြေခံကျန်းမာရေးအဖွဲ့များနှင့်ပူးပေါင်းကာ ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။



သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိစဉ်။

# စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချ

**နေပြည်တော် မေ ၂၄**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် ၎င်းတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့်တာဝန်ရှိသူများက ယနေ့တွင် စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ဘီစကွတ်နှင့်စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူးစသည့်စားသောက်ကုန်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူခဲ့ကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။



စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၂၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်း၊ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် အောင်ဆန်းရပ်ကွက်နေ ညီဝင့်သူ(ခ)စိန်လွင်သည် ၎င်းအသုံးပြုသည့် “NyiWint Thu” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမြို့နယ် လေးထောင့်ကန်ရပ်ကွက်နေ အေးမိစံသည် ၎င်းအသုံးပြုသည့် “Aye Mi San” Facebook အကောင့်တို့ဖြင့် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေးအသိပေးသတင်း ထုတ်ပြန်အပ်ပါသည်။

# မိုင်းဖြတ်မြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ်တို့၌ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် မေ ၂၄**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများမှ သံဃာတော်များ၊ သာသနာ့ဝန်ထမ်း၊ သီလရှင်များ၊ ဒေသခံပြည်သူများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်အဖွဲ့ဝင်များကို တိုင်းစစ်ဌာနချုပ် အသီးသီးမှ နယ်မြေခံဆေးကုသရေးအဖွဲ့များက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့များက ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် မိုင်းလင်း (အရှေ့)ကျေးရွာအုပ်စု လွန်းကျိုင်းကျေးရွာ၊ ဝိန်းလန်းကျေးရွာနှင့် ဝမ်ဟကျေးရွာများရှိ ဒေသခံတိုင်းရင်းသားပြည်သူ ၁၃၄ ဦးတို့ကို မိုင်းလင်း(အရှေ့)ကျေးရွာအုပ်စုရှိ အခြေခံပညာမူလတန်းကျောင်း (ဖကန်)၌ အခြေပြု၍လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့များက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် လက်ပံကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူစုစုပေါင်း ၁၉၉ ဦးတို့ကို အဆိုပါကျေးရွာရှိ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၌ အခြေပြု၍လည်းကောင်း ဖျားနာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ခြင်း၊ ECG စက်ဖြင့် နှလုံးသွေးကြောရောဂါ စမ်းသပ်စစ်ဆေးပေးခြင်း၊ တီဗီဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်း၊ ဆီးချိုသွေးချိုစစ်ဆေးပေးခြင်းတို့ကိုဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ရန်လိုအပ်သောလူနာများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ရောဂါ ထပ်ဆောင်းကာကွယ်ဆေး(Booster Dose) ထိုးနှံရန်လိုအပ်သည့် ဒေသခံပြည်သူ ၄၅ ဦးတို့ကို တပ်မတော်ဆေးကုသရေးအဖွဲ့နှင့် ပူးပေါင်း၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားခြင်းများကို စိစစ်ခွင့်ပြုပေးလျက်ရှိ

**နေပြည်တော် မေ ၂၄**

နိုင်ငံရေးပါတီတည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့ထိ ပါတီတည်ထောင်ခွင့်လျှောက်ထားလာသည့်အဖွဲ့ ၁၃ ဖွဲ့ရှိပြီး ယင်းသို့လျှောက်ထားသည့်အဖွဲ့များအနက် **အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ**သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ယနေ့တွင် နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားချက်ကို ခွင့်ပြုလိုက်ကြောင်း သိရသည်။

ပါတီတည်ထောင်ခွင့်ရရှိသော **အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ**သည် ခွင့်ပြုချက်ရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားရမည်ဖြစ်သည်။ ယနေ့ထိ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ခြောက်ပါတီဖြစ်ကြောင်းနှင့် တည်ထောင်ခွင့်လျှောက်ထားသည့် ကျန်အဖွဲ့များကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ကျောင်းသား၊ ကျောင်းသူများကို စာရေးကိရိယာများပေးအပ်စဉ်။

☆ **ကျောဖုံးမှအဆက်**

ကျောင်းလာရောက်အပ်နှံသူ မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ကျောင်းအပ်နှံနိုင်ရေး ဆောင်ရွက်ပေးကြပြီး ကျောင်းသား၊ ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနက အခမဲ့ထောက်ပံ့ပေးအပ်သည့် စာရေးကိရိယာများနှင့် ကျောင်းသုံးစာအုပ်များကိုလည်း တစ်ပါတည်း ထောက်ပံ့ပေးအပ်ကြသည်။

ကျောင်းအပ်နှံရေး သီတင်းပတ်၏ ဒုတိယရက်ဖြစ်သည့် ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၌ ကျောင်းအပ်နှံသူ ၂၇၃၀၇၂၃ ဦးရှိပြီး ကျောင်းများ၏လုံခြုံရေးနှင့် ကျောင်းအပ်နှံမှုလက်ခံဆောင်ရွက်သည့် ဆရာ၊ ဆရာမများ၊ လာရောက်ကျောင်းအပ်နှံကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ၏ လုံခြုံရေးအတွက် သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူများနှင့် တာဝန်သိပြည်သူများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



ကချင်ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းအပ်နှံကြစဉ်။

# သံဖြူဇရပ်မြို့နယ် စက်စဲကျေးရွာအုပ်စု ရသေ့တောင်ကျေးရွာနှင့် ပတ်ဝန်းကျင်တစ်ဝိုက်၌ လေပြင်းတိုက်ခတ်မှုကြောင့် ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းနှင့် လူနေအိမ်များ ပျက်စီးဆုံးရှုံး

**နေပြည်တော် မေ ၂၄**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် စက်စဲကျေးရွာအုပ်စု ရသေ့တောင်ကျေးရွာနှင့် ပတ်ဝန်းကျင်တစ်ဝိုက်၌ ယနေ့နံနက် ၃ နာရီ ၄၅ မိနစ်မှ ၄ နာရီထိ တစ်နာရီလျှင် ပျမ်းမျှလေတိုက်နှုန်း မိုင် ၃၀ ခန့်ဖြင့် လေပြင်းတိုက်ခတ်မှုဖြစ်ပွားခဲ့ပြီး ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက လေဘေးသင့်ပြည်သူများကို ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ရသေ့တောင်ကျေးရွာနှင့် ပတ်ဝန်းကျင်တစ်ဝိုက်ရှိ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း၊ လူနေအိမ် ၂၁ လုံးတို့မှာ အမိုးလန်၍ ပြိုကျပျက်စီးခြင်းများဖြစ်ပေါ်ခဲ့သဖြင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုကူညီရေးအသင်းအဖွဲ့များကသွားရောက်၍ လိုအပ်သည့်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး တာဝန်ရှိသူများက လေဘေးသင့် ဒေသခံပြည်သူများကို အားပေးစကားပြောကြားကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။



လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့မှုများကို နယ်မြေခံတပ်မတော်သားများနှင့် လူမှုကူညီရေးအသင်းအဖွဲ့များက လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ (၂၈)ကြိမ်မြောက် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက် (၂၈)ကြိမ်မြောက် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။

**နေပြည်တော် မေ ၂၄**

အနောက်မြောက်တိုင်း စစ်ဌာနချုပ်၏ ၂၀၂၃ ခုနှစ် (၂၈)ကြိမ်မြောက် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲ အဖွင့်ပွဲစဉ်ဖြစ်သည် တိုင်းစစ်ဌာနချုပ်(စခန်းရုံး)အသင်းနှင့် မုံရွာတပ်နယ်အသင်းတို့၏ ယှဉ်ပြိုင်နေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

အဆိုပါပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် မေ ၂၇ ရက်ထိ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# ရခိုင်ပြည်နယ်အတွင်းရှိ သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်များဖြင့် ဆက်လက်ပို့ဆောင်

**နေပြည်တော် မေ ၂၄**

တပ်မတော်အနေဖြင့် သဘာဝဘေးဒဏ်သင့်ဒေသများသို့ ကူညီကယ်ဆယ်ရေးအဖွဲ့များအား စုဖွဲ့စေလွှတ်၍ လိုအပ်သည့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက် ရှိသည့်အပြင် တပ်မတော် (ကြည်း၊ရေ၊လေ)မိသားစုများ၊ စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ကူညီထောက်ပံ့ရေးပစ္စည်းများ၊ အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့် ပစ္စည်းများကိုလည်း တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် စေတနာရှင်အလှူရှင်များကလှူဒါန်းသည့် အဝတ်အထည်များနှင့် ဆောက်လုပ်ရေးသုံးပစ္စည်းများ တင်ဆောင်၍ နေပြည်တော်လေဆိပ်မှ ကလေးလေဆိပ်သို့ တပ်မတော်လေယာဉ်ဖြင့် တစ်ကြိမ် ပို့ဆောင်ပေးခဲ့သည်။

အလားတူ ယနေ့တွင်လည်း တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် ဝန်ကြီးဌာနများမှလှူဒါန်းသည့် စားသောက်ဖွယ်ရာပစ္စည်းများ၊ ဆေးကုသရေးဆိုင်ရာပစ္စည်းများ၊ ပြန်လည်တည်ဆောက်ရေးဆိုင်ရာပစ္စည်းများ၊ ကူညီကယ်ဆယ်ရေးပစ္စည်းများ၊ မိုးကာလိပ်များ၊ အဝတ်အထည်များ၊ ရေသန့်ဆေးပြားများ၊ ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ၊ တစ်ကိုယ်ရေသုံးပစ္စည်းများ၊ ဆေးပစ္စည်းများနှင့် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် ကော်ဖီထုပ်များ၊ သွားတိုက်ဆေးများ၊ စည်သွတ်ဘူးများကို တင်ဆောင်၍ ရန်ကုန်မြို့ရှိ မင်္ဂလာဒုံလေဆိပ်မှ စစ်တွေလေဆိပ်သို့ တပ်မတော်လေယာဉ်များဖြင့် သုံးကြိမ်ပို့ဆောင်ပေးခဲ့သည်။

အဆိုပါ တပ်မတော်လေယာဉ်များဖြင့် ရောက်ရှိလာသောပစ္စည်းများကို တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်းနှင့် သက်ဆိုင်ရာသို့ ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



ရခိုင်ပြည်နယ်အတွင်းရှိ သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်များဖြင့် ဆက်လက်ပို့ဆောင်ပေးစဉ်။

# ရခိုင်ပြည်နယ်အတွင်းရှိ သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာပစ္စည်းများကို တပ်မတော်(ရေ)မှ ရေယာဉ်များဖြင့် ဆက်လက်ပို့ဆောင်

**နေပြည်တော် မေ ၂၄**

ရခိုင်ပြည်နယ်အတွင်းရှိ သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် ကူညီကယ်ဆယ်ရေးပစ္စည်းများ၊ ပြန်လည်ထူထောင်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာပစ္စည်းများကို တပ်မတော်ရေယာဉ်များ၊ လေယာဉ်၊ ရဟတ်ယာဉ်များ၊ မော်တော်ယာဉ်များဖြင့် နေ့စဉ်ပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့နေ့လယ်ပိုင်းတွင် တပ်မတော်(ရေ)မှ ၂၉ မီတာ ကမ်းထိုးရေယာဉ်ပထမအစီးသည် ဆိုလာ အစုံ ၂၀၀၊ GroundSheet များ၊ ရွက်ဖျင်တဲများ၊ အိပ်ရာခင်းများ၊ အဝတ်အထည်များ၊စားသောက်ဖွယ်ရာပစ္စည်းများ၊ ပြည်လည်ထူထောင်ရေး အသုံးအဆောင်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ စုစုပေါင်း ကုန်တန်ချိန် ၄၅ တန်ခန့်တို့ကို စစ်တွေကမ်းထိုးရပ်၌ တင်ဆောင်၍ ရသေ့တောင်သို့လည်းကောင်း၊ ၂၉ မီတာ ကမ်းထိုးရေယာဉ် ဒုတိယအစီးသည် ကယ်ဆယ်ရေးအဖွဲ့များ၊ သွပ်ဆိုဒ်စုံ အချပ် ၆၀၀၀၊ မိုးကာတဲ ၄၂ ထုပ်၊ မိုးကာလိပ် ၁၂၅ လိပ် စုစုပေါင်းကုန်တန်ချိန် ၄၂ တန်ခန့်တို့ကို မင်းဂံကမ်းထိုးရပ်မှတင်ဆောင်၍ ရသေ့တောင်သို့လည်းကောင်း၊ ၂၉ မီတာ ကမ်းထိုးရေယာဉ်တတိယအစီးသည် ဆောက်လုပ်ရေးလုပ်ငန်းသုံး Backhoe သုံးစီး၊ ရိက္ခာထုပ် ၁၉၂ ထုပ်နှင့် စားသောက်ကုန်များ စုစုပေါင်းကုန်တန်ချိန် ၁၁ တန်ခန့်တို့ကိုတင်ဆောင်၍ ရေချမ်းပြင်ကမ်းထိုးရပ်မှ ရသေ့တောင်ကမ်းထိုးရပ်သို့လည်းကောင်း၊ ၅၆ မီတာ ကမ်းထိုးရေယာဉ်တစ်စီးသည် ကယ်ဆယ်ရေးအဖွဲ့များ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးယာဉ် WHEEL LOADER တစ်စီး၊ EXCAVATOR သုံးစီး စုစုပေါင်း ကုန်တန်ချိန် ၃၀ ခန့်တို့ကို အင်ူမော်ကမ်းထိုးရပ်၌တင်ဆောင်၍ စစ်တွေမြို့သို့လည်းကောင်း အသီးသီးပို့ဆောင်ပေးခဲ့ကြသည်။

အလားတူ ထောက်ပံ့ရေးရေယာဉ် (ပြည်တော်အေး-၃)သည် မြန်မာစီးပွားရေးကော်ပိုရေးရှင်းမှ သွပ်(၁၁လိုင်း) အချပ် ၅၀၀၀၀၊ သွပ်(၉လိုင်း) ၁၈၆၇၅ ချပ်၊ SIGMA မီးကြိုးခွေ ၂၉၄ ထုပ်၊ လူသုံးကုန်ပစ္စည်းများ၊ သံဖာ ၁၁၄၀၊ အချိုရည်မျိုးစုံ ဖာ ၈၀၊ သောက်ရေသန့်ဘူးခွံကြီး ဘူး ၅၅၀၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးမှ Angle ချောင်းများ၊ U Beam သံချောင်းများနှင့် သွပ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ စားသောက်ဖွယ်ရာပစ္စည်းများ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်မှ သောက်ရေသန့်ဘူးများ၊ စားသောက်ဖွယ်ရာပစ္စည်းများ၊ မိုးကာအင်္ကျီ၊ ဆေးပစ္စည်းများ၊ Wet Tissue၊ မီးဖိုချောင်သုံးပစ္စည်းများ၊ စားသုံးဆီနှင့် ဆန်၊ ရွှေသံလွင်ကုမ္ပဏီမှ မီးဖိုချောင်သုံးပစ္စည်းများ၊ ဆန်အိတ် ၈၀၀၊ မီးစက်တစ်လုံးနှင့် စားသောက်ဖွယ်ရာပစ္စည်းများ၊ ဆက်သွယ်ရေးဌာနမှ မီးစက် ၁၂ လုံး၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ Gas (LPG) မီးဖို အလုံး ၁၀၀၀၊ 220g Gas ဘူး ၄၀၀၄ လုံး စုစုပေါင်းကုန်တန်ချိန် ၆၉၆ တန်ခန့်တို့ကိုတင်ဆောင်၍ ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့မှ စစ်တွေမြို့သို့ ထွက်ခွာခဲ့သည်။

အဆိုပါ စစ်ရေယာဉ်များမှ သယ်ဆောင်လာသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးယာဉ်များ၊ ထောက်ပံ့ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများကို တာဝန်ရှိသူများထံသို့ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ပြီး မုန်တိုင်းဒဏ်သင့်ပြည်သူများထံသို့ အမြန်ဆုံးဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



ရခိုင်ပြည်နယ်အတွင်းရှိ သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာပစ္စည်းများကို တပ်မတော်(ရေ)မှ ရေယာဉ်များဖြင့် ဆက်လက်ပို့ဆောင်ပေးစဉ်။

# နိုင်ဂျီးရီးယားနိုင်ငံ ရေကြီးရေလျှံမှုကို ကိုင်တွယ်ဖြေရှင်းရန် နိုင်ရာ ၃ ဒသမ ၄ ထရီလီယံလိုအပ်မည်



**အဘူဂျာ မေ ၂၄**

နိုင်ဂျီးရီးယားနိုင်ငံသည် အထူးသဖြင့် မိုးရာသီတွင်ဖြစ်ပွားလေ့ရှိသော ရေကြီးရေလျှံမှုများကို ကိုင်တွယ်ဖြေရှင်းရန် နိုင်ဂျီးရီးယားငွေကြေး နိုင်ရာ ၃ ဒသမ ၄ ထရီလီယံ လိုအပ်မည်ဖြစ်ကြောင်း သမ္မတ၏ ရေလွှမ်းမိုးမှုတုံ့ပြန်ရေးကော်မတီက မေ ၂၂ ရက်တွင် ကြေညာခဲ့ကြောင်း Punch News သတင်းဌာနက မေ ၂၃ ရက်တွင် ရေးသားဖော်ပြထားသည်။

သမ္မတ၏ ရေလွှမ်းမိုးမှုတုံ့ပြန်ရေးကော်မတီတွင် ရေအရင်းအမြစ်ဝန်ကြီး Suleiman Asamu ကို ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ထားပြီး အဘူဂျာမြို့တွင် မေ ၂၂ ရက်က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ဖက်ဒရယ်အစိုးရသို့ ရေလွှမ်းမိုးမှုတုံ့ပြန်ရေးနှင့် ပတ်သက်သော မဟာဗျူဟာ ၁၀ ခုကို အကောင်အထည်ဖော်ရန်အတွက် ခန့်မှန်းကုန်ကျငွေကို အကြံပြုတင်ပြရာတွင် ရေကြီးရေလျှံမှုများကို ကိုင်တွယ်ဖြေရှင်းရန် နိုင်ဂျီးရီးယားငွေကြေးဖြစ်သော နိုင်ရာ ၃ ဒသမ ၄ ထရီလီယံ လိုအပ်ကြောင်းနှင့် ဒုတိယသမ္မတ ဦးဆောင်သော အဖွဲ့ဝင် ၁၈ ဦးပါ အမျိုးသားရေလွှမ်းမိုးမှု စီမံခန့်ခွဲမှုကောင်စီကို ဖွဲ့စည်းရန်လည်းအကြံပြုထားကြောင်း သိရသည်။

"ဒီကောင်စီဟာ ရေကြီးရေလျှံမှုအဆင့်တိုင်းကို လျှော့ပါးသက်သာစေမဲ့ လုပ်ငန်းဆောင်တာတွေကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ဖို့မျှော်လင့်ထားပါတယ်။ ရေဘေးအမျိုးအစားပေါ် မူတည်ပြီး အရေးပေါ်အခြေအနေ ကြေညာနိုင်ဖို့ သမ္မတကို အကြံပေးတာတွေပါဝင်ပါတယ်"ဟု Suleiman Asamu က ပြောကြားသည်။

နိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှုဘေးအန္တရာယ်များကို ထိထိရောက်ရောက်ကိုင်တွယ်ဖြေရှင်းရန် မည်သည့်အဖွဲ့အစည်းမျှ တည်ထောင်ထားခြင်း မရှိသေးသောကြောင့် အဆိုပါကောင်စီ လိုအပ်ကြောင်း Suleiman Asamu က ပြောကြားခဲ့သည်။

AZH

# ဗြိတိန်နိုင်ငံတွင် အသေးစားအပူလှိုင်းဖြတ်သန်းပြီး အပူချိန်မြင့်တက်လာဖွယ်ရှိ

**လန်ဒန် မေ ၂၄**

ဗြိတိန်နိုင်ငံတွင် လာမည့်ရက်ပိုင်းအတွင်း အသေးစားအပူလှိုင်းဖြတ်သန်းမည်ဖြစ်ပြီး အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်မြင့်တက်လာဖွယ်ရှိနေကြောင်း ဗြိတိန်ဗဟိုမိုးလေဝသဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု LBC သတင်းဌာနက မေ ၂၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အပူလှိုင်းဖြတ်သန်းပါက အပူချိန်သည် ၂၅ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်လာဖွယ်ရှိနေပြီး မော်ရိုကိုနိုင်ငံထက်ပင် အပူချိန်မြင့်မားနိုင်ကြောင်း၊ အပူချိန် အမြင့်ဆုံးမြင့်တက်ဖွယ်ရှိနေသည့်ဧရိယာမှာ အင်္ဂလန်အနောက်တောင်ဘက်ပိုင်း ဧရိယာများဖြစ်ပြီး အပူချိန်မြင့်တက်လာပါက လိုက်နာလုပ်ဆောင်ရမည့် ညွှန်ကြားချက်များအတိုင်း လိုက်နာသွားရန်လည်း ဗြိတိန်ဗဟိုမိုးလေဝသဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

"အသေးစား အပူလှိုင်းဖြတ်သန်းဖို့ရှိပါတယ်။ အပူလှိုင်းဖြတ်သန်းရင် အပူချိန်တွေဟာ ၂၄ ဒီဂရီစင်တီဂရိတ်ကနေ ၂၅ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်လာနိုင်တယ်။ အင်္ဂလန်နိုင်ငံ အနောက်တောင်ဘက်ပိုင်းဒေသတွေမှာ အပူချိန်အမြင့်ဆုံး မြင့်တက်နိုင်တယ်။ လန်ဒန်မြို့တော်မှာလဲ အပူချိန် ၂၄ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နိုင်ပါတယ်။ အခြားအပူချိန်မြင့်တက်လာနိုင်တဲ့ဧရိယာတွေကတော့ ဝေလနိုင်ငံ အရှေ့ဘက်ပိုင်း၊ မစ်လန်းအလယ်ပိုင်းဒေသတွေပဲ ဖြစ်ပါတယ်။ အပူချိန်ဟာ တဖြည်းဖြည်းချင်း မြင့်တက်လာမှာဖြစ်ပြီးတော့ လာမဲ့ရက်ပိုင်းအတွင်းကနေ ဇွန်လပထမပတ်လောက်ထိ မြင့်တက်လာနိုင်ပါတယ်"ဟု ဗြိတိန်ဗဟိုမိုးလေဝသဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အပူချိန်မြင့်တက်မှုသည် ကာလရှည်ကြာမြင့်နိုင်ပြီး ဇွန်လပထမပတ်ထိ အပူချိန်ဆက်တိုက်မြင့်တက်ဖွယ်ရှိနေကြောင်း၊ ယခုနှစ်အတွင်း ဗြိတိန်၏အပူချိန်အမြင့်ဆုံးအဖြစ် ၂၃ ဒသမ ၃ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့ပြီး အပူချိန်အမြင့်ဆုံးဧရိယာများမှာ ပေါ့မာဒေါ့နှင့် ဝေလနိုင်ငံတို့ဖြစ်ကြောင်း သိရသည်။

**နိုင်းဆက်**

# ပိုပိုကာတီပယ်လ်မီးတောင် ပေါက်ကွဲမှုထပ်မံဖြစ်ပွား၍ ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်း

**မက္ကဆီကိုစီးတီး မေ ၂၄**

မက္ကဆီကိုနိုင်ငံ၏ သက်ဝင်လှုပ်ရှားမှုနှုန်းမြင့်မားသော ပိုပိုကာတီပယ်လ်မီးတောင်သည် မေ ၂၂ ရက် အစောပိုင်းက ပေါက်ကွဲမှု ထပ်မံဖြစ်ပွားခဲ့သည့်အတွက် ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရကြောင်း မက္ကဆီကို အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Nine News သတင်းဌာနက မေ ၂၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ပိုပိုကာတီပယ်လ် မီးတောင်သည် မေ ၁၉ ရက်ကလည်း မီးတောင်အတွင်းမှ ချော်ရည်ငွေ့များ ပေါက်ထွက်မှု ဖြစ်ပွားခဲ့သည့်အတွက် လေထုညစ်ညမ်းမှုများဖြစ်ပေါ်ပြီး စာသင်ကျောင်းများကို ယာယီပိတ်ခဲ့ရကာ လေဆိပ်တချို့ကိုလည်း ယာယီပိတ်ခဲ့ရကြောင်း၊ မေ ၁၉ ရက်က ချော်ရည်ငွေ့ပေါက်ထွက်မှုအခြေအနေတည်ငြိမ်သွားခဲ့ပြီးနောက် မက္ကဆီကိုအာဏာပိုင်အဖွဲ့အစည်းက ယာယီပိတ်ထားသည့်လေဆိပ်များကို မေ ၂၀ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

သို့သော်လည်း ပိုပိုကာတီပယ်လ်မီးတောင် ထပ်မံပေါက်ကွဲခဲ့သည့်အတွက် လေဆိပ်များကို ယာယီပိတ်ထားကာ လေကြောင်းခရီးစဉ်တချို့ကိုလည်း ယာယီရပ်ဆိုင်းခဲ့ရပြီး မီးတောင်မှ ချော်ရည်များ ပေါက်ထွက်လာသဖြင့် ဒေသခံဦးရေ သန်းနှင့်ချီ၍ ဘေးလွတ်ရာရွှေ့ပြောင်းရမည့် အခြေအနေဖြင့် ရင်ဆိုင်နေရကာ လက်ရှိအန္တရာယ်ဇုန်အတွင်းမှ ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြားထားသည်။

ပိုပိုကာတီပယ်လ် မီးတောင်သည် မက္ကဆီကိုနိုင်ငံအလယ်ပိုင်း မိုရီလို့စ်ပြည်နယ်နှင့် ပွဲဘလာပြည်နယ်ကြားတွင်တည်ရှိသည့် မီးတောင်ဖြစ်ကြောင်း၊ မက္ကဆီကိုပြည်ထဲရေးဝန်ကြီးဌာနက ကယ်ဆယ်ရေးဝန်ထမ်း ၇,၂၇၅ ဦးထိ မီးတောင်အနီးဝန်းကျင်မှ ဒေသခံများကို ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်ရန် စေလွှတ်ပေးထားကြောင်း၊ မက္ကဆီကိုသမ္မတကလည်း ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသော ဒေသခံများအတွက် ယာယီရွက်ဖျင်တဲများ အမြန်ဆုံးပြင်ဆင်ပေးသွားရန် ညွှန်ကြားခဲ့ကြောင်း သိရသည်။

**နိုင်းဆက်**



# မိုးခေါင်ရေရှားမှုကြောင့် ပနားမားတူးမြောင်းအတွင်း သင်္ဘောကြီးများသွားလာမှုကို ကန့်သတ်မည်

**ပနားမားစီးတီး မေ ၂၄**

မိုးခေါင်ရေရှားမှု အခြေအနေများကြောင့် ကမ္ဘာ့ပင်လယ်ရေကြောင်းဆိုင်ရာ အဓိကလမ်းကြောင်းတစ်ခုဖြစ်သော ပနားမားတူးမြောင်းတစ်လျှောက် ယခုသီတင်းပတ်အတွင်း သွားလာမှုကန့်သတ် သွားမည်ဖြစ်ကြောင်း ပနားမားတူးမြောင်း အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သော သတင်းများကို ကိုးကား၍ Splash 247သတင်းဌာနက မေ ၂၃ ရက်တွင် ရေးသားဖော်ပြထားသည်။

ယခုနှစ် ဖေဖော်ဝါရီလမှ ဧပြီလထိ ပျမ်းမျှမိုးရေချိန်အောက် ရာခိုင်နှုန်း ၅၀ ထိ ကျဆင်းခဲ့သဖြင့် ပနားမားတူးမြောင်း အာဏာပိုင်များက တူးမြောင်းအတွင်းသွားလာမှုကန့်သတ်ချက် အစီအမံနှစ်ခုကို ယနေ့နှင့် မေ ၂၉ ရက်တို့တွင် စတင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ပနားမားတူးမြောင်းသည် လာမည့်ဇူလိုင်လတွင် သမိုင်းဝင်ရေမျက်နှာပြင်ကျဆင်းမှုနှင့် ကြုံတွေ့နိုင်ပြီး တူးမြောင်း၏အလယ်ဗဟိုဖြစ်သော ဂါတန်ရေကန်၏ ရေအနက်ပေသည် ရေမျက်နှာပြင်နိမ့်ဆင်းမှုနှင့် ကြုံတွေ့ဖွယ်ရှိနေကြောင်း မိုးလေဝသပညာရှင်များက သတိပေးထားသည်။

ယခင်ကန့်သတ်ချက်ဖြစ်သော ရေစူးအနက် ၁၃ ဒသမ ၇၂ မီတာရှိသော သင်္ဘောများအစား ယနေ့တွင် ၁၃ ဒသမ ၅၆ မီတာထိ ကန့်သတ်သွားမည်ဖြစ်ပြီး မေ ၂၉ ရက်တွင် ရေစူး ၁၃ ဒသမ ၄၁ မီတာထိ ထပ်မံကန့်သတ်သွားမည်ဖြစ်ကာ ကုန်တင်သင်္ဘောများအနေဖြင့် ကုန်သေတ္တာများကို ရာခိုင်နှုန်း ၄၀ ထိ လျှော့၍တင်ဆောင်သွားရမည်ဖြစ်ကြောင်း သိရသည်။

ပနားမားတူးမြောင်းအတွင်း ဖြတ်သန်းမှုများအပေါ် အပိုကြေးများ တိုးမြှင့်ကောက်ခံလာခြင်းနှင့် အခြား ကန့်သတ်ချက်များကြောင့် အာရှနှင့် အမေရိကကို ကုန်စည်ဖြတ်သန်းတင်ပို့နေသော သင်္ဘောလိုင်းအများအပြားအနေဖြင့် စူးအက်တူးမြောင်းမှ လမ်းကြောင်းပြောင်းလဲ၍ ဖြတ်သန်းတင်ပို့နိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

AZH

# အမေရိကန်နိုင်ငံ ကော်လိုရာဒိုမြစ်ရေပမာဏကျဆင်းမှုကို ဖြေရှင်းရန် ပြည်နယ် ခုနစ်ပြည်နယ်မှ အာဏာပိုင်အဖွဲ့အစည်းများကြား သဘောတူညီမှုရရှိ

**ဝါရှင်တန် မေ ၂၄**

အမေရိကန်နိုင်ငံ အနောက်ဘက်ပိုင်းရှိ ကော်လိုရာဒိုမြစ်ဝှမ်းတွင် ရေပမာဏသိသိသာသာကျဆင်းလာခဲ့ပြီး အနောက်ဘက်ပိုင်းရှိ ပြည်နယ်ခုနစ်ပြည်နယ်က ကော်လိုရာဒိုမြစ်ရေပမာဏ ကျဆင်းမှုပြဿနာကို ဖြေရှင်းရန်အတွက် အာဏာပိုင်အဖွဲ့အစည်းကြား မေ ၂၂ ရက်က တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ခဲ့ကြောင်း US News သတင်းဌာနက မေ ၂၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီးနောက် ကော်လိုရာဒိုမြစ်ရေပမာဏကျဆင်းမှုကို ပြည်နယ် ခုနစ်ပြည်နယ်လုံး ပူးပေါင်းဖြေရှင်းဆောင်ရွက်ရန် သဘောတူညီချက်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း၊ အမေရိကန်အနောက်ဘက်ပိုင်းရှိ ပြည်နယ်များမှလူဦးရေသန်း ၄၀ ကျော်အတွက် သောက်သုံးရေဖူလုံရေးမှာ ကော်လိုရာဒိုမြစ်ရေက အဓိကကျနေပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက်လည်း ကော်လိုရာဒိုမြစ်ရေကိုသာ အားထားနေရကြောင်း သိရသည်။

ကော်လိုရာဒိုမြစ်ရေကို အဓိကရယူသုံးစွဲနေသည့် ပြည်နယ် ခုနစ်ပြည်နယ်အနက် အောက်ပိုင်းတွင်တည်ရှိသည့် အရီဇိုးနားပြည်နယ်၊ ကယ်လီဖိုးနီးယားပြည်နယ်နှင့်နီဗားဒါးပြည်နယ်တို့၌ ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းအရောက်တွင် ကော်လိုရာဒိုမြစ်ဝှမ်းမှ သောက်သုံးရေနှင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများအတွက် ရေသုံးစွဲမှုကို ၃ ဒသမ ၇ ဘီလီယံကုဗမီတာထိ လျှော့ချသွားမည်ဖြစ်ကြောင်း သိရသည်။

အထက်ပိုင်းတွင် တည်ရှိသည့် ကော်လိုရာဒိုပြည်နယ်၊ နယူးမက္ကဆီကိုပြည်နယ်၊ ယူတက်ပြည်နယ်နှင့် ဝိုင်ယိုမင်ပြည်နယ်တို့တွင်လည်း ရေသုံးစွဲမှုကို လျှော့ချသွားရန် စီစဉ်နေပြီဖြစ်ကြောင်း သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။


**နိုင်းဆက်**

သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

0w Wv d @

# အတ္တလွှမ်းချင်း

**ခင်ဇော်(သီတာကုန်းပြင်)**




(၁)

ရေဇလုံထဲတွင် ဆီများဝေ့နေသည်။ နှင်းမြသည် လက်တွင် ပေကျံနေသောဆီများကို အဝတ်ဖတ်ဖြင့် သုတ်လိုက်ပြီး ရေဇလုံကိုစောင်းသွန်ကာ နောက်ထပ်ရေအသစ်ထည့်ရန်အတွက် ပိုက်အောက်တွင် ဇလုံကိုထားကာ ရေပိုက်ဘားကိုဖွင့်လိုက်၏။ ပြီးနောက် ဆပ်ပြာမှုန့်အနည်းငယ်ထည့်ကာ မွှေလိုက်သည်။ ဆပ်ပြာမြှုပ်များသည် ဇလုံနှုတ်ခမ်းဝဆီသို့ ကြွတက်လာကြသည်။

နားသယ်စမှ စီးကျလာသောချွေးစများကို သူ့လက်ဖမိုးဖြင့်သုတ်လိုက်ရာ ချွေးနှင့်အတူ မျက်ရည်စများပါ ရောပါလာသည်။ ရင်ထဲတွင်ကျိတ်ကာငိုနေမိ၍ တစ်ချက်တစ်ချက် ရှိုက်သံသဲ့သဲ့လေးက ရင်မှပွင့်ထွက်လာသည်။ ဧည့်ခန်းတွင်းမှာတော့ စကားသံများက လှိုင်လျက်ရှိနေကြ၏။ ပန်းနုရောင်ဇာခန်းဆီး၏ ရှေ့တွင် ဧည့်ပေါင်းစုံစုဝေးလျက်။

"ဟော မမကြီးလာပြီ"

အသံထွက်ပေါ်လာရာဘက်သို့ နှင်းမြကြည့်မိရာ ခေတ်မီလှပသော အဖြူရောင်ဇိမ်ခံကားကြီးပေါ်မှ အမျိုးသမီးကြီးကို လူအများက ဝိုင်းဝန်းကြိုဆိုနေကြသည်ကို တွေ့ရသည်။ ထိုအမျိုးသမီးကြီးသည် တန်ဖိုးကြီးလက်ဆွဲအိတ်ကြီးကို လက်တစ်ဖက်တွင်ဆွဲလျက် အိမ်ထဲသို့ တစ်လှမ်းချင်းလှမ်းဝင်လာသည်။ ကိုယ်ပေါ်တွင်ဆင်မြန်းထားသည့် ကျောက်မျက်ရတနာများ၏ အရောင်များကလည်း တဖိတ်ဖိတ်ဝင်းလက်တောက်ပလျက်ရှိနေ၏။ အရွယ်နုသည်ထက်နုအောင် တန်ဖိုးကြီးအဝတ်အစားများကို ချုပ်ဝတ်ထားသော်လည်း အစ်ထွက်နေသော သူ၏ဗိုက်သားကိုမူ လုံခြုံအောင် မဖုံးဖိနိုင်ပေ။

"မနက်စောစော အစ်ကိုကြီးသတင်းကြားလိုက်ရတာစိတ်မကောင်းလိုက်တာ ညီမလေးရယ်"

ဧည့်သည်တွေကြားဝင်ထိုင်ပြီး ထိုအမျိုးသမီးကြီးက ပြောလိုက်သည့်အသံဖြစ်သည်။ တစ်ဖန် မျက်မှန်ကြားမှထွက်ကျလာသောမျက်ရည်စများကို လူအများမြင်အောင် သူ၏လက်ဆွဲအိတ်ထဲမှ လက်ကိုင်ပဝါလှလှလေးကိုထုတ်ပြီး သုတ်လိုက်ပြန်သည်။

"ကင်ဆာရောဂါပေါ့ မမသက်ရယ်။ ညီမတို့မှာ အစ်ကိုကြီးတစ်ယောက်ပဲရှိတာ။ အခုတော့ အစ်ကိုကြီးက ညီမတို့ကို ခွဲသွားပြီ ဟင့် ဟင့်"

ညီမဖြစ်သူ ခင်ဆွေမြင့်၏ အဖြေစကားဆုံးသည်နှင့် ဒေါ်ခင်သက်မာလည်း ရှိုက်၍ငိုပါတော့သည်။ ဒေါ်ခင်သက်မာနှင့်အတူ ညီမဖြစ်သူ ခင်ဆွေမြင့်သည်လည်း သေဆုံးသူ ဦးတင်ထွန်းကို တမ်းတကာ ငိုပြန်လေသည်။

"အမယ်လေး အစ်ကိုကြီးရယ် ညီမလေးတို့ပြုစုရတာ မဝသေးပါလားနော်။ ညီမလေးတို့နဲ့ အတူနေချင်ပါတယ်ဆို အခုတော့"

ညီအစ်မနှစ်ယောက်၏ အော်ဟစ်ငိုကြွေးသံများသည် ဧည့်ခန်းတစ်ခုလုံး ဖုံးလွှမ်းသွားသည်။

ဧည့်သည်များ၏ ကားကြီး၊ ကားငယ်အသွယ်သွယ်တို့သည်လည်း အိမ်ခြံအတွင်းသို့ တဖွဲဖွဲရောက်ရှိလာနေသည်။ နှစ်နာရီကြာမျှ ပန်းကန်ဆေးကြောနေရ၍ ခါးညောင်းလာသဖြင့် နှင်းမြ ခဏလောက်မတ်တတ်ရပ်ပြီး ခါးဆန့်မိသည်။ တစ်ဖန် ဧည့်ခန်းဘက်ကို ကြည့်မိရာ စိန်ရောင်၊ ရွှေရောင်တောက်ပြောင်နေသော ဧည့်သည်များစွာကို တွေ့မြင်ရသလို အိမ်ခြံဝင်းအတွင်းမှာလည်း ကားများပြည့်ကျပ်နေသည်ကို တွေ့ရ၏။ တစ်ဖန် သူ၏ခင်ပွန်းဖြစ်သူ ကိုမြအေး အလုပ်လုပ်နေသောနေရာသို့ ကြည့်မိပြန်ရာ ဆေးလိပ်တိုကို ပါးစပ်တွင်ခဲလျက် ထင်းခွဲနေသည်ကိုတွေ့ရသည်။ ကိုမြအေးသည် ခေါင်းတွင်ပေါင်းထားသော ပုဆိုးကိုဖြေလျက် နဖူးပေါ်ကချွေးများကို သုတ်လိုက်သည်ကို လှမ်းမြင်ရပြန်၏။

နှင်းမြသည် သူ့ယောကျ်ားကိုမြအေးဆီသို့ ရောက်နေသောအကြည့်ကိုလွှဲလျက် လုပ်လက်စအလုပ်ကို ပြန်လုပ်နေစဉ် ဧည့်ခန်းတွင်းမှအသံများက သူ့နားထဲသို့ တိုးဝင်လာပြန်သည်။

"ဝမ်းနည်းတာလဲ ဝမ်းနည်းတာပေါ့ ဒေါ်ခင်သက်မာရယ်။ ကိုယ့်ကျန်းမာရေးလဲရှိတယ်လေ။ တရားနဲ့သာဖြေပါကွယ်"

"အစ်ကိုကြီးက ညီမတွေကို သိပ်ချစ်တာပါရှင်။ ကျွန်မတို့ကလဲ အစ်ကိုတစ်ယောက်တည်းရှိတာမို့ အစ်ကိုကြီးအဖေရာဆိုသလို မိဘသဖွယ်လေးစားချစ်ခင်ပြီး အစ်ကိုကြီးရဲ့လိုအပ်ချက်မှန်သမျှ ဖြည့်ဆည်းပေးခဲ့ပါတယ်ရှင်။ အခုတော့ ညီမတွေကိုခွဲပြီး ထွက်သွားပြီလားအစ်ကိုကြီးရဲ့ ဟင့် ဟင့်"

အဒေါ်ကြီးဖြစ်သူ ဒေါ်ခင်သက်မာ၏ပြောစကားကြောင့် နှင်းမြမျက်လုံးအဝိုင်းသားဖြစ်သွားရသည်။ နှင်းမြ၏နားထဲတွင် ထိုစကားများသည် နာကြည်းမုန်းတီးစရာ ခါးသက်လွန်းလှ၏။ သွားလေသူအဖေ၏မျက်နှာသည် နှင်းမြမျက်လုံးအိမ်ဝယ် ပုံရိပ်ထင်လာသည်။ သူ့နှမများကို သိပ်ချစ်၊ သိပ်အားကိုးသည့် အဖေ။ နှင်းမြကို လောကအလယ် တစ်ကောင်ကြွက်၊ တစ်မျက်နှာနှင့်ထားရစ်ခဲ့သောအဖေ။ ဧည့်ခန်းထဲမှ ငိုသံများလှိုင်လှိုင်ထွက်လာလေလေ အဖေ့ကို နှင်းမြ သတိရလေလေဖြစ်တော့၏။

(၂)

နှင်းမြအမေသည် နှင်းမြကိုမွေးပြီးသည့်အချိန်မှစ၍ ရောဂါတရှောင်ရှောင်နှင့် မမာမကျန်းဖြစ်တော့သည်။ အဖေ၏ ကြံ့ရာကျပန်းလုပ်ခငွေဖြင့် အမေ့ကိုဆေးကုရင်း မိသားစုဘဝကို ခက်ခဲစွာရှင်သန်ခဲ့ရသည်။ နှင်းမြ ခုနစ်တန်းအရောက်တွင် အမေသည် နှင်းမြတို့သားအဖနှစ်ယောက်ကိုစွန့်ခွာ၍ တမလွန်သို့ ကူးပြောင်းသွားခဲ့သည်။ အပြင်အလုပ်တစ်ဖက်၊ သမီးကျောင်းကိစ္စအတွက်တစ်ဖက်နှင့် မအားမလပ်ရအောင် ပင်ပန်းလွန်းလှသည့်အဖေ့ကို သနားသဖြင့် အဖေအတန်တန်တားမြစ်သည့်ကြားမှ နှင်းမြ ကျောင်းထွက်လိုက်သည်။

ငယ်ငယ်က နှမနှစ်ယောက်အတွက် ပင်ပန်းဆင်းရဲစွာ ရုန်းကန်လှုပ်ရှားခဲ့ရသော ဒဏ်ရာဒဏ်ချက်များကြောင့် အဖေသည် အသက် ၆၀ ကျော်သည်နှင့် ရောဂါဝေဒနာ၏တန်ပြန်နှိပ်စက်မှုကို အလူးအလဲခံရသည်။ သူသေရင် သူ့သမီး လောကမှာတစ်ကောင်ကြွက်တစ်မျက်နှာဖြင့် ကျန်ခဲ့မည်စိုးသည် ဆိုသည့်အဖေ၏စကားကိုနားထောင်ရင်း နှင်းမြအသက် ၂၀ တွင် အဖေသဘောတူသည့် တစ်ရပ်ကွက်တည်းနေ ကိုမြအေးနှင့် လက်ထပ်ခဲ့သည်။

ကိုမြအေး၏ ပန်းရန်ခေါင်းဆောင်အလုပ်ကလေးကလည်း မဆိုးလှပါ။ အဖေ့ကိုဆေးကုရင်း ထမင်းနပ်မှန်အောင်တော့စားနိုင်ခဲ့သည်။ နှင်းမြလည်း အပိုဝင်ငွေလေးရအောင် လမ်းထိပ်မှာ မုန့်ဟင်းခါးဆိုင်လေးဖွင့်ခဲ့သည်။ လကြာလာသည်နှင့်အမျှ အဖေ့ရောဂါက ပိုမိုဆိုးရွားလာသည်။ ဆေးခန်းတစ်ခါပြ၊ ဆေးတစ်ခါဝယ်ဖို့ဆိုလျှင် ငွေကုန်လွန်းသဖြင့် ဆေးခန်းဆိုသည့်အသံက နှင်းမြတို့လို လက်လုပ်လက်စားဘဝတွေအတွက် ကြောက်စရာအကောင်းဆုံးနေရာတစ်ခုဟု ဆိုချင်တော့သည်။

(၃)

"သမီးရဲ့ဒေါ်ဒေါ်တို့ဆီမှာသွားပြီး အကူအညီတောင်းကြည့်ပါလား။ သမီးအဒေါ်တို့က အဖေ့ကို သိပ်ချစ်တာပါကွယ်။ အဖေ့အတွက်ဆိုရင်နေဆိတ်ကြမှာမဟုတ်ပါဘူး"

သူ့ဆေးဖိုးအတွက်၊ မိသားစုစားဖို့အတွက် ရုန်းကန်နေရသော နှင်းမြတို့လင်မယားကို အဖေက သနားသဖြင့် ပြည့်စုံကြွယ်ဝကြသော သူ့ညီမများဆီသွားပြီး အကူအညီတောင်းရန်စေခိုင်းသောကြောင့် နှင်းမြ မသွားချင်ဘဲ အဒေါ်များအိမ်ကို ရောက်ခဲ့ရသည်။

"ဒီမယ် နှင်းမြ ဒေါ်ဒေါ်တို့ရဲ့ အရောင်းအဝယ်လုပ်ငန်းတွေကလဲ သိပ်ကောင်းတာမဟုတ်ဘူး။ နင်တို့ကလဲ တစ်ခါမှပြေလည်တယ်ကိုမရှိဘူး။ အမြဲငွေလိုနေတယ်။ မောင်နှမဆိုပေမဲ့ တို့မှာလဲ သားသမီးကျောင်းစရိတ်အတွက် ငွေကုန်ကြေးကျများနေတယ်။ အိမ်က ဒေါ်ဒေါ်ယောကျ်ားဆိုရင်ပြောနေပြီ နှင်းမြ။ ငါရှာတာ နင့်မိသားစုအတွက်မဟုတ်ဘူးလို့"

"စားဝတ်နေရေးအတွက်ဆိုရင် နှင်းမြတို့လင်မယားရဲ့ဝင်ငွေနဲ့တင် အဆင်ပြေပါတယ် ဒေါ်ဒေါ်။ အခုဟာက အဖေ့ကို ဆေးခန်းပြချင်လို့ပါ။ ရှိတဲ့ငွေလေးတွေကလဲ အရင်ဆေးခန်းပြ၊ ဆေးဝယ်ရတာနဲ့တင် ကုန်သွားပြီ။ ဒီရက်ပိုင်း အဖေ့ကိုကြည့်ရတာ သိပ်အားမရလို့။ နေ့တိုင်းမောမောနေတယ်။ ဒေါ်ဒေါ့်ဆီမှာငွေလာပြီးရှာတယ်ဆိုတာလဲ နှင်းမြရဲ့နားကပ်လေးကိုအပေါင်ထားပြီး ချေးတာပါ ဒေါ်ဒေါ်ရယ်"

နှင်းမြသည် ပြောနေရင်းက မျက်ရည်များပင်စို့လာသည်။ ရင်တွင်းမှဖြစ်ပေါ်လာသော အားငယ်စိတ်ကို ကျိတ်ကာမျိုသိပ်လိုက်ရ၏။ သူ့နှမနှစ်ယောက်ကို အလွန်ချစ်ကြောင်း၊ ညီမနှစ်ယောက်လူလားမမြောက်မီ မိဘများဆုံးပါးကွယ်လွန်သွားသဖြင့် အစ်ကိုကြီး အဖအရာမှာနေပြီး ညီမများပညာရေးအတွက် ကြံ့ရာကျပန်း အလုပ်မျိုးစုံလုပ်ခဲ့ရကြောင်းနှင့် ညီမများ အိမ်ထောင်ကျပြီးခါမှ သူအိမ်ထောင်ပြုခဲ့၍ သားသမီးဆိုလို့ နှင်းမြတစ်ယောက်သာရခဲ့ပုံ စသည်ဖြင့် အဖေပြောပြခဲ့သည့်အကြောင်းများကို အဒေါ်ဖြစ်သူဒေါ်ခင်သက်မာကိုကြည့်ရင်း သတိရလာသည်။

အဖေ့ကင်ဆာရောဂါသည် ပိုမိုဆိုးရွားလာသဖြင့် အိမ်နှင့်ခြံကိုအပေါင်ထားပြီး အဖေ့ကို ဆေးရုံတင်လိုက်ရသည်။ အဖေ့သတင်းကို အဒေါ်နှစ်ယောက်ထံလည်း အသိပေးသည်။ ဆောက်လုပ်ရေးကုမ္ပဏီပိုင်ရှင်အဒေါ်ဖြစ်သူ ဒေါ်ခင်သက်မာ ဆေးရုံသို့ရောက်ရှိလာသည်။

"အစ်ကိုကြီး နေကောင်းရင် ညီမတို့အိမ်လိုက်နေပါလား။ အိမ်မှာက လူနည်းစုပဲရှိတာလေ။ အစ်ကိုကြီးအတွက် တစ်ခန်းစီစဉ်ပေးထားမယ်။ ပြောမဲ့သာပြောရတာ အစ်ကိုကြီးက သမီးကို သိပ်ခင်တွယ်တာလိုက်မှာမဟုတ်ပါဘူးလေ။ ရော့အစ်ကိုကြီး စားချင်တာစားဖို့"

အစ်ကိုဖြစ်သူ ခံစားနေရသည့်ရောဂါအကြောင်း၊ ဆေးကုသစရိတ် ဘယ်လိုစီစဉ်ထားသလဲဆိုသည့် အကြောင်းများကို မမေးဘဲ သူပြောချင်ရာပြောပြီး ပိုက်ဆံတစ်ထောင်တန်အုပ်ထဲက ၁၀ ရွက်ကို ထုတ်ကာ အဖေ့ရှေ့ချ၍ ထိုင်ကန်တော့နေသည့် ဒေါ်ခင်သက်မာကိုကြည့်ရင်း နှင်းမြရင်ထဲက "အဖေရယ် ဒီငွေ ၁၀၀၀၀ ကို ပြန်ပေးလိုက်ပါ"ဟု အကြိမ်ကြိမ်ပြောနေမိသည်။

အဖေကတော့ သူ့ညီမသူ့ငွေမကြီးကိုကြည့်ရင်း ပြုံးနေ၏။ အဖေ့စိတ်ဆန္ဒကား မည်သို့မည်ပုံရှိမှန်း နှင်းမြမခန့်မှန်းတတ်ပါ။ နောက်တစ်နေ့တွင် စတိုးဆိုင်ပိုင်ရှင် အဒေါ်အငယ်ဖြစ်သူ ဒေါ်ခင်ဆွေမြင့် ရောက်လာသည်။

လက်ထဲက အထုပ်များကိုချရင်း-

"ဒီမှာ အစ်ကိုကြီးအတွက် သစ်သီးတွေဝယ်လာတယ်။ ဒီစပျစ်သီးလေးက သိပ်လတ်ဆတ်တယ် အစ်ကိုကြီးရဲ့။ ဟောဒီကိတ်မုန့်ကလဲ မုန့်တိုက်က အသိတစ်ယောက်ကို သေသေချာချာပြောပြီး နို့များများနဲ့လုပ်ခိုင်းထားတာ။ စားကြည့်ပါအုံး အစ်ကိုကြီး"

အဖေမောနေသဖြင့် သူ့နှမအငယ်ကိုကြည့်ရင်း

စာမျက်နှာ ၂၅ သို့ ➤

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးဧက ၁၁၃၉၀၀ စိုက်ပျိုးမည်



ယခင်နှစ်က စိုက်ပျိုးခဲ့သည့် စပါးစိုက်ခင်းကို တွေ့ရစဉ်။

**ရွှေဘို မေ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးဧက ၁၁၃၉၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက ရွှေဘိုမြို့နယ်တွင် မိုးစပါးစိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် ဇွန်လမှ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ကြရာ မိုးစပါးဧက ၁၁၃၉၀၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ရွှေဘိုမြို့နယ်တွင် မိုးစပါးဧက ၁၁၃၉၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ရွှေဘိုမြို့နယ်အတွင်း မိုးစပါးဧက ၁၀၀၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ မိုးသီးနှံစိုက်ပျိုးရာသီမှာ စပါးအထွက်နှုန်း ကောင်းမွန်ဖို့၊ အချိန်မီစိုက်ပျိုးကြဖို့ ဆောင်ရွက်နေပါတယ်။ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့အတွက် ကာကွယ်နည်းစနစ်တွေ၊ စိုက်ပျိုးနည်းစနစ်တွေ ဆောင်ရွက်ပေးနေပါတယ်။ မိုးစပါးဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားမှာပါ"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပိုက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ရွှေဘိုမြို့နယ်တွင် မိုးစပါးစိုက်ပျိုးမည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်အတွက် အသိပညာပေးခြင်း၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်းပညာပေးခြင်း စသည့်နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ရွှေဘိုမြို့နယ်တွင် နွေစပါးဧက ၅၃၄၁၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလမှ ဧပြီလထိ စိုက်ပျိုးခဲ့ရာ နွေစပါး ၅၂၄၈၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

(၂၀၆)

# မိုင်းရယ်မြို့နယ် မန်ပန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းရယ် မေ ၂၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ဆဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက မန်ပန်ကျေးရွာ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ မိုင်းရယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းခိုင်ဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းရည်ရွယ်ချက်များနှင့် စီမံကိန်းအကြောင်းအရာများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကိုပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များက မန်ပန်ကျေးရွာ၌ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူစုစုပေါင်း အသင်းသား၊ အသင်းသူ ၄၈ ဦးကို ဆဋ္ဌမအကြိမ်အဖြစ် စီမံကိန်းရန်ပုံငွေကျပ် ၄၀၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကျော်ဇေဦး(မောရှမ်းမြေ)**

# နိုင်ငံချစ်စိတ်

\- နိုင်ငံတော်ချစ်ခဲ့လျှင်၊
နိုင်ငံတော် တိုးတက်ရေး
ကြံတွေးအစဉ်၊
ကိုယ့်အစွမ်းအစ အားကုန်နှင့်
ပြည့်ဂုဏ်အင် မွေးကြိုင်ဖို့၊
အသက်ကို ပဓာနမထားဘဲ
ကြိုးစားကြစို့။

\- နိုင်ငံတော်ချစ်ခဲ့လျှင်၊
နိုင်ငံတော်ဖျက်ဆီးရေး
အတွေးရှောင်ကြဉ်၊
အဖျက်သမား နွယ်အမျှင်
ပြတ်အောင်ပင် တိုက်ထုတ်၊
အသက်ကို ပဓာနမထား
စွန့်စားကြိုးကုတ်။

\- နိုင်ငံတော် ချစ်ခဲ့လျှင်၊
ဘိုးဘွားပိုင် အမွေအနှစ်
ထိန်းသိမ်းချစ်ခင်၊
မြန်မာသွေး ကမ္ဘာတစ်ခွင်
စီးဆင်းအစဉ် သခင်မျိုး၊
ကိုယ့်နိုင်ငံ ချစ်စိတ်ကို
ထိပ်တန်းမှာပျိုး။

\- နိုင်ငံတော် ချစ်ခဲ့လျှင်၊
နိုင်ငံတော် မောင်နှမများ
သွေးသားလိုခင်၊
တစ်ယောက်စကား တစ်ယောက်နားဆင်
လိုအင်တွေ ဖြည့်ဆည်းပေး၊
စည်းလုံးစွာနေထိုင်ကြ
ဖေးမစို့လေး။ ။

**ချစ်သက်(မြန်မာစာ)**

# ငါန်းဇွန်မြို့၌ ဆပ်ပြာဆီပြုလုပ်နည်းသင်တန်းဆင်း

**ငါန်းဇွန် မေ ၂၄**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုဆပ်ပြာဆီပြုလုပ်နည်းသင်တန်းဆင်းပွဲကို မေ ၂၃ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငါန်းဇွန်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းသိန်းက သင်တန်းဆင်းအမှာစကားပြောကြားသည်။

ဆက်လက်၍ ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုးအောင်က သင်တန်းဆိုင်ရာကိစ္စရပ်များနှင့် သင်တန်းမှရရှိလာသည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြသည်။

အဆိုပါသင်တန်းသို့ ငါန်းဇွန်မြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသူ ၁၅ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြများက ဆပ်ပြာဆီပြုလုပ်နည်းအမျိုးမျိုးကို စာတွေ့၊ လက်တွေ့ဖြင့် မေ ၁၇ ရက်မှ ၂၃ ရက်ထိ အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ငါန်းဇွန်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းသိန်း၊ ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုးအောင်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

➤ စာမျက်နှာ ၂၄ မှအဆက်

လက်ကာပြပြီး မှိန်းနေသည်။ အဒေါ်အငယ်က နာရီတကြည့်ကြည့်ဖြင့် အပြင်ကို စိတ်ရောက်နေပုံရသည်။

"နှင်းမြရေ. . . ဒေါ်လေးပြန်လိုက်အုံးမယ်။ ဆေးရုံအဝင်ဝမှာ ဒေါ်လေးယောက်ျားစောင့်နေတယ်။ ဘဏ်ကိုဝင်စရာရှိသေးလို့"

အစကတည်းက အဒေါ်နှစ်ယောက်ထံ အဖေ့သတင်းကို မိသားစုတာဝန်ကျေပွန်စေရန်အသိပေးရခြင်းဖြစ်သည်။ သူတို့ဆီက ကူညီစောင့်ရှောက်မှုမရနိုင်မှန်း နှင်းမြသိပြီးသားဖြစ်၏။ အကောင်းစားလက်ဆွဲအိတ်ကြီးကိုဆွဲပြီး ဆေးရုံခန်းထဲမှ စတိုင်ကျကျထွက်ခွာသွားသောသူ့ဒွေးမ အဒေါ်အငယ်ထက် မိုးမလင်းခင်ချက်ပြုတ်စီမံပြီး ကလေးကျောင်းပို့၊ ဆေးရုံကိုလိုက်လာပြီး ထမင်းချိုင့်လာပို့မည့် ခင်ပွန်းသည်ကိုမြအေး၏မြင်ကွင်းကိုသာ နှင်းမြမျှော်နေမိသည်။

(၄)

"တို့က ဆွေနဲ့မျိုးနဲ့ပေါ့။ အစ်ကိုကြီးမှာ ညီမတွေရှိတယ်ဆိုတာလူတိုင်းသိတယ်။ ညည်းတို့သဘောနဲ့ ညည်းတို့မလုပ်ကြနဲ့။ တို့ခွေးအဖြစ်မခံနိုင်ဘူး။ အစ်ကိုကြီးရဲ့ဈာပန လှစေရမယ်။ တို့ညီအစ်မတွေကို သူများလက်ညှိုးထိုးတာမခံနိုင်ဘူး"

ဆေးရုံတွင် အဖေဆုံးသည့်အခါ ကိုမြအေးသည် ဝတ္တရားအတိုင်း အဒေါ်တို့ထံ အကြောင်းကြားခဲ့သည်။

"အစ်ကိုကြီးရဲ့ဈာပနကို ငါ့အိမ်မှာပဲ စီစဉ်မယ်။ ညည်းတို့အိမ်က ကျဉ်းတယ်။ မတင့်တယ်ဘူး။ ငါတို့က မိတ်ဆွေအပေါင်းအသင်းများတယ်"

နှင်းမြ အားလုံးကိုလက်မြှောက်အရှုံးပေးလိုက်သည်။ အဒေါ်အငယ်၏ဆန္ဒအတိုင်း ကြိုက်သလိုစီစဉ်စေခဲ့သည်။ နှင်းမြတို့လင်မယားနှစ်ယောက်လည်း မီးဖိုချောင်အလုပ်ကိုသာ ဝင်ခဲ့ရသည်။ အဖေနေမကောင်းစဉ်က နှင်းမြပြုစုခဲ့ရသဖြင့် အိပ်ရေးပျက်ခဲ့ရသောကြောင့် မျက်ကွင်းလေးများညိုကာ နားထင်လေးများချိုင့်နေ၏။

"နောက်ဖေးမီးဖိုချောင်ထဲက ပန်းကန်ဆေးနေတာသူ့သမီးလေ"

"ဟုတ်တယ်နော်။ ရုပ်ကိုကြည့်ပါလား အဖေတစ်ယောက်လုံးသေတာ မျက်ရည်တစ်ပေါက်မှမကျဘူး"

"ဘယ်ကျမလဲ နာတာရှည်ကြီးကိုပြုစုရတာ ဝဋ်ကျွတ်သွားပြီဆိုပြီး ဝမ်းသာနေတာလေ"

ဧည့်ခန်းထဲမှ ပျံ့လွင့်လာသောစကားသံများကြောင့် နှင်းမြနှုတ်ခမ်းကို အပေါ်သွားဖြင့် ခပ်ဖိဖိလေးကိုက်လိုက်မိသည်။ အပေါ်ယံပကာသနဟန်ဆောင်မှုများနှင့်လွှမ်းမိုးထားသော ဤအသိုင်းအဝိုင်းကို နှင်းမြရွံမုန်းလာမိသည်။ နှင်းမြရင်ထဲက အပူမီးကို သူတို့မမြင်ကြပေ။

အသုဘချသည့်အခါ အဒေါ်နှစ်ယောက်၏ အော်ဟစ်ငိုကြွေးသံကို ခရီးလမ်းတစ်လျှောက်လုံးကြားနေရ၏။ အဖေ့အလောင်းကို မီးသင်္ဂြိုဟ်စက်ထဲထည့်လိုက်သောအခါ အဒေါ်နှစ်ယောက် လူးလိမ့်ငိုယိုကြသည်။ ခေတ်မီကားလှလှပေါ်မှ အမျိုးသမီးတစ်သိုက်က ယပ်ခတ်ပေးကြပြီး ဖျောင်းဖျပြောဆိုနေကြသည်။

"နှင်းမြ ငိုလိုက်လေ ငိုလိုက်"

ကိုမြအေးသည် ဇနီးဖြစ်သူ သတိကင်းကာ ငိုရန်မေ့နေသည်အထင်ဖြင့် ပခုံးလှုပ်ကာအသိပေး၏။ ကိုမြအေးကိုမျက်လုံးပင့်ကြည့်ပြီး မချိပြုံးပြုံးရင်း သက်ပြင်းတစ်ချက်ကို ခပ်လေးလေးချလိုက်မိ၏။

"ကိုမြအေး"

"ဘာလဲ နှင်းမြ"

ခင်ပွန်းဖြစ်သူကို ဘာမှဆက်မပြောဘဲ ကားပေါ်မှဆင်းလိုက်သည်။ ကိုမြအေးလည်း နှင်းမြနောက်က ဆင်းလိုက်လာသည်။ အဖေ့နာမည်ထိုးထားသောယပ်တောင်လေးဖြင့် မျက်နှာကိုလာဟပ်သော နေပူကိုကာလိုက်၏။ အဖေ့အရိပ်သည် ယခုထိအေးမြနေဆဲဖြစ်ကြောင်း နှင်းမြနားလည်မိသည်။

"နှင်းမြငိုစရာမလိုတော့ဘူး ကိုမြအေး။ အခုချိန်မှာအော်ဟစ်ငိုနေလဲ အဖေသိနိုင်တော့မှာမဟုတ်ဘူး။ လွမ်းချင်တဲ့သူတွေ၊ ငိုချင်တဲ့သူတွေ ငိုကြပါစေ။ နှင်းမြအဖို့ လူမြင်ကောင်းအောင် ဟန်မဆောင်ချင်ပါဘူး။ အဖေမသေခင် အဖေနဲ့အတူရုန်းကန်ရင်း မိသားစုအတွက် ပူဆွေးခဲ့ရတာ အခြားသူတွေမသိပေမဲ့ နှင်းမြကိုယ်နှင်းမြသိပါတယ်။ အတ္တသမားတွေကျင်လည်တဲ့ ဒီအယောင်ဆောင်အသိုင်းအဝိုင်းကို နှင်းမြရွံလာပြီ။ ဒီနေရာကပဲ ကိုယ့်အိမ်ကိုပြန်ကြစို့ ကိုမြအေး"

ထွက်လာသောမျက်ရည်စများကို မျက်တောင်တစ်ချက်နှစ်ချက်ဖြင့် ပုတ်ထုတ်ရင်း နှင်းမြပြောလိုက်သည့်စကားများကို တမလွန်မှအဖေကြားပါလျှင် ခွင့်လွှတ်ပါစေဟုသာ ဆုတောင်းလျက်. . .။

# သန့်ရှင်းသောအစိုးရဖြစ်ဖို့ အဂတိလိုက်စားမှုများကို တိုက်ဖျက်ကြပါစို့

**လင်းလက်**

**အစိုးရတာဝန်ရပ်၏ တာဝန်**

အစိုးရဆိုသည်မှာ "နိုင်ငံတစ်နိုင်ငံ၏ ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးစသည့် အာဏာသုံးရပ်ကို စီမံခန့်ခွဲရသောစနစ်တစ်ခု သို့မဟုတ် လူအစုအဖွဲ့ကိုဆိုလိုသည်"ဟု Wikipedia တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်ကို တွေ့ရသည်။ ၁၉၇၃ ခုနှစ် စကားရပ်များအနက် အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေပုဒ်မ-၅ (က)(၃) တွင် "အစိုးရ" ဆိုသော စကားရပ်တွင် ဆိုင်ရာကိစ္စရပ်နှင့်စပ်လျဉ်း၍ အခြေခံဥပဒေဖြင့်ဖြစ်စေ၊ ဥပဒေတစ်ရပ်ရပ်ဖြင့်ဖြစ်စေ နိုင်ငံတော်၏ စီမံခန့်ခွဲမှု အာဏာအပ်နှင်းခြင်းခံရသော အဖွဲ့အစည်းကိုဆိုသည်ဟု အနက်အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ရာဇသတ်ကြီးပုဒ်မ-၁၇ တွင် "အစိုးရ" ဆိုသည်မှာ "ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မည်သည့်အရပ်၌မဆို အုပ်ချုပ်ရေးအာဏာကို စီမံခန့်ခွဲရန် ဥပဒေအရအခွင့်အာဏာပေးထားသည့်သူတစ်ဦး သို့မဟုတ် အများကိုဆိုသည်"ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

**ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်**

အားလုံးပါဝင်ဆောင်ရွက်နိုင်ခြင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ ထိရောက်မှုရှိခြင်း၊ အများသဘောဆန္ဒကို အလေးထားခြင်းနှင့် တုံ့ပြန်ဆောင်ရွက်နိုင်ခြင်း၊ တရားဥပဒေစိုးမိုးမှုကိုလေးစားလိုက်နာခြင်းနှင့် အဂတိလိုက်စားမှုကို ဖြစ်ပေါ်စေနိုင်သောအခွင့်အလမ်းများကို လျော့နည်းစေခြင်း စသည်တို့သည် ကောင်းမွန်သော စီမံအုပ်ချုပ်မှုတွင်ရှိရမည့် အခြင်းအရာများဖြစ်သည်ဟု အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိရေးအဖွဲ့ (Transparency International-TI) က ဖွင့်ဆိုထားသည်ကို တွေ့ရှိရသည်။

အစိုးရတစ်ရပ်အနေဖြင့် ထိုအခြင်းအရာများကို လက်ကိုင်ထားကာ နိုင်ငံကို စီမံအုပ်ချုပ်ရမည်ဖြစ်သကဲ့သို့ အကောင်အထည်ဖော်ဆောင်ရွက်မည့် စီးပွားရေး၊ အုပ်ချုပ်ရေး၊ နိုင်ငံရေးနှင့် လူမှုရေးစနစ်များတွင်လည်း အဂတိလိုက်စားမှုများ လွယ်လင့်တကူဖြစ်ပေါ်စေနိုင်မည့် အခြေအနေများကိုလည်း ထိရောက်သည့် မဟာဗျူဟာများချမှတ်ကာ တားဆီးကာကွယ်နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်သည်။ သို့မှသာ အစိုးရတစ်ရပ်အနေဖြင့် အဂတိလိုက်စားမှုကင်းစင်သော သန့်ရှင်းသောအစိုးရတစ်ရပ်ကို ပီပီပြင်ပြင် ပုံဖော်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

**သန့်ရှင်းသော အစိုးရဖြစ်စေရေး**

အစိုးရဟူသောစကားရပ်ကို စီးပွားရေး၊ အုပ်ချုပ်ရေး၊ နိုင်ငံရေး၊ လူမှုရေး စသည့်နယ်ပယ်စုံ၊ ကဏ္ဍစုံ၊ ရှုထောင့်စုံမှ အနက်အဓိပ္ပာယ်ဖွင့်ဆိုနိုင်သော်လည်း အမှန်စင်စစ်တွင်မူ "အစိုးရဆိုသည်မှာ အများပြည်သူပိုင် သယံဇာတအရင်းအမြစ်များ၊ ပြည်သူ့ဘဏ္ဍာငွေများကို အများပြည်သူအကျိုးဖြစ်ထွန်းစေရေး စီမံခန့်ခွဲကာ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ရသော အဖွဲ့အစည်းတစ်ရပ်ပင်ဖြစ်သည်။" အများပြည်သူ ဝန်ဆောင်မှုအတွက် ပေးအပ်ထားသော တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အလွဲသုံးစားလုပ်ကာ သယံဇာတအရင်းအမြစ်များ၊ ပြည်သူ့ဘဏ္ဍာငွေများကို မိမိတို့၏အကျိုးစီးပွားအတွက် ဦးတည်အသုံးပြုခြင်းဖြင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ၏ အရည်အသွေးကို ကျဆင်းစေကာ အများပြည်သူ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားဖြစ်စေမည်ဖြစ်သည်။ သန့်ရှင်းသော အစိုးရတစ်ရပ်ဖြစ်လာစေရေး အဓိကလက်ကိုင်ထားရမည့် စံနှုန်းတစ်ရပ်မှာ နိုင်ငံတော်၏ စီမံခန့်ခွဲမှု တာဝန်အရပ်ရပ်ကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်မှုများနှင့် လိုအပ်သော မူဝါဒ၊ လုပ်ထုံးလုပ်နည်းများချမှတ်ခြင်းတို့တွင် နိုင်ငံတော်နှင့် အများပြည်သူအကျိုးစီးပွားအတွက်သာ ဦးတည်ဆောင်ရွက်ရန်ဖြစ်သည်။

> ❖ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်ခံယူလျက် ကောင်းမွန်သောအုပ်ချုပ်ရေးနှင့် သန့်ရှင်းသောအစိုးရတစ်ရပ် ပေါ်ထွန်းလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးသမိုင်းကိုကြည့်ပါက အဂတိလိုက်စားမှုများကို ခေတ်အဆက်ဆက်တွင် အစိုးရအဆက်ဆက်က ကြိုးပမ်းတိုက်ဖျက်ခဲ့သည်။ အဂတိလိုက်စားမှု၏ ဆိုးကျိုးသက်ရောက်မှုများကိုသိသဖြင့် လွတ်လပ်ရေးရပြီး မိမိနိုင်ငံကို မိမိအစိုးရဖြင့် စတင်အုပ်ချုပ်ရန် စီစဉ်ဆောင်ရွက်စဉ် ၁၉၄၈ ခုနှစ်ကတည်းက အဂတိလိုက်စားမှုတားမြစ်ရေးအက်ဥပဒေကိုပြဋ္ဌာန်းကာ ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိနိုင်သည်။ ❖

နိုင်ငံတော်၏ အရင်းအမြစ်များကိုစီမံခန့်ခွဲခြင်းတွင် အများပြည်သူအကျိုးစီးပွားအတွက် ဦးတည်ခြင်းမရှိဘဲ မိမိ သို့မဟုတ် မိမိနှင့်နီးနွယ်ဆက်စပ်သည့်သူများအကျိုးအတွက် ဦးတည်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ အရင်းအမြစ်များ ဆုံးရှုံးရသကဲ့သို့ အများပြည်သူ၏ အခြေခံအခွင့်အရေးများ ဆုံးရှုံးရမည်ဖြစ်သည်။ ပြည်သူများအနေဖြင့် ပညာရေး၊ ကျန်းမာရေး စသည့်အခြေခံအခွင့်အရေးများကိုပင် ရသင့်၊ ရထိုက်သည့် အခြေအနေကို ရရှိခံစားနိုင်ခြင်းမရှိပါက အများပြည်သူက ယုံကြည်လက်ခံသော ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်နှင့် သန့်ရှင်းသော အစိုးရတစ်ရပ်ရှိသည်ဟု ဆိုနိုင်မည်မဟုတ်ပေ။ ထို့ပြင် အစိုးရယန္တရား၏ အစိတ်အပိုင်းများ (Pinion) ဖြစ်သည့် အများပြည်သူဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ရသော ဝန်ထမ်းများအနေဖြင့်လည်း အများပြည်သူဝန်ဆောင်မှုအတွက် ပေးအပ်ထားသော လုပ်ပိုင်ခွင့်များကို အလွဲသုံးစားပြုလုပ်ကာ ကိုယ်ကျိုးစီးပွားဦးတည်သော ပြုမူလုပ်ဆောင်မှုများသည်လည်း အစိုးရယန္တရားလည်ပတ်မှုကို နှောင့်နှေးစေပြီး အစိုးရ၏ပုံရိပ်ကို ထိခိုက်စေကာ အစိုးရအပေါ် အများပြည်သူ၏ ယုံကြည်မှုကို လျော့နည်းကျဆင်းစေသည်။

**သတိပြုသင့်သည့် နိုင်ငံအဆင့်အဂတိလိုက်စားမှု**

နိုင်ငံရေးသြဇာအာဏာရှိသူများက ၎င်းတို့၏ ကိုယ်ကျိုးစီးပွားအတွက် နိုင်ငံတော်အဖွဲ့အစည်းများကို လွှမ်းမိုးချုပ်ကိုင် အသုံးချဆောင်ရွက်ခြင်းနှင့် ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးလုပ်ငန်းစဉ်များကို လွှမ်းမိုးချုပ်ကိုင်၍ တရားမဝင်ပါဝင်ဆောင်ရွက်ခြင်းကဲ့သို့သော နိုင်ငံအဆင့် အဂတိလိုက်စားမှုများရှိနေပါကလည်း သန့်ရှင်းသောအစိုးရတစ်ရပ် ဖြစ်လာနိုင်မည်မဟုတ်ပေ။ နိုင်ငံ၏ ဥပဒေများ၊ မူဝါဒများ၊ စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို ၎င်းတို့လိုအပ်သကဲ့သို့ ပုံဖော်ကာ နိုင်ငံတော်၏ ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များတွင် စနစ်တကျလွှမ်းမိုးချုပ်ကိုင်ပါဝင်ဆောင်ရွက်ကြခြင်းဖြင့် အများပြည်သူ၏ အကျိုးစီးပွားများ ထိခိုက်နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်လာနိုင်သည်။

အများပြည်သူ အကျိုးစီးပွားကို ဦးတည်ခြင်းမရှိသော၊ အများပြည်သူ၏လိုအင်ဆန္ဒများကို ဖြည့်ဆည်းပေးနိုင်ခြင်းမရှိသော အဂတိလိုက်စားမှုများ ပြည့်နှက်နေသော အစိုးရတစ်ရပ်ကို သန့်ရှင်းသော အစိုးရဟု ကင်ပွန်းတပ်နိုင်မည်မဟုတ်ပေ။ အဂတိလိုက်စားမှုများကင်းစင်သော သန့်ရှင်းသောအစိုးရ မဟုတ်ပါက အများပြည်သူက ယုံကြည်လက်ခံနိုင်မည်မဟုတ်ပေ။ နိုင်ငံတစ်နိုင်ငံအနေဖြင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဦးတည်သော ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း အဂတိလိုက်စားမှုများရှိနေပြီး အဆိုပါ အဂတိလိုက်စားမှုများကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ခြင်းမရှိပါက ပြည်သူလူထု၏ယုံကြည်မှုကို အခြေခံတည်ဆောက်ရသော ကောင်းမွန်သည့်အုပ်ချုပ်ရေးကို ပုံဖော်နိုင်ခြင်းမရှိသဖြင့် သန့်ရှင်းသောအစိုးရတစ်ရပ်လည်း ဖြစ်လာနိုင်မည်မဟုတ်ပေ။

**ပူးပေါင်းတိုက်ဖျက်ကြပါစို့**

မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်ခံယူလျက် ကောင်းမွန်သောအုပ်ချုပ်ရေးနှင့် သန့်ရှင်းသော အစိုးရတစ်ရပ် ပေါ်ထွန်းလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးသမိုင်းကိုကြည့်ပါက အဂတိလိုက်စားမှုများကို ခေတ်အဆက်ဆက်တွင် အစိုးရအဆက်ဆက်က ကြိုးပမ်းတိုက်ဖျက်ခဲ့သည်။ အဂတိလိုက်စားမှု၏ ဆိုးကျိုးသက်ရောက်မှုများကိုသိသဖြင့် လွတ်လပ်ရေးရပြီး မိမိနိုင်ငံကို မိမိအစိုးရဖြင့် စတင်အုပ်ချုပ်ရန် စီစဉ်ဆောင်ရွက်စဉ် ၁၉၄၈ ခုနှစ်ကတည်းက အဂတိလိုက်စားမှုတားမြစ်ရေးအက်ဥပဒေကို ပြဋ္ဌာန်းကာ ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိနိုင်သည်။

ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်နှင့် သန့်ရှင်းသော အစိုးရတစ်ရပ်ကို ပုံဖော်ရာတွင် အဟန့်အတားဖြစ်စေသည့် အဂတိလိုက်စားမှုကို တွန်းလှန်တိုက်ဖျက်နိုင်ရေးအတွက် နိုင်ငံတိုင်းက ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာနိုင်ငံများရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအေဂျင်စီများကသာ ဆောင်ရွက်၍ အောင်မြင်နိုင်သည်မဟုတ်ဘဲ အစိုးရဌာနအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ မီဒီယာများ၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးအဖွဲ့အစည်းများ စသည်ဖြင့် အဖွဲ့အစည်းပေါင်းစုံက ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်သည်။

ခေတ်စနစ်နှင့် နိုင်ငံအုပ်ချုပ်ရေးစနစ်တို့ မည်သို့ပင် ပြောင်းလဲခဲ့စေကာမူ တာဝန်ယူခဲ့သည့် ကော်မရှင်အဆက်ဆက်က သန့်ရှင်းသောအစိုးရတစ်ရပ်ကို ပုံဖော်နိုင်ရေးအတွက် အနှောင့်အယှက်ဖြစ်စေသည့် အဂတိလိုက်စားမှုများကို ပြဋ္ဌာန်းဥပဒေနှင့်အညီ တိုက်ဖျက်ဆောင်ရွက်ခဲ့သည်။ သို့ရာတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆောင်ရွက်ရာ၌ အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနှင့် အရပ်ဘက်အဖွဲ့အစည်းများအပါအဝင် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်သဖြင့် ပြည်သူတစ်ရပ်လုံးအနေဖြင့် ကော်မရှင်နှင့်လက်တွဲကာ သန့်ရှင်းသောအစိုးရဖြစ်စေရန် အဂတိလိုက်စားမှုများကို ပူးပေါင်းပါဝင်တိုက်ဖျက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

- Wikipedia
- **ရာဇသတ်ကြီး**
- https://www.transparency.org.en/
- https://www.accm.gov.mm
- **အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ**

# မိုးညှင်းမြို့နယ်၌ လူသုံးကုန်ပစ္စည်းထုတ်လုပ်နည်းသင်တန်းဆင်း

**မိုးညှင်း မေ ၂၄**

သာယာဝတီခရိုင် မိုးညှင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ တက်ဆွဲကျေးရွာအုပ်စု ကျီးပင်စုကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ပစ္စည်းထုတ်လုပ်နည်း သင်တန်းဆင်းပွဲကို မေ ၂၃ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာစာသင်ကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းခိုင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မိုးညှင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသော်ဇင်ဦးက ၄က်ပျောပင်မှထွက်ရှိလာသောပစ္စည်းဖြင့် လူသုံးကုန်ပစ္စည်း ထုတ်လုပ်နည်းသင်တန်းပို့ချဖွင့်လှစ်သင်ကြားပေးပြီးဖြစ်သည့်အတွက် အကျိုးရှိစွာအသုံးချ၍ မိသားစုဝင်ငွေတိုးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းခိုင်နှင့် တာဝန်ရှိသူများက သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များပေးအပ်သည်။

အဆိုပါ သင်တန်းကို ကျီးပင်စုကျေးရွာမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၂၅ ဦး တက်ရောက်ကြပြီး သင်တန်းတွင် သင်တန်းနည်းပြများက ဖိနပ်ချုပ်နည်းအမျိုးမျိုး၊ ဦးထုပ်ချုပ်နည်းအမျိုးမျိုး၊ အိတ်ချုပ်နည်းအမျိုးမျိုးနှင့် ပတ်သက်သည့် သင်ခန်းစာဘာသာရပ်များကို မေ



၁၄ ရက်မှ ၂၃ ရက်ထိ စာတွေ့၊လက်တွေ့ ဦးစီးမှူး ဒေါ်သန်းသန်းခိုင်က ပြောပြ၍ အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း မြို့နယ် သိရသည်။

**အေးမြတ်**

# အမျိုးသမီးများ၏ အခွင့်အရေးနှင့် ဂုဏ်သိက္ခာကာကွယ်ပေးသည့်ဥပဒေများ(၄)

ရွှေနေ-ဦးဝင်းကြည်(စဉ့်ကိုင်)

လူဆိုသည်မှာ ပတ်ဝန်းကျင်အပေါင်းအသင်း အဖွဲ့အစည်းနှင့်အတူ ယှဉ်တွဲနေထိုင်ကြသူများဖြစ်သည်။ တစ်ဦးတည်း၊ တစ်ကိုယ်တည်းနေထိုင်၍မရပေ။ အပေါင်းအသင်းများ၊ အဖွဲ့အစည်းများနှင့်အတူ ယှဉ်တွဲပေါင်းသင်းနေထိုင်ခြင်းဖြင့် ကောင်းကျိုးချမ်းသာစံစားရသည်များရှိသကဲ့သို့ ဆိုးကျိုးများလည်း ခံစားရပေသည်။ ကောင်းသောအကျင့်စရိုက်ရှိသူများနှင့်ပေါင်းသင်းသူသည် ကောင်းကျိုးစံစားရသည်။ မကောင်းသောအကျင့်စရိုက်ရှိသူများနှင့် ပေါင်းသင်းမိလျှင် မကောင်းသောဆိုးကျိုးဒုက္ခကို ခံစားရပေမည်။

အမျိုးသား(ယောက်ျား)များသည် အပေါင်းအသင်းခုံမင်သည်ကများသည်။ အပေါင်းအသင်းနှင့်ပတ်သက်၍ လိုအပ်လျှင် ဘာမဆိုလုပ်ရဲကိုင်ရဲရှိကြသည်။ အထူးအားဖြင့် မူးယစ်စေတတ်သော ဆေးဝါး၊ အရက်သေစာစသည်များ သောက်စားထားပါက အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားနိုင်ခြင်းမရှိဘဲ အပေါင်းအသင်းလိုအင်ဆန္ဒပြည့်ဝအောင်ဆောင်ရွက်ပေးတတ်သည်က များပေသည်။ ကောင်းကျိုးလိုအင်ဆန္ဒဖြည့်ပေးပါက မည်သည့်ပြဿနာမျှမဖြစ်နိုင်သော်လည်း ဥပဒေနှင့်မလွတ်ကင်းသောလိုအင်ဆန္ဒကူညီဖြည့်ဆည်းပေးပါက မကောင်းကျိုးခံစားရပေမည်။

အမျိုးသား(ယောက်ျားလေး) တစ်ဦးသည် အမျိုးသမီး(မိန်းကလေး)တစ်ဦးနှင့် ချစ်ကြိုက်နေကြသည်။ မိန်းကလေး၏မိဘများက သဘောမတူပေ။ မိန်းကလေးကလည်း ရည်းစားချစ်သူကို မခွဲနိုင်ဖြစ်နေသည်။ ထိုအခါ မိန်းကလေးက ယောက်ျားလေးကို လာခိုးရန်အချိန်းအချက်ပြုလုပ်လာသည်။ ယောက်ျားလေးက မိန်းမခိုးယူပြီး အဝေးတစ်နေရာသို့ထွက်ပြေးသွားကြသည်။

မိန်းကလေး၏မိဘများက လိုက်လံစုံစမ်းသိရှိသည့်အခါ သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်တိုင်ကြားသည်။ ရဲစခန်းက ယောက်ျားလေးကို ရာဇဝတ်မှုဖွင့်လှစ်စစ်ဆေးသည်။ မိန်းကလေး၏အသက်သည် ၁၆ နှစ်မပြည့်သေးလျှင် ခိုးယူသည့်ယောက်ျားလေးကို ရာဇသတ်ကြီး(ပြစ်မှုဆိုင်ရာဥပဒေ) ပုဒ်မ-၃၆၃ အရ တရားစွဲဆိုသည်။

ရာဇသတ်ကြီး (ပြစ်မှုဆိုင်ရာဥပဒေ) ပုဒ်မ- ၃၆၃ တွင် "မည်သူမဆို တစ်ဦးတစ်ယောက်သောသူအား ပြည်ထောင်စုမြန်မာနိုင်ငံမှ အပသို့ဖြစ်စေ၊ ဥပဒေနှင့်အညီ အုပ်ထိန်းသူထံမှဖြစ်စေ ခိုးယူလျှင် ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်"ဟု ပြဋ္ဌာန်းထားသည်။

အရွယ်မရောက်သေးသူသည် ဥပဒေနှင့်အညီ အုပ်ထိန်းသူ၏ ထိန်းသိမ်းမှုအောက်တွင်ရှိသည်။ ယောက်ျားလေးသည် အရွယ်မရောက်သေးသည့် မိန်းကလေးနှင့်ချိန်းတွေ့ပြီး ထွက်ပြေးကြသည်။ မိန်းကလေးသည် အုပ်ထိန်းသူထံသို့ပြန်လာရန် ရည်ရွယ်ချက်မရှိချေ။ အရွယ်မရောက်သေးသည့် မိန်းကလေးသည် ယောက်ျားလေးနှင့်ချိန်းတွေ့ပြီး အုပ်ထိန်းသူ၏အုပ်ထိန်းမှုအောက်မှ ယောက်ျားလေး၏ပယောဂကြောင့် ခိုးရာလိုက်ပြေးသည်မှာ ထင်ရှားသဖြင့် ရာဇသတ်ကြီး(ပြစ်မှုဆိုင်ရာဥပဒေ)ပုဒ်မ- ၃၆၃ အရ ပြစ်မှုမြောက်ကြောင်း (ပြည်ထောင်စုနှင့် မောင်မိုး(ခ) မောင်သိန်း၊ ၁၉၆၆ ခု မြန်မာပြည်စီရင်ထုံး စာ-၁၂၁၄)အမှုတွင် ဆုံးဖြတ်ထုံးဖွဲ့ထားသည်။

အကယ်၍ အရွယ်မရောက်သေးသူ ဥပဒေနှင့်အညီ အုပ်ထိန်းသူ၏အုပ်ထိန်းမှုအောက်ရှိ မိန်းကလေးနှင့် ယောက်ျားလေးချိန်းတွေ့သည်။ မိန်းကလေးကို မိဘလူကြီးများက သဘောမတူသဖြင့် နှစ်ဦးသဘောတူထွက်ပြေးရန် ပြောဆိုသည်။ ယောက်ျားလေးက မိန်းကလေးနှင့်ချိန်းတွေ့ပြီး နှစ်ဦးသဘောတူထွက်ပြေးရန်(မိန်းမခိုးပြေးရန်)ကိစ္စသည် မိကောင်းဖခင်သားသမီးများ လိုက်နာဆောင်ရွက်သည့်ကိစ္စမဟုတ်သဖြင့် နှစ်ဦးသဘောတူထွက်ပြေးရန် (မိန်းမခိုးပြေးရန်)ငြင်းဆန်လိုက်သည်။ မိန်းကလေးသည် ဒေါသဖြစ်ကာ ယောက်ျားလေးထံမှ ထွက်ခွာသွားသည်။ သို့သော် မိဘအုပ်ထိန်းသူများထံသို့ ပြန်လာရန် ရည်ရွယ်ချက်မရှိသဖြင့် အခြားသောအရပ်တစ်ပါးသို့ ထွက်သွားသည်။ အရွယ်မရောက်သေးသည့် မိန်းကလေးသည် ဥပဒေနှင့်အညီ အုပ်ထိန်းသူ၏ အုပ်ထိန်းမှုအောက်မှ မိန်းကလေးထွက်သွားသည်မှာ ယောက်ျားလေး၏ ပယောဂကြောင့်မဟုတ်ဘဲ ၎င်း၏ဆန္ဒအရထွက်သွားခြင်းဖြစ်သည်။ သို့သော် ယောက်ျားလေးနှင့်ချိန်းတွေ့သည်ကို သိရှိသူရှိသည်။ မိန်းကလေး ထွက်သွားသည့်ကိစ္စတွင် ယောက်ျားလေး၏ပယောဂ လုံးလစိုက်ထုတ်မှုမပါကြောင်း ရှင်းလင်းပြရန် တာဝန်ရှိပေမည်။ တရားစွဲဆိုခံရကာ ဖြေရှင်းရပေမည်။

"ကြိုက်မရှက်၊ ငိုက်မရှက်၊ ငတ်မရှက်" ဆိုရိုးစကားရှိသည်။ အမောင်တကာ့အမောင်တွင် ကိလေသာရာဂသည်အမောင်မိုက်ဆုံးဖြစ်သည်။ ကိလေသာကာမရာဂအမှောင်ဖုံးလွှမ်းလျှင် အမှား၊ အမှန်ကိုဝေဖန်ပိုင်းခြားနိုင်ခြင်းမရှိ၊ အဆိုးနှင့်အကောင်း၊ အကျိုးနှင့်အကြောင်း ဆန်းစစ်နိုင်ခြင်းမရှိသဖြင့် မိမိ၏လိုအင်ဆန္ဒပြည့်ဝရေးအတွက် ဘာမဆိုလုပ်ကိုင်ဆောင်ရွက်ရန် အသင့်ဖြစ်ပေသည်။ ယောက်ျားလေးများသည် မိန်းကလေးများနှင့်ပတ်သက်၍ အမိုက်မှောင်လွှမ်းမိုးသဖြင့် ရလိုမှုတစ်ခုအတွက် အသက်စွန့်ရန်ဝန်မလေးသဖြင့် "မဘက်လိုက် မိုက်ဘက်ပါ"သူများလည်း များစွာရှိသည်။

❖ အချို့သောယောက်ျားလေးများသည် မိန်းကလေးတစ်ဦးကို ရည်းစားစကားပြောခြင်း၊ စာပေးခြင်းများ လက်မခံဘဲငြင်းဆန်ပါက အမျက်ဒေါသထွက်သူများရှိသည်။ ထိုအမျက်ဒေါသနောက်ကွယ်မှ အမိုက်မှောင်လွှမ်းလာပြီး မိန်းကလေး၏သဘောတူဆန္ဒမပါဘဲ ခိုးယူထွက်ပြေးခြင်း၊ မတရားခြိမ်းခြောက်ခေါ်ဆောင်ခြင်းများ ပြုလုပ်ကြသည်။ အမျိုးသမီးကို မတရားကိုယ်ထိလက်ရောက်မှုများ ကျူးလွန်လာကြသည်။ ထိုသို့ အမျိုးသမီးမိန်းကလေးများ၏ ဂုဏ်သိက္ခာကျဆင်းစေရန် ပြစ်မှုကျူးလွန်သူများကို ဥပဒေအရ တရားစွဲဆိုအပြစ်ပေးနိုင်သည်။ ❖

ယောက်ျားလေးတစ်ဦးသည် မိမိကြိုက်နှစ်သက်သောမိန်းကလေးတစ်ဦးကို ရည်းစားစကားပြောခြင်း၊ ရည်စားစာပေးခြင်းများ ပြုလုပ်ကြသည်။ မိန်းကလေးက မနှစ်သက်၍ မချေမငံပြောဆိုလျှင် စကားပြောခြင်း၊ စာပေးခြင်းများမပြုလုပ်ဘဲ အေးဆေးစွာနေတတ်သောယောက်ျားလေးများရှိသည်။

အချို့သောယောက်ျားလေးများသည် မိန်းကလေးတစ်ဦးကို ရည်းစားစကားပြောခြင်း၊ စာပေးခြင်းများ လက်မခံဘဲငြင်းဆန်ပါက အမျက်ဒေါသထွက်သူများရှိသည်။ ထိုအမျက်ဒေါသနောက်ကွယ်မှ အမိုက်မှောင်လွှမ်းလာပြီး မိန်းကလေး၏သဘောတူဆန္ဒမပါဘဲ ခိုးယူထွက်ပြေးခြင်း၊ မတရားခြိမ်းခြောက်ခေါ်ဆောင်ခြင်းများ ပြုလုပ်ကြသည်။ အမျိုးသမီးကို မတရားကိုယ်ထိလက်ရောက်မှုများ ကျူးလွန်လာကြသည်။ ထိုသို့ အမျိုးသမီးမိန်းကလေးများ၏ ဂုဏ်သိက္ခာကျဆင်းစေရန် ပြစ်မှုကျူးလွန်သူများကို ဥပဒေအရ တရားစွဲဆိုအပြစ်ပေးနိုင်သည်။ ထိုသို့ တရားစွဲဆိုအပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားသောဥပဒေများသည် အမျိုးသမီးများ၏အခွင့်အရေးနှင့် ဂုဏ်သိက္ခာကို ကာကွယ်စောင့်ရှောက်ပေးသည့် ဥပဒေများဖြစ်ပေသည်။

ဥပဒေနှင့်အညီအုပ်ထိန်းသူထံမှ လူခိုးယူရာတွင် အခိုးခံရသူ၏ အသက်ကန့်သတ်ချက်ရှိနေသဖြင့် ယောက်ျားလေးဖြစ်က အသက် ၁၄ နှစ်၊ မိန်းကလေးဖြစ်က အသက် ၁၆ နှစ်မပြည့်သေးကြောင်း သက်သေအထောက်အထား ခိုင်ခိုင်လုံလုံတင်ပြရန်လိုသည်။ အသက်နှင့်ပတ်သက်၍ လောကဓာတ်နည်းအရ စစ်ဆေးခဲ့သည့် ဆရာဝန်၏ထွက်ချက်သည် တန်ဖိုးရှိမည်ဖြစ်သည်။ သာမန်အမြင်ဖြင့်ပေးခဲ့သည့် ထင်မြင်ချက်သည် ခိုင်လုံမည်မဟုတ်ပေ။ မိန်းကလေးတစ်ဦး၏ အသက် ၁၆ နှစ်မပြည့်သေးပါဟူသော သက်သေခံအထောက်အထားပြသရန်တာဝန်မှာ တရားလိုအပေါ်တွင်ရှိသည်။

အရွယ်မရောက်သေးသည့် မိန်းကလေးတစ်ဦးက ယောက်ျားလေးအိမ်သို့သွားကာ ၎င်းကိုခေါ်သွား(ခိုးပြေး)ရန်ပြောသည်။ ယောက်ျားလေးက မိန်းကလေးကို ခေါ်သွား(ခိုးပြေး)ခြင်းမပြုလျှင် မိန်းကလေးသည် အုပ်ထိန်းသူအိမ်သို့ပြန်သွားမည် သို့မဟုတ် အခြားတစ်နေရာရာသို့သာသွားမည်ဖြစ်သည်။ မိဘသို့မဟုတ် အုပ်ထိန်းသူများထံမှ အပြီးအပိုင်ထွက်ခွာသွားရန် ရည်ရွယ်ချက်မရှိပေ။ ယောက်ျားလေးက မိန်းကလေး ပြောသည့်အတိုင်း ခေါ်သွား(ခိုးပြေး)လျှင် ယောက်ျားလေးတွင် အပြစ်ရှိသည်။ ယနေ့ခေတ်တွင် လူငယ်များသည် စူးစမ်းလိုသောစိတ်များဖြင့် စိတ်နောက်ကိုယ်ပါလုပ်ကိုင်တတ်သဖြင့် မမှားသင့်သည်များ မှားယွင်းနေကြသည်။ အထူးသတိတရားဖြင့် ဆင်ခြင်စရာဖြစ်သည်။ မိဘအုပ်ထိန်းသူများကလည်း မိမိတို့၏သား၊ သမီးသည် အုပ်ထိန်းခြင်းခံရသူများကို သွန်သင်ဆုံးမလမ်းညွှန်မှုပြုသင့်ပေသည်။ အချို့သောမိဘအုပ်ထိန်းသူများသည် "ယောက်ျားလေးပဲ မိန်းကလေးက သဘောတူပြီး ခိုးပြေးဖို့ပြောလို့ခိုးတာ ဘာမှမဖြစ်ပါဘူး"ဟု လွယ်လွယ်ပြောဆိုတတ်ကြသည်။ မိန်းကလေးကိုယ်တိုင်သဘောတူပြီး ခိုးရာလိုက်လာသည့် မိန်းကလေးသည် အသက်မပြည့်ပါက ယောက်ျားလေးသာ တရားခံဖြစ်ရသည်။ တရားစွဲဆိုအရေးယူခြင်းခံရပါက ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားပေါ်ပေါက်လျှင် ထောင်ဒဏ်အပြစ်ပေးခြင်းခံရပေမည်။ တန်ဖိုးရှိသည့်ဘဝအချိန်ပိုင်းကို တန်ဖိုးရှိစွာအသုံးမပြုနိုင်ဘဲ အချုပ်အနှောင်ခံရမည်ကို သတိထားသင့်ပေသည်။

အသက် ၁၆ နှစ်မပြည့်သေးသောမိန်းကလေးများသည် အုပ်ထိန်းသူများအသိမပေးဘဲ သွားလာမှုများရှိသည်။ အချို့ကား ယောက်ျားလေးအဖော်များကို ခေါ်ဆောင်သွားကြသည်။ ဘုမသိဘမသိနှင့်လိုက်ပါသွားသော ယောက်ျားလေးကို ရာဇသတ်ကြီး(ပြစ်မှုဆိုင်ရာဥပဒေ)ပုဒ်မ- ၃၆၃ အရ တရားစွဲဆိုခြင်းခံရပေလိမ့်မည်။ အသက် ၁၆ နှစ်မပြည့်သေးသော မိန်းကလေးများက မိဘအုပ်ထိန်းသူတို့၏သဘောတူခွင့်ပြုချက်မရှိဘဲ ယောက်ျားလေးများနှင့် သဘောရိုးဖြင့် လိုက်ပါသွားလျှင်လည်း ဥပဒေအရ တရားစွဲဆိုခြင်းခံရပေမည်။

အချို့ အသက် ၁၆ နှစ်မပြည့်သေးသော မိန်းကလေးများသည် အုပ်ထိန်းသူများကို အသိပေးခြင်းမရှိ၊ သဘောတူခွင့်ပြုချက်မရယူဘဲ အသက်အရွယ်အပိုင်းအခြားမရှိသော မိန်းကလေးများနှင့် ဘုရားဖူးသွားခြင်း၊ အပျော်ခရီးထွက်ခြင်းများ ပြုလုပ်သွားလာတတ်သည်။ ထိုသူတို့ကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေဖြင့် ငြိစွန်းမှုရှိ၍ တရားစွဲဆိုအရေးယူခြင်းခံရတတ်သည်။

ရာဇသတ်ကြီး (ပြစ်မှုဆိုင်ရာဥပဒေ)ပုဒ်မ- ၃၆၃ အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ပြစ်မှုကျူးလွန်သူကို ထောင်ဒဏ်ခုနစ်နှစ် အများဆုံးအပြစ်ပေးခြင်းခံရမည်။ ထို့ကြောင့် ထိရောက်သောအပြစ်ဒဏ်ပေးနိုင်ရန်နှင့် လူကုန်ကူးမှုတားဆီးကာကွယ်နိုင်ရန်အတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ်၅/၂၀၀၅ ဖြင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့သည်။

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ- ၂၄ တွင် "မည်သူမဆို အမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်များအား လူကုန်ကူးမှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၁၀ နှစ်မှ အများဆုံး ထောင်ဒဏ်တစ်သက်ထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်" ဟုပြဋ္ဌာန်းထားသည်။

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေတွင် လူကုန်ကူးမှုဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦးသည် အခြားသူတစ်ဦးတစ်ယောက်ကို ထိုသူ၏သဘောတူညီချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ခေါင်းပုံဖြတ်ခြင်းပြုရန်အလို့ငှာ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ပြုလုပ်ပြီး လူများကို သိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ငှားယူခြင်း၊ ခိုလှုံခွင့်ပေးခြင်း သို့မဟုတ် လက်ခံခြင်းကိုဆိုသည်။

(၁) ခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်း သို့မဟုတ် အခြားနည်းဖြင့်အနိုင်အထက်ပြုခြင်း၊
(၂) သွေးဆောင်ခေါ်ယူခြင်း၊
(၃) လိမ်လည်ခြင်း၊
(၄) လှည့်ဖြားခြင်း၊
(၅) အခွင့်အာဏာကို အလွဲသုံးစားပြုလုပ်ခြင်း သို့မဟုတ် ဘဝရပ်တည်ရန်ခက်ခဲနေသော အခြေအနေကို အလွဲသုံးစားပြုလုပ်ခြင်း၊
(၆) တစ်ဦးတစ်ယောက်အပေါ် ချုပ်ကိုင်နိုင်သောသူ၏ သဘောတူညီချက်ရရှိရန် ငွေကြေး သို့မဟုတ် အကျိုးအမြတ်ကိုပေးခြင်း သို့မဟုတ် လက်ခံရယူခြင်းတို့ဖြစ်သည်။

ဥပဒေနှင့်အညီ အုပ်ထိန်းသူ၏ထိန်းသိမ်းမှုအောက်ရှိ အရွယ်မရောက်သေးသူအမျိုးသမီး၏ သဘောတူချက်အရ သမီးရည်းစားချိန်းတွေ့ပြီး မိန်းကလေးက ခိုးရာလိုက်ပြေးလျှင် ရာဇသတ်ကြီး (ပြစ်မှုဆိုင်ရာဥပဒေ)ပုဒ်မ-၃၆၃ အရ တရားစွဲဆိုအပြစ်ပေးသော်လည်း ပြစ်ဒဏ်သည် ထောင်ဒဏ်ခုနစ်နှစ်သာရှိသဖြင့် ပြစ်မှုနှင့် ပြစ်ဒဏ်မျှတမှုမရှိ။ ပြစ်ဒဏ်နည်းပါးသည်ဟု ဝေဖန်သုံးသပ်မှုများရှိသည်။ ထို့ကြောင့် အသက်အရွယ်အပိုင်းအခြားမရှိ မိန်းကလေး၏ သဘောတူချက်အရဖြစ်စေ၊ သဘောမတူဘဲဖြစ်စေ အမျိုးသမီးတစ်ဦးကို ဖြားယောင်းသွေးဆောင်ခြိမ်းခြောက်ခြင်း စသည့်နည်းလမ်းများဖြင့် ပြုလုပ်ဆောင်ရွက်လျှင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရ တရားစွဲဆိုအပြစ်ပေးခြင်းခံရမည်ဖြစ်ကြောင်း အမျိုးသား၊ အမျိုးသမီးများ၏အခွင့်အရေးနှင့် ဂုဏ်သိက္ခာကာကွယ်ပေးသည့်ဥပဒေများထဲမှ ဥပဒေအချို့သိရှိစေရန်၊ ကာကွယ်စောင့်ရှောက်ရှောင်ကြဉ်စေရန် စေတနာရှေ့ထားရေးသားတင်ပြအပ်ပါသည်။

# တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
# အင်ဂျင်နီယာသင်တန်းသားများ
# အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ် ၆ လထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ (လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့် ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၂၅-၄-၂၀၁၃** ရက်နေ့မှစတင်၍ **၂၄-၆-၂၀၁၃** ရက်နေ့ထိ နောက်ဆုံးထားလျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့မှ ၂၄ ရက်နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **ဇွန်လ ၂၉ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်**ဖြစ်သည်။

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၁၃ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၁၃ ခုနှစ်၊ ဇူလိုင် ၁၅ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက် သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုနှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့တို့တွင် **ပညာသည်အကြပ်ကြီး**အဖြစ် ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ ဆက်လက်တိုးမြှင့်ပေးရေးအတွက် ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့် အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှ လျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**Myanmar Mobile Money(MMM)** မှ လက်ရှိရယူနိုင်သောဝန်ဆောင်မှုများအပြင်
**Digital Mobile Money-DMM(App)** ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများကိုထပ်မံရယူနိုင်ပါပြီ။

ပြည်တွင်း/ပြည်ပမှ ပြည်တွင်းငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း၊လျှပ်စစ်မီတာခများ ပေးဆောင်ခြင်း၊
မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း
e-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊နစ်အတွင်း ကာလတိုချေးငွေလျှောက်ထားခြင်း၊ ဒီဂျစ်တယ်လူမှုဘဝဆိုင်ရာ ဝန်ဆောင်မှုများပေးခြင်း

**အငြိမ်းစား** လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက် **Customs Duty** များပေးဆောင်ရာတွင် **MMM Service** အသုံးပြု၍ လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။

ဘဏ်ကိုသွားစရာမလို
မိုဘိုင်းမန်းနီးဖြင့်
ပင်စင်ထုတ်လို့ရပြီ။

ရုံးချုပ် -အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၃၀၀၀ ၁၅၂၀၊ ၀၉ ၃၀၀၀၁၅၂၀
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း-၀၉ ၃၀၀၀ ၁၅၃၆
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း-၀၉ ၃၀၀၀ ၁၅၃၄






**ထာဝရလှပသော အပြုံးအတွက်**

Fluoride ပါဝင်သောကြောင့် သွားများကို ပြုပွေးတောက်ပစေပါသည်။
သွားဆရာဝန်များ၏ထောက်ခံချက်ရရှိထားပါသည်။

# DENTOMEC

FDA အမှတ်-1907 PC 0040

ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၀၆၀၀၈၈
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၀၉၀၇၇





### ဖခင်အမည်မှန်

ကျောက်ဆည်မြို့နယ်၊ ကျောက်ဆောက်ကုန်း အ. ထ. က၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၊ Grade-9 (အောင်)မှ မနှင်းအိစံ ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးအောင်ရှမ်း (၉/တတဥ(နိုင်)၁၀၆၈၀၄) ဖြစ်ပါကြောင်း။ **ဦးအောင်ရှမ်း(၉/ တတဥ(နိုင်)၁၀၆၈၀၄)**

### ပျောက်ဆုံးကြောင်း

မန္တလေး၊ ၅၈×၅၉ ကြား၊ ၃၆ (A) လမ်းကြားနေ ဒေါ်ချိန်ကျိန်လီ (ဘ) ဦးချိန်အိုင်မြင့် (၁၃/ကခန(နိုင်)၀၃၄၇၁၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(MC-913741)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၂၅၀၀၁၂၇၀၈**

**ဥတုရာသီ တောကိုမှီ**

### ပျောက်ဆုံးကြောင်း

ပြင်ဦးလွင်မြို့၊ သုံးတောင်ရွာနေ မောင်သိန်းဟန်ထွန်း (ဘ) ဦးလျှိုဆီချိန် (၁၃/ကခန(နိုင်)၁၀၁၀၅၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(MD-390873)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၇၈၇၅၇၅၈၅၁**

### ပျောက်ဆုံးကြောင်း

နွားထိုးကြီးမြို့နေ မောင်စံလင်း (ဘ) ဦးအောင်မြင့်စိန် (၉/နထက(နိုင်)၂၀၈၇၆၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(MD-174370)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၂၅၄၀၀၀၇၅၁**

### ပျောက်ဆုံးကြောင်း

ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်၊ အကွက်(၇၈၁)နေ မမြင့်မြတ်သူ (ဘ) ဦးမြင့်သူ (၉/ခအဇ(နိုင်)၀၇၂၃၄၄)၏ နိုင်ငံကူးလက်မှတ်အမှတ် (M-912760)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၄၄၄၀၂၂၂၂၂**

### ပျောက်ဆုံးကြောင်း

ရွှေကျောင်းမြို့နေ အိမ္မန်အောင် (ဘ) ဦးဌေးအောင် (၁၄/ဇရက(နိုင်)၀၁၆၁၄၅)၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-121679)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၄၂၄၆၂၂၈၀၂**

### ပျောက်ဆုံးကြောင်း

မြောင်းမြမြို့နေ ဒေါ်ပပငြိမ်း (ဘ) ဦးအုန်းမြင့် (၁၄/မမန(နိုင်)၂၂၂၇၉၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (MA-800320)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၆၉၀၇၀၁၂၀၆**

### ပျောက်ဆုံးကြောင်း

မအူပင်မြို့နေ မလင်းလဲ့နိုင် (ဘ) ဦးမြအေး (၁၄/မအပ(နိုင်)၃၈၀၆၂၀)၏ နိုင်ငံကူးလက်မှတ်အမှတ် (MG-168004)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၇၆၄၅၀၁၃၅၃**

### ပျောက်ဆုံးကြောင်း

ဒေးဒရဲမြို့နေ မမေရီဝင်း (ဘ) ဦးမြင့်ရွှေ (၁၄/ဒဒရ(နိုင်)၂၄၀၀၈၉)၏ နိုင်ငံကူးလက်မှတ်အမှတ် (ME-998633)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၆၆၈၃၁၈၈၂၂**

### ပျောက်ဆုံးကြောင်း

ဟင်္သာတမြို့နေ ဇင်ကိုမင်း (ဘ) ဦးစိန်လှဝင်း (၁၄/ဟသတ(နိုင်)၃၅၃၀၀၀)၏ နိုင်ငံကူးလက်မှတ်အမှတ် (ME-455689)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၇၆၀၈၆၈၂၁**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

**စာပေ မြင့်မှ လူမျိုး တင့်မည်**

## မြို့နယ်အလိုက် အခြေခံစားသောက်ကုန်စည်ဈေးနှုန်းများ

၂၄-၅-၂၀၂၃

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ပေါ်ဆန်း | ဧည့်မထ | ငစိန် | ပဲဆီ | ရှောက်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ | အာလူး | ကြက် | ဝက် | ငါးမြစ်ချင်း | အသားပဲခြောက် | ကြက်ဥ တစ်လုံး | ဘဲဥ တစ်လုံး |
| ၁ | နေပြည်တော် | ၅၃၀၀ | ၃၅၀၀ | ၂၀၀၀ | ၁၂၉၀၀ | ၁၃၀၀၀ | ၂၂၀၀ | ၆၀၀၀-၆၉၀၀ | ၁၁၀၀ | ၈၂၀၀ | ၁၄၀၀၀-၁၅၄၀၀ | ၉၇၀၀ | ၁၆၀၀၀-၁၉၀၀၀ | ၂၅၀ | ၃၀၀ |
| ၂ | ရန်ကုန် | ၅၀၀၀ | ၃၅၀၀ | ၃၂၀၀ | ၉၀၀၀-၁၃၀၀၀ | ၁၀၀၀၀-၁၅၀၀၀ | ၁၅၀၀-၂၆၀၀ | ၆၅၀၀-၉၀၀၀ | ၁၅၀၀-၂၀၀၀ | ၁၄၀၀၀ | ၁၃၀၀၀-၁၆၀၀၀ | ၈၀၀၀-၉၅၀၀ | ၂၀၀၀၀-၂၃၀၀၀ | ၂၀၀-၂၅၀ | ၂၅၀-၃၀၀ |
| ၃ | မန္တလေး | ၄၈၀၀ | ၃၂၀၀ | - | ၁၃၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | ၂၆၀၀ | ၇၂၀၀-၇၅၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | - | ၁၁၀၀၀-၁၃၀၀၀ | ၂၇၀ | ၃၂၀ |
| ၄ | ပုသိမ် | ၃၆၅၀ | ၂၇၅၀ | - | ၁၃၀၀၀-၁၅၀၀၀ | ၁၃၀၀၀-၁၈၀၀၀ | ၂၃၀၀ | ၅၀၀၀-၆၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | ၈၀၀၀ | ၂၀၀၀၀-၂၃၀၀၀ | ၂၈၀ | ၃၄၀ |
| ၅ | ကျိုင်းတုံ | ၅၃၀၀ | ၄၃၀၀ | ၃၀၀၀ | ၁၄၀၀၀-၁၆၀၀၀ | ၁၇၀၀၀-၁၈၀၀၀ | ၃၅၀၀-၄၅၀၀ | ၄၀၀၀-၅၅၀၀ | ၃၀၀၀ | ၁၀၀၀၀ | ၁၉၀၀၀-၂၀၀၀၀ | - | ၂၀၀၀၀-၂၅၀၀၀ | ၂၈၀ | ၃၅၀ |
| ၆ | မြိတ် | ၄၀၀၀ | ၂၉၅၀ | ၂၄၅၀ | ၁၆၀၀၀-၁၇၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | ၃၀၀၀ | ၈၀၀၀-၉၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၉၀၀၀-၂၀၀၀၀ | ၁၃၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | ၃၀၀ | ၃၅၀ |
| ၇ | နိုလမ် | ၅၀၀၀ | - | - | ၁၃၅၀၀-၁၅၀၀၀ | ၁၈၀၀၀-၂၀၀၀၀ | ၃၀၀၀ | ၉၀၀၀-၁၀၀၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | ၁၃၀၀၀ | ၂၈၀၀၀-၂၉၀၀၀ | ၂၅၀ | ၃၅၀ |

မှတ်ချက်။ ။အထက်ပါဈေးနှုန်းများသည် အချိန်နှင့်အမျှပြောင်းလဲနိုင်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ စိုက်ပျိုးရေးလုပ်ငန်းတွင် မျိုးမြေရေနည်းဟူ၍ ရှိပြီး မျိုးကောင်းမျိုးသန့်ရရှိရန်၊ မြေကိုနည်းစနစ်တကျ ပြုပြင်အသုံးပြုရန်၊ စိုက်ပျိုးရေဖူလုံစွာရရှိရန်၊ မှန်ကန်သည့် စိုက်နည်းစနစ်ရှိရန်နှင့် သွင်းအားစုများကို မှန်မှန်ကန်ကန်ဖြင့် ထည့်သွင်းအသုံးပြုရန် လိုအပ်မည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် ပြုလုပ်သော စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးမှုမှ ကောက်နုတ်ချက်)**

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံမှုများ ဆက်လက်လက်ခံ



ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းအပ်နှံကြစဉ်။

**နေပြည်တော် မေ ၂၄**

၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများကို ဇွန် ၁ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ကျောင်းအပ်နှံမှုသီတင်းပတ်အဖြစ် မေ ၂၃ ရက်မှ မေ ၃၁ ရက်ထိ သတ်မှတ်၍ ကျောင်းသား၊ကျောင်းသူများကို ကျောင်းအပ်နှံမှုလက်ခံခြင်းများအား ဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းအသီးသီး၌ ကျောင်းအပ်လက်ခံခြင်းများကို မေ ၂၃ ရက် နံနက်ပိုင်းမှ စတင်ဆောင်ရွက်လျက်ရှိပြီး ယနေ့တွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ အခြေခံပညာကျောင်းများအလိုက် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှုတာဝန်ခံများနှင့် ဆရာ၊ဆရာမများက **စာမျက်နှာ ၂၀ ကော်လံ ၄** ☆

**ရခိုင်ပြည်နယ်အတွင်းရှိ သဘာဝဘေးဒဏ်သင့် ပြည်သူများအတွက် ကူညီကယ်ဆယ်ရေး ပစ္စည်းများနှင့် စားသောက်ဖွယ်ရာ ပစ္စည်းများကို တပ်မတော်(ရေ)မှ ရေယာဉ်များဖြင့် ဆက်လက်ပို့ဆောင်** စာမျက်နှာ - ၂၁

**ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ် (၁/၂၀၂၃)မှ သင်တန်းသား၊ သင်တန်းသူများ ရန်ကုန်မြို့ရှိ မြန်မာ့ကုန်သွယ်ရေး ... နည်းပညာသင်တန်း...** 

**မြန်ကုန်ကြီးဈေး နည်းပညာသတင်း အချက်အလက်စင်တာနှင့် မော်ဘီလေတပ်စခန်းသို့ သွားရောက်လေ့လာ** စာမျက်နှာ - ၁၇

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လုသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


OKKAN SUGAR MILL

ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး

FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la







Phone; 09973037364(Office), 09971922346(Mill)

မြန်မာပြည်တွင်ထုတ်လုပ်သည်

သကြားဖြူ White Sugar